www.burmeseclassic.com

# ဝက္ကာဒေအာင်

ကောက်ဥဒါဝမ်းရှုတောင်း

သံမဏိမျက်နှာ

မားကာလျှာ

စ-ဆုံး



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး။ (ရွှက်စိမ်းစာပေ)
အမှတ် ၄၃(အေ)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁)

## သန်းခေါင်ယံ မိုးသည်းည

ညဉ့်နက်သန်းခေါင်ယံအချိန်။

လေပြင်းများ တဝေါဝေါတိုက်ခတ်နေ၏။

လေပြင်းများနှင့်အတူ မိုးစက်မိုးပေါက်များကပါ တဝုန်းဝုန်း ကြွေဆင်းလာကြသည်။

"ဂျိမ်း"

မိုးချုန်းသံ တခြိမ်းခြိမ်း ထွက်ပေါ်လာ၏။

လျှပ်စီးများ ဝင်းခနဲ လက်ခနဲ ထွက်ပေါ်လာ၏။

မှောင်မိုက်သော ဝန်းကျင်သည် လျှပ်စီးရောင်များကြောင့် အနိုက်အတန့်အားဖြင့် လင်းခနဲဖြစ်သွားသည်။

သို့သော် ...

www.burmeseclassic.com

ချက်ချင်းပင် ပတ်ဝန်းကျင်တစ်ခုလုံး ဘာဖြစ်နေသည်ကို မမြင်ရတော့ပါ။

ယင်းအခိုက် ...

မိုးသံလေသံ တဝေါဝေါကြားမှ လျှပ်စီးတစ်ချက် ဝင်းလက်သွားပြန်၏။ ဝန်းကျင်တစ်ခုလုံး ဖျတ်ခနဲလင်းသွားပြန်သည်။

ထိုအခါ ...

လမ်းမကြီးအတိုင်း မြင်းတစ်ကောင် ဒုန်းစိုင်းပြေးလာနေသည်ကို တွေ့ရပေသည်။

မြင်း၏ကျောပေါ်တွင် လူတစ်ယောက် မှောက်လျက်လိုက်ပါလာသည်။

မျက်နှာမှာ မြင်း၏လည်ပင်းနှင့် အပ်ထားသဖြင့် သူ၏မျက်နှာကို မတွေ့ရပါ။

ထိုလူသည် အဘယ်ကြောင့် မြင်းပေါ်၌ မှောက်လျက်လိုက်ပါလာရပါသနည်း။

အရက်အလွန်အကျွံသောက်ထား၍ မူးနေခြင်း ဟုတ်ဟန်မတူပါ။



သဲသဲမဲမဲ ရွာနေသော မိုးစက်မိုးပေါက်ဒဏ်ကို မခံနိုင်၍ မှောက်လျက် လိုက်ပါခြင်း ဟုတ်ဟန်မတူပါ။

"ဂွမ်း"

မိုးခြိမ်းသံများ အဆက်မပြတ် ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက် လင်းထိန်သွားသည်။

လျှပ်စီးရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ရှင်းလင်းသဲကွဲစွာ မြင်တွေ့ရသည်။

မြင်းပေါ်၌ မှောက်လျက် လိုက်ပါလာသောသူသည် မိုးစက်မိုးပေါက်ကြောင့်မဟုတ်။

အရက်အလွန်အကျွံ သောက်ထား၍လည်း မဟုတ်ပါ။ မြင်းပေါ် မှောက်လျက် လိုက်ပါလာခြင်းမှာ ဓားဒဏ်ရာရရှိထားသောကြောင့်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း ပေါ်လွင်လာသည်။

ဓားဒဏ်ရာမှာ တစ်ထွာသာသာခန့်ရှည်သည်။

ကြက်ခြေခတ် ပုံသဏ္ဌာန်ဖြစ်နေသည်။

သွေးများသည် တစိမ့်စိမ့်စီးဆင်းကျလာပြီး မိုးရေနှင့်အတူ မြေပေါ်သို့ ကျဆင်းသွားသည်။

www.burmeseclassic.com



ယခု သူသည် အသက်ရှင်လျက် ရှိပါသေး၏လော။

သို့မဟုတ် သေဆုံးသွားလေပြီလော။

မည်သူကမျှ မသိနိုင်ပါ။

မြင်းသည် သူ့သခင်ဘေး၌ ရပ်နေ၏။

သူ့သခင် အသက်ရှင်နေသေးသလော။

သို့မဟုတ် သေဆုံးသွားပြီလောဟု ...

အကဲခတ်နေဟန်ရှိ၏။

မည်သို့ဆိုစေ ထိုမြင်းသည် အလွန်လိမ္မာသော မြင်းတစ်ကောင်ဖြစ်သည်ဟု ဆိုရပေမည်။

အကြောင်းမှာ သူသည် ဒဏ်ရာပြင်းထန်စွာ ရရှိထားသော သူ့သခင်က အသက်ရှင်နိုင်ရေးအတွက် ခြံဝင်းတစ်ခုရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် သယ်ဆောင်လာနိုင်ခဲ့သည် မဟုတ်ပါလေ။

❑❑❑



အခန်း (၂)

ဒဏ်ရာနှင့်လူ

ချမ်းမြေ့ဂေဟာ ...

အမည်နာမကိုကြည့်၍ ကြီးကျယ်ခမ်းနားသော အဆောက်အအုံဟု ထင်လျှင် မှားပေလိမ့်မည်။

သစ်များဖြင့် တည်ဆောက်ထားသော အဆောက်အအုံတစ်ခုမျှသာ ဖြစ်ပါသည်။

အိမ်တစ်ခုလုံးလည်း ပြင်ဆင်မွမ်းမံခြင်း မရှိသောကြောင့် ဟောင်းနွမ်းနေသည်။

သို့သော် ...

ခြံဝင်းက အလွန်ကျယ်သည်။

ဤခြံဝင်းသည် ... လယ်သမားတစ်ယောက်၏ ခြံဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ခြံဝင်းထဲ စုပြုံထားသော ကောက်ရိုးများ၊ လယ်သမား သုံး ထွန်းခြစ်၊ ပေါက်တူး၊ ပေါက်ပြား စသည့်ပစ္စည်းများ စုပုံထား သည်ကို မြင်တွေ့ရခြင်းအားဖြင့် သိသာနိုင်ပေသည်။

ခြံဝင်းတစ်ခုလုံး မှောင်မည်းနေ၏။

မိုးမလင်းမီ တခဏအချိန်သည် တစ်ညတာလုံး၏အမှောင် ဆုံးအချိန်ဖြစ်သည် မဟုတ်ပါလော။

❑

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ နေရောင်ခြည်နုနုထွေးထွေး စတင်ထွက်ပေါ်လာသည်။

တစ်ခဏအကြာတွင် အလင်းရောင် ကမ္ဘာမြေတစ်ခုလုံး အား လုပစွာ အလင်းရောင်ဖြန့်ပေးလိုက်သည်။

အိမ်တံခါး ပွင့်သွားသည်။

ဆယ်ကျော်သက်အရွယ်မိန်းကလေးတစ်ယောက်သည် ကြက်စာများထည့်ထားသော ဗန်းကိုကိုင်ကာ ထွက်လာသည်။



ထို့နောက် ...

အိမ်နံဘေးရှိ ကြက်ခြံရှိရာသို့ လျှောက်သွားပြီး ကြက်ခြံတံ ခါး ဖွင့်ပေးလိုက်သည်။

တကွပ်ကွပ်အော်သံပြုပြီး တောင်ပံတဖျပ်ဖျပ် ခတ်နေ သော ကြက်များသည် တိုးဝှေ့ထွက်လာကြကုန်၏။

မိန်းကလေးက အိမ်ရှေ့ရှိ မြေကွက်လပ်ပေါ်တွင် ကြက်စာ များ ဖြန့်ကြဲလိုက်သည်။

ကြက်များ တစ်ကောင်နှင့်တစ်ကောင် လုယက်စားသောက် နေကြ၏။

မိန်းကလေးသည် ကြက်စာကျွေးပြီးနောက် ကောက်ရိုးပုံမှ ကောက်ရိုးများကို ယူ၍ နွားတင်းကုပ်ထဲမှ နွားများကို ကျွေးရပြန် လေသည်။

သူမသည် နွားသောက်ရန် သောက်ရေကိုထည့်ပြီးနောက် ပြန်လည်ထွက်လာသည်။

ထို့နောက် သော့ခတ်ထားသော ခြံဝင်းကို သော့ဖွင့်သည်။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်၏ဟီသံ ကြားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သည်။

"ဟောတော့ … မြင်းတစ်ကောင်ပါလား"

တအံ့တသြရေရွတ်ရင်း ခြံတံခါး ဖွင့်လိုက်သည်။

"ဘယ်သူ့မြင်းများ ဒီကိုရောက်လာပါလိမ့်"

မိန်းကလေးသည် တွေးရင်း …

မြင်းရှိရာသို့ လျှောက်သွားသည်။

မြင်းရပ်နေသောနေရာနှင့် တစ်လံခန့်အကွာသို့ ရောက်ရှိလာမိသောအခါ …

မိန်းကလေးသည် ထိတ်လန့်တကြား ဖြစ်သွားပြီး …

"အား"

ဟု အော်မိလေသည်။

ရွှံ့ဗွက်ထဲ ပက်လက်လန် လဲကျနေသော လူငယ်အား တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘိုးဘိုးကို အမြန်သွားပြောမှပဲ"

မိန်းကလေးသည် စိတ်ထဲမှ ရေရွတ်ပြီး ဘွားခနဲလှည့်ကာ



ပြေးထွက်သွားလေသည်။

❑

မိန်းကလေးတစ်ယောက် အိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်လာသည်။ နှုတ်မှလည်း …

"ဘိုးဘိုး … ဘိုးဘိုး"

ဟု အော်ခေါ်၏။

အခန်းတံခါး ချက်ချင်းပွင့်သွားပြီး …

အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်က ထိတ်ထိတ်ပျာပျာ ပြေးလာသော မိန်းကလေးအား …

"ဟဲ့ … သမီး ဘာဖြစ်လာတာလဲ"

ဟု လှမ်းမေးလိုက်သည်။

မိန်းကလေးက သူမရင်ဘတ်ကို လက်ဝါးဖြင့် ဖိ၍ မောဟိုက်စွာဖြင့် …

"ခြံ … ခြံ … ခြံရှေ့မှာ လူတစ်ယောက်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို မျက်မှောင်ကုတ်သွားသည်။

ခြံရှေ့မှာ လူတစ်ယောက် ဘာဖြစ်သလဲ”

မိန်းကလေးက ...

“ရွှံ့ဗွက်ထဲမှာ လဲကျနေတယ်”

အဘိုးအိုက ...

“လူကြီးလား၊ လူငယ်လား”

“လူငယ်”

အဘိုးအို မျက်နှာရှုံ့မဲ့သွားသည်။

“လူငယ်ဆိုရင် သူ့ဘာသာသူ ထ,မှာပေါ့၊ ဘာဖြစ်လို့ ဒီလောက် အော်နေရတာလဲ”

မိန်းကလေးက ...

ခေါင်းခါရင်း ...

“သူ့ဘာသာ သူ မထနိုင်ဘူး”

အဘိုးအို မျက်မှောင်ကုတ်သွားသည်။

“ဘာဖြစ်လို့လဲ၊ ခြေထောက်ကျိုးသွားလို့လား”

မိန်းကလေးက ခေါင်းခါယမ်းလိုက်ပြန်သည်။



“မဟုတ်ဘူး၊ မလှုပ်မယှက်နဲ့ သေသလား၊ ရှင်သလား မသိလို့ပါ”

အဘိုးအို ဘာမျှမပြောတော့ပါ။

အိမ်ဖော်နှစ်ယောက်ကိုသာ လှမ်းခေါ်လိုက်လေတော့၏။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## သေက်မရောက် အသက်မပျောက်

ခြံထဲမှ ယောက်ျားအိမ်ဖော်နှစ်ယောက်သည် လဲကျနေသော လူငယ်အား အိမ်ထဲသို့ သယ်ယူလာခဲ့ကြသည်။

အဘိုးအိုသည် ထိုယောက်ျားအိမ်ဖော်နှစ်ယောက်အား ထပ်မံ မှာကြားလိုက်၏။

"သူ့မြင်းကို ခြံရဲ့နောက်မှာ သွားထားလိုက်"

အိမ်ဖော်နှစ်ယောက်က ခေါင်းညိတ်ပြီး အခန်းထဲမှ ထွက်သွားကြသည်။

အဘိုးအိုသည် ကွပ်ပျစ်ပေါ်တင်ထားသော လူနာအား ကြည့်လိုက်သည်။ လူနာ၏အပေါ်အင်္ကျီတစ်ခုလုံးမှာ ဓားချက်များဖြင့် စုတ်ပြဲနေသည်ကို တွေ့ရသည်။



ထိုစုတ်ပြဲနေသောအင်္ကျီအား ဆွဲထုတ်လိုက်သည်။

ထိုအဝတ်ဖြင့် ပေကျံနေသော သွေးဖက်များကို သုတ်၍ သန့်ရှင်းလိုက်၏။

ဂေဟာပြင် အလယ်ဗဟိုတည့်တည့်တွင် ကြက်ခြေခတ်ပုံစံဖြစ်နေသော ဒဏ်ရာအား သေသေချာချာ အနီးကပ် ကြည့်လိုက်သည်။

အတန်ကြာမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဖိုး"

မိန်းကလေးက ခေါင်းမော့၍ မေးလိုက်သည်။

"ဘိုးဘိုး ... သူ့အသက် ရှင်နိုင်သေးသလားဟင်"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"အသက် မသေနိုင်ပါဘူး။ သူ့ကိုသတ်တဲ့လူက တမင်သက်သက် အသေမသတ်လိုက်ဘူး"

မိန်းကလေး အံ့အားသင့်သွားသည်။

"သူ့ကိုသတ်မှတော့ ဘာကြောင့် သေအောင်မသတ်ရတာလဲ ဘိုးဘိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘိုးဘိုးလည်း ဘယ်သိမလဲ"

"ဒါဖြင့် လူသတ်သမားက သူ့ကို အသေမသတ်ဘူးဆိုတာ ဘိုးဘိုး ဘယ်လိုလုပ်သိတာလဲ"

အဘိုးအိုက ...

"ဒီလူသတ်သမားရဲ့ဓားပညာမျိုး သိုင်းလောကမှာ ဆယ်ယောက်ပြည့်အောင် ရှာလို့တွေ့မှာ မဟုတ်ဘူး"

သူက ဆက်၍ ရှင်းပြလိုက်သည်။

"ဘာဖြစ်လို့လဲဆိုရင် သူခုတ်လိုက်တဲ့ ဓားချက်ဟာ နည်းနည်းပေါ့သွားရင် ဒီလောက် ဒဏ်ရာပြင်းပြင်းထန်ထန် ရမှာမဟုတ်ဘူး။ နည်းနည်းလေးသွားရင်လည်း ပွဲချင်းပြီး သေနိုင်တယ်"

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်း ... တော်တော် ကြောက်စရာကောင်းတဲ့ ဓားသမားတစ်ယောက်ပဲ"

ဟု သူ၏စကားကို အဆုံးသတ်လိုက်၏။

မိန်းကလေးက ...

"ဒါ ထားလိုက်ပါဦး။ သူ့ကို ကယ်ဖို့ အရေးကြီးတယ်"



အဘိုးအို ခေါင်းညိတ်လိုက်သည်။

"အရေးကြီးမှန်းတော့ ငါသိတာပေါ့။ သူက ပက်လက်လန်လဲကျသွားလို့ ရွှံ့ဗွက်တွေက သူ့ရဲ့ဒဏ်ရာကို ပိတ်မိသလို ဖြစ်သွားပြီး သွေးက အချိန်မီရပ်သွားလို့ သူ့အသက်ကို ကယ်လိုက်သလို ဖြစ်သွားတယ်"

သူသည် စကားဆုံးသွားသည်နှင့် နံရံမှာ တန်းစီထားသော ဆေးပုလင်းများမှ တစ်ခုကို ရွေးယူလိုက်ပြီး ဆေးမှုန့်များဖြင့် စတင်၍ ဒဏ်ရာများထဲသို့ ထည့်၍ သိပ်လိုက်လေသည်။

မိန်းကလေးက အသင့်ပြင်ထားသော တစ်ထွာခန့်ရှိသော ပိတ်စဖြင့် ဒဏ်ရာများကို ပတ်၍ ပတ်၍ စည်းပေးလိုက်သည်။

အဘိုးအိုက စင်ပေါ်မှ ပုလင်းတစ်လုံးကို ထပ်မံယူလိုက်ပြီး ပုလင်းထဲမှ မည်းနက်သောဆီများကို လောင်းပေးလိုက်လေသည်။

ပြီးနောက် ...

လူနာ၏သွေးကြောများကို သေချာစမ်းသပ်လိုက်ပြီး ဒဏ်ရာပက်ပတ်လည်ရှိ သွေးကြောများကို ထောက်ပိတ်လိုက်လေသည်။

"ကဲ ... သမီးလေး ဒဏ်ကြေဆေးရွက်ကို ကျိုပေတော့။

www.burmeseclassic.com

www.burmeseclassic.com



သူ သတိရတာနဲ့ ပန်းကန်တစ်ဝက်လောက် တိုက်ကျွေးလိုက်”

မိန်းကလေးက ...

“သူ ... မသေနိုင်သေးဘူးပေါ့ ဟုတ်လား ဘိုးဘိုး”

အဘိုးအိုသည် သူ၏ဖြူဖွေးသော မုတ်ဆိတ်မွေးကိုသပ် ရင်း ကျေနပ်စွာ ပြုံးလိုက်လေသည်။

“သမီးလေးရယ် ... လူနာတစ်ယောက်ဟာ ငါ့ဆီကိုရောက်တဲ့အချိန်ထိ အသက်ရှိနေသေးရင် ဘယ်တော့မှ မသေရဘူးလို့မှတ်”

မိန်းကလေးက ရယ်မောလိုက်သည်။

“ဘိုးဘိုး ... ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်ကြီးနေပါလား”

အဘိုးအိုက ...

“ဒါကတော့ ကိုယ့်ရဲ့ပညာ ကိုယ်လေးစားတယ်၊ တန်ဖိုးထားတယ်လေ၊ ဒဲ့ဒီသဘောပါ၊ အထင်ကြီးတာလို့ မဆိုနိုင်ဘူး”

မိန်းကလေးက ပြုံးလိုက်သည်။

“ဘိုးဘိုးက သိပ်စကားတတ်တာပဲ”

“ကဲ ... ငါ့သည်း ပင်ပန်းပြီး ဗိုက်ဆာနေပြီ၊ ငါ့ကို တစ်ခုခု ကျွေးဦး မြန်မြန်ပြင်”



မိန်းကလေးက ခေါင်းညိတ်ရင်း ...

“ဟုတ်ကဲ့ ဘိုးဘိုး၊ ဒီလူနာကို ဒီအတိုင်းထားရမှာလား”

အဘိုးအိုက ...

“သူ့ကို တစ်ယောက်ယောက်ခေါ်ပြီး စောင့်နိုင်းထားလိုက်”

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ကဲ့”

သူမသည် ပြောပြီး မီးဖိုဆောင်ရှိရာသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်သွားတော့၏။

❑

အချိန်သည် မည်မျှကြာသွားမှန်းမသိ။

ဒဏ်ရာရရှိထားသော လူငယ်သည် တဖြည်းဖြည်း သတိရလာသည်။

ရှေးဦးစွာ သူ့နှာခေါင်းထဲသို့ ဆေးရည်ကျိုနေသော အနံ့အသက်များ တိုးဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေးလံသောမျက်လွှာကို ပင့်ကြည့်လိုက်သည်။

အခန်းတစ်ခုထဲသို့ ရောက်ရှိနေသည်ကို တွေ့မြင်ရသည်။

သူ လဲလျောင်းနေသော ကွပ်ပျစ်၏နံဘေးတွင် စားပွဲတစ်လုံး ရှိသည်။

စားပွဲပေါ်၌ ဆီမီးအိမ်တစ်လုံး ထွန်းညှိထားသည်။

ဝါကျင့်ကျင့် အလင်းရောင်ကြောင့် အခန်းတစ်ခုလုံးမှာ ဝါကျင့်ကျင့်ရောင် သမ်းနေသည်။

ဆီမီးအိမ်အနီးတွင် သေးငယ်သော မီးအိမ်တစ်လုံး ရှိ၏။

မီးသွေးမီးများ နီရဲနေသည်။ မီးဖို၌ မြေအိုးတစ်လုံး ရှိနေသည်။

မြေအိုး၏နှုတ်ဖျားမှ အငွေ့များ ပန်းထွက်နေ၏။

ထို့ကြောင့် ဆေးရည်အနံ့များသည် အခန်းတစ်ခုလုံး ပျံ့နှံ့၍နေတော့သည်။

☐



လူနာသည် တဖြည်းဖြည်း သတိရလာလေသည်။

"ငါ့ကို လူတစ်ယောက်က ကယ်လိုက်တာနဲ့တူတယ်၊ ဘယ်သူများပါလိမ့်"

သူက ထ,ရန် ကြိုးစားလိုက်သည်။

"အား"

နာကျင်သောဝေဒနာကြောင့် သူသည် မထနိုင်ဘဲ ပြန်လည်မှောက်လျက် လဲချလိုက်သည်။

ထိုစဉ်မှာပင် ...

အခန်းထဲသို့ ဝင်လာသော ခြေသံတစ်သံကို ကြားလိုက်ရ၏။

လူတစ်ယောက်က ကွပ်ပျစ်အနီးသို့ လျှောက်လာသည်။

"ခင်ဗျား ... သတိရပြီလား"

ယောက်ျားတစ်ယောက်၏အသံ ဖြစ်သည်။

အသံက ညင်ညင်သာသာရှိသောကြောင့် မိမိအား ကယ်တင်သောသူ ဖြစ်ရမည်ဟု လူနာက ခန့်မှန်းမိလေသည်။

သူက လှည့်ကြည့်ရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က သူ့အား ထိန်းထားလိုက်သည်။

"ဒီအတိုင်းနေ ထလည်းမထနဲ့၊ လှုပ်လည်းမလှုပ်နဲ့၊ ဒါမှ မြန်မြန်ပျောက်မှာ"

လှူငယ်က ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

သူက ဆက်၍မေးလိုက်သည်။

"ဒါနဲ့ ကျွန်တော့်အသက်ကို ခင်ဗျားက ကယ်တာလား"

"မဟုတ်ပါဘူး။ ကျွန်တော်က ဒီအိမ်ရဲ့အိမ်ဖော်ပါ"

"ဒါဖြင့် ကျွန်တော့်ကို ဘယ်သူက ကယ်လိုက်တာလဲ"

"သခင်မလေး မုယ်ံပွှာပါ"

"သူက ကျွန်တော့်ကို ဆေးကုပေးတယ် ဟုတ်လား"

"မဟုတ်ဘူး၊ သူက ခင်ဗျားလဲကျနေတာကို တွေ့လို့ သူ့အဘိုးကို အကြောင်းကြားပြီး အခုလို ခင်ဗျားကို အိမ်ခေါ်လာပြီး ကုပေးတာပါ"

"သူ့အဘိုးက ဆေးကုတတ်တယ် ဟုတ်လား"

"ဟုတ်တယ်၊ သူ့ကို သမားတော်ကြီးမုယ်ံလို့ အားလုံးက



သိထားကြပါတယ်"

"ကျွန်တော်တော့ သူ့ကို ဘယ်လိုကျေးဇူးတင်ရမှန်း မပြော တတ်တော့ပါဘူး"

လှူငယ်က လှိုက်လှဲစွာ ပြောလိုက်၏။

"ဒါတွေ နောက်ထားပါ၊ အခု ငြိမ်ငြိမ်နေ၊ မိုးလင်းရင် သမားတော်ကြီးက လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဗျာ"

"ခင်ဗျား ဗိုက်ဆာရင် ပြောနော်"

လှူငယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ အခုတော့ မဆာသေးပါဘူး"

"ဟုတ်ကဲ့၊ ဒါဖြင့် တရေးလောက် အိပ်လိုက်ပါဦး၊ မိုးလင်းလာရင် ကျွန်တော် တစ်ခုခု [illegible]ပါမယ်"

အိမ်ဖော်သည် ပြောပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



မည်မျှ အချိန်ကုန်သွားမှန်းမသိ။

စူးရှသောနေရောင်ခြည်သည် လှုငယ်၏မျက်နှာပေါ်သို့ ထိုးကျနေရာ လှုငယ်က အိပ်နေရာမှ နိုးလာပြီး မျက်လုံးဖွင့်လိုက်လေသည်။

ကွပ်ပျစ်ရှေ့တွင် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ သူ နိုးလာသည်ကိုတွေ့သည်နှင့် မိန်းကလေးက ပြုံးပြလိုက်သည်။

"ရှင် သတိရပြီလား"

လှုငယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ် ... ဟုတ်ကဲ့"

"ဘယ့်နှယ်လဲ၊ ဒဏ်ရာကော သက်သာသွားပြီလား"

"ဟုတ်ကဲ့၊ နည်းနည်းနာနေတာကလွဲလို့ အခြေအနေကောင်းပါတယ်"

"စိတ်ချလက်ချ အနားယူပါ၊ ဘိုးဘိုးက အိပ်ရာထဲ ခုနစ်ရက်တိတိမထဘဲ နေရမယ်လို့ ပြောထားတယ်"

လှုငယ်က ...



"ဘိုးဘိုးဆိုတာ ဘယ်သူလဲဗျ"

"ကျွန်မရဲ့အဘိုး သမားတော်ကြီး မုယုံပါ"

လှုငယ်သည် အိမ်ဖော်ပြောပြသောစကားကို ပြန်လည်သတိရလာသည်။

ဤမိန်းကလေးသည် မုယုံဟွာ ဖြစ်ရမည်ဟု သူ အတတ်သိလိုက်သည်။

"ကျွန်တော့်အသက်ကို အခုလိုကယ်တာ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူးရှင်၊ လူသားအချင်းချင်း ကူညီရိုင်းပင်းရမယ့် တာဝန်အပြည့် ရှိပါတယ်"

လှုငယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"မှန်ပါတယ်ဗျာ၊ လူတိုင်းလူတိုင်း ခင်ဗျားလို စိတ်ထား ရှိမယ်ဆိုရင် လောကကြီးမှာ သွေးထွက်သံယိုမှုတွေ ဘယ်ရှိနိုင်တော့မှာလဲဗျာ"

မိန်းကလေးက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူများ ရှိတာ၊မရှိတာ အရေးမကြီးပါဘူး၊ ကိုယ်တိုင်ရှိဖို့က အဓိက မဟုတ်လား"

လူငယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ"

ထိုအချိန်တွင် အခန်းထဲသို့ အဘိုးအိုတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

မိန်းကလေးက ချက်ချင်းပင် ထိုင်ရာမှ ထပြီး နေရာဖယ်ပေးလိုက်လေသည်။ နှုတ်မှလည်း ...

"ကျွန်မဘိုးဘိုး လာနေပြီ"

ဟု ပြောလိုက်၏။

လူငယ်က လျှောက်လာသော အဘိုးအိုအား လှမ်းမြင်လိုက်သည်။ ထိုအဘိုးအိုမှာ သမားတော်မုယုံဖြစ်မည်ဟု သူ ခန့်မှန်းလိုက်သည်။

အဘိုးအိုက ကွပ်ပျစ်အနီးရှိ ကုလားထိုင်တွင် ဝင်ရောက်ထိုင်ချလိုက်သည်။ လူငယ်က စကားပြောရန် ပါးစပ်ဟလိုက်ရာ အဘိုးအိုက လက်ကာ၍ ဟန့်တားလိုက်သည်။



ထို့နောက် လူငယ်၏လက်ကောက်ဝတ်ရှိ သွေးကြောများကို လက်ချောင်းသုံးချောင်းဖြင့် ထောက်၍ စမ်းလိုက်သည်။

တစ်ခဏကြာမှ သူက ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

"အခြေအနေ ကောင်းသွားပါပြီ၊ ငါထင်တာထက် နှစ်ရက်စောပြီး လုံးဝပျောက်ကင်းသွားနိုင်တယ်"

လူငယ် ဝမ်းသာသွားသည်။ လူငယ်က ကျေးဇူးတင်စကားမပြောမီ အဘိုးအိုက မုယုံဟွာဘက်သို့ လှည့်လိုက်သည်။

"ဒီနေ့ သူ့ကို ဆေးတိုက်ပြီးပြီလား"

မုယုံဟွာက ခေါင်းခါယမ်းလိုက်သည်။

အဘိုးအိုက ...

"ဒါဖြင့် ဆေးတစ်ခွက်တိုက်လိုက်၊ ပြီးရင် အားရှိအောင် အစာဝဝကျွေးလိုက်"

စကားဆုံးသွားသည်နှင့် အဘိုးအိုသည် အခန်းထဲမှ ထွက်သွားလေသည်။

လူငယ်မှာ ကျေးဇူးတင်စကားပင် မပြောလိုက်နိုင်ခဲ့သည်ကို စိတ်မကောင်းဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမားတော်ကြီးကို ကျေးဇူးတင်စကား မပြောလိုက်ရတာ စိတ်မကောင်းပါဘူးဗျာ"

မုယုံဟွာက ပြုံးလိုက်သည်။

"ကျွန်မဘိုးဘိုးက ဒီလိုပဲ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့"

သူမသည် ခြေအိုးထဲမှ ဆေးတစ်ခွက်ငှဲ၍ ဇွန်းတစ်ချောင်း ပါ ထည့်ပေးလိုက်သည်။

"ရှင် သောက်လို့ရလား၊ မရရင် ကျွန်မတိုက်ပေးမယ်လေ"

လူငယ်က ...

"ရပါတယ်၊ ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ရှင်စားဖို့ ကျွန်မ သွားပြင်လိုက်ဦးမယ်"

လူငယ်က အားတုံ့အားနာဖြစ်ဟန်ဖြင့် ...

"ကျွန်တော် အနှောင့်အယှက်ပေးသလို ဖြစ်နေပါပြီ"

မုယုံဟွာ ပြုံးပြလိုက်၏။

"ရပါတယ်ရှင်"

သူမသည် ပြောပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

❑❑❑



## အခန်း (၄)

## သွေးဖွန်းသောသည

လူငယ်သည် သမားတော်ကြီး မုယုံအိမ်သို့ ရောက်ရှိနေသည်မှာ ယနေ့ဆိုလျှင် ငါးရက်မြောက် ရှိနေပြီဖြစ်သည်။

သူ၏ဒဏ်ရာမှာ သက်သာနေပြီဖြစ်သော်လည်း ပကတိကောင်းမွန်သောအခြေအနေသို့ မရောက်သေးပါ။

ယခု သူက လမ်းလျှောက်နိုင်ပြီဖြစ်သည်၊ ထို့ကြောင့် ... သူများအိမ်တွင် ဆက်လက်မှီခိုနေထိုင်ရန် မဖြစ်ဟု နားလည်ထားသည်။

အထူးသဖြင့် ...

မုယုံဟွာသည် ဤရက်များတွင် မိမိအပေါ် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့သည်။ သူ့အဖို့ အလွန်အားနာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုယုံဟွာသည် တောသူတောင်သားဖြစ်သည်။

ထို့ကြောင့် ... သူ ဝတ်ဆင်ထားသော အဝတ်အစားများမှာ တောင်သူလယ်သမား သားသမီးများ ဝတ်ဆင်လေ့ရှိသော ဖျင်ကြမ်း ဝန်းရိုက်အထည်များဖြစ်သည်။

သို့တိုင်အောင် ထိုဖျင်ကြမ်းဖြင့် ချုပ်လုပ်ထားသော အဝတ်အစားများသည် သူမ၏ရိုးသားဖြူစင်ပြီး လှပသောအလှကို ဖုံးကွယ်နိုင်စွမ်း မရှိပါ။

ထိုငါးရက်အတွင်း သူနှင့်သူမတို့သည် နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ရှိနေခဲ့ကြသဖြင့် လူငယ်၏အသည်းနှလုံးပေါ်တွင် မုယုံဟွာ၏ပုံရိပ်က နက်ရှိုင်းစွာ ခတ်နှိပ်ထားနေပြီဖြစ်သည်။

ဤအတိုင်း ဆက်လက်နေထိုင်သွားလျှင် မိမိမှ ကျေးဇူးကန်းသော လူယုတ်မာအဖြစ် အထင်ခံရတော့မည် ဖြစ်လေသည်။ သူ အထင်မခံနိုင်ပါ။ ထို့ကြောင့် သူသည် မုယုံဟွာအား မခွဲချင်သော်လည်း ခွဲခွာရန် ဆုံးဖြတ်လိုက်လေသည်။

❑



လဝန်းသည် ထိန်ထိန်သာနေသည်။

လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ထိုးနေလေပြီ။ လူငယ်၏မျက်နှာပေါ်သို့ ကျရောက်နေသည်။

လူငယ်သည် အိပ်မပျော်နိုင်ဘဲ ကွပ်ပျစ်ပေါ်၌ လူးလိမ့်နေသည်။

"လီမုန်ကျင်း စိတ်ကူးယဉ်မနေနဲ့၊ မင်းမှာ ဘယ်လောက်ကြီးမားတဲ့တာဝန် ရှိတယ်ဆိုတာ သတိရရဲ့လား"

လူငယ်က ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေ၏။

"ဟုတ်တယ်၊ ငါ မှားနေပြီ၊ ငါ ဒီအိမ်ကနေ အမြန်ဆုံး ခွဲခွာသွားမှဖြစ်မယ်"

လူငယ်လီမုန်ကျင်းသည် သူ၏တစ်သက်တာတွင် မကြုံဖူး ကြုံခဲ့ရသော မမေ့နိုင်သော ညတစ်ညကို ပြန်လည်သတိရလာလေသည်။

ပြန်လည်မြင်ယောင်လာသည်။ ထိုမမေ့နိုင်သောညတစ်ညမှာ မိုးသည်းထန်စွာ ရွာသွန်းနေသော ညတစ်ညဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်း၏မှတ်ဉာဏ်သည် တဖြည်းဖြည်းနှင့် ထိုညက အဖြစ်အပျက်များကို သည်းထိတ်ရင်ဖို ခံစားရင်း တစိမ့်စိမ့် ပြန်လည် မြင်ယောင်လာလေတော့၏။

❑

မိုးသည်ထန်စွာ ရွာသွန်းနေသည်။

လေပြင်းသည် မိုး၏အင်အားကိုဖြည့်စွက်၍ တဟူးဟူး တိုက်ခတ်နေသည်။

'ဂျိမ်း'

မိုးခြိမ်းသံသည် မြေကြီးပင် တုန်ခါသွားလေသည်။

လျှပ်စီးသည် အဆက်မပြတ်လက်နေသည်။

ကမ္ဘာတစ်ခုလုံးပင် ပျက်စီးသွားမည်လားဟု ထင်နေရလေသည်။

မိုးလေများကြားထဲမှာ ရုတ်တရက်မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်။



မြင်းခွာသံများသည် လီကျားစံအိမ်ရှိရာသို့ ဦးတည်သွားနေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသော်လည်း ကျယ်ဝန်းလှသော စံအိမ်ထဲတွင် မီးများ ထိန်ထိန်လင်းနေ၏။

ထူးခြားသည်မှာ စံအိမ်၏ပတ်ပတ်လည်တွင် ဓားလှံများ အသင့်ကိုင်ဆောင်ထားသော လုံခြုံရေးအစောင့်များသည် မိုးရေထဲ၌ပင် ကင်းလှည့်နေသည်ကို တွေ့ရလေသည်။

သူတို့သည် အဘယ်ကြောင့် ယခုကဲ့သို့ လုံခြုံရေးကို အတင်းအကျပ်ထားရပါသနည်း။

ထူးဆန်းသည်မှာ စံအိမ်၏အပြင်စည်းတွင် လုံခြုံရေးသမား နှစ်ဆယ်ခန့် ကင်းလှည့်စောင့်ကြပ်နေသော်လည်း စံအိမ်ထဲရှိ ခန်းမထဲ၌မူ လူနှစ်ယောက်မှလွဲ၍ တစ်စုံတစ်ယောက်မှ မတွေ့ရပါ။

တစ်ယောက်မှာ အသက်ငါးဆယ်ကျော်ခန့်ရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

တစ်ယောက်မှာ အသက်နှစ်ဆယ်ခန့်ရှိသော လူငယ်တစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုမှာ လီကျားစံအိမ်၏အရှင်သခင်လီဝမ်ဝိုက် ဖြစ်လေသည်။

လူငယ်မှာ လီဝမ်ပိုက်၏သား လီမုန်ကျင်းဖြစ်သည်။

လီဝမ်ဝိုက်သည် တစ်ချိန်တုန်းက ကျော်ကြားခဲ့သော သိုင်းရာဇာတစ်ယောက် ဖြစ်သည်။

လွန်ခဲ့သော ဆယ်နှစ်မှစပြီး သိုင်းရာဇာအဖြစ်မှ ရုတ်တရက် အနားယူလိုက်ခြင်း ဖြစ်သည်။

လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော သိုင်းရာဇာ လီဝမ်ဝိုက်သည် အဘယ်ကြောင့် ရုတ်တရက် သိုင်းလောကမှ အနားယူနေရပါသနည်း။

မည်သူကမှ မသိပါ။

ယခု မမျှော်လင့်ဘဲ လီဝမ်ဝိုက်သည် သူ့စံအိမ်ထဲမှာ ရှိသော မိန်းမယောကျ်ားအိမ်ဖော်များကို ထောက်ပံ့ကြေးငွေပေး၍ စံအိမ်မှထွက်ခွာခိုင်းလေသည်။

သူ့ဇနီး ကွယ်လွန်သွားသည်မှာလည်း သုံးနှစ်ခန့်ရှိ၍ ဖြစ်ပေသည်။



ယခု ...

သူနှင့်သူ့သား နှစ်ယောက်တည်းသာ ဤအိမ်မှာ ကျန်နေခဲ့သည်။

ထိုကင်းလှည့်နေကြသော လုံခြုံရေးသမားတို့ကိုလည်း လီဝမ်ဝိုက်က ငှားရမ်းထားသော ဓားသမားများ ဖြစ်၏။

လီဝမ်ဝိုက်သည် သူ၏သားဖြစ်သူအား အိမ်မှစွန့်ခွာသွားရန် အကြိမ်ကြိမ် နားချခဲ့သော်လည်း လီမုန်ကျင်းက လုံးဝလက်မခံပေ။

ဖခင်နှင့်သေအတူရှင်မကွဲ လက်တွဲ၍ ရန်သူအား ရင်ဆိုင်မည်ဟု နိုင်မာသောဆုံးဖြတ်ချက် ချထားလေသည်။

နောက်ဆုံး ...

လီဝမ်ဝိုက်က ဤသို့ မှာကြားလိုက်လေသည်။

"ငါ့သား ... မင်းရဲ့စိတ်ဓာတ်ကို ငါ သဘောကျတယ်၊ ဒါပေမဲ့ မင်း နက်နက်နဲနဲ ချဉ်းစားကြည့်စမ်း"

လီမုန်ကျင်းက ...

"ကျွန်တော် ဘာမှမစဉ်းစားတော့ဘူး"

လီဝမ်ဝိုက်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာမှမစဉ်းစားတော့ဘူး"

လီဝမ်ဝိုက်က ...

"ကနေ့သြ ငါက သူတို့ကို မနိုင်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီးသား"

လီမုန်ကျင်းက ...

"ဖေဖေ မှားပြီ၊ တစ်မိုးနံ့တုန်းက ဖေဖေ့စိတ်ဓာတ်တွေ ဘယ်ရောက်သွားလဲ၊ မနိုင်ဘူးလို့ ဘာအတွက်ကြောင့် အားငယ်နေရ ရတာလဲ"

"ဒီရန်သူဟာ ငါ့အကြောင်း ကောင်းကောင်းသိတယ်၊ ငါ့ကို မနိုင်ရင် အခုလို စိန်ခေါ်ဖို့မှာ မဟုတ်ဘူး"

"သားတစ်ယောက်လုံး ရှိသေးတယ်လေ"

လီဝမ်ဝိုက်သည် သားဖြစ်သူအား စိုက်ကြည့်လိုက်လေ တော့သည်။

"ကဲ ... မင်းရဲ့ဆန္ဒကို ငါ မတားတော့ဘူး၊ ဒါပေမဲ့"

လီမုန်ကျင်းက ...

"သား နားထောင်နေပါတယ်"



လီဝမ်ဝိုက်က ...

"တကယ်လို့ သားဟာ ရန်သူရဲ့ဓားချက်နဲ့ သေသွားမယ်ဆို ရင် အသေမခံနဲ့ လွတ်အောင်ပြေး"

လီမုန်ကျင်းက ရယ်မောလိုက်သည်။

"ဖေဖေဟာ သိုင်းရာဇာတစ်ယောက်ပါ၊ သိုင်းရာဇာရဲ့သား က ထွက်ပြေးတယ်ဆိုတော့ ဘယ်လောက်ရှက်စရာ ..."

"မြန်း"

လီဝမ်ဝိုက်က ဒေါသကြီးဖြင့် လီမုန်ကျင်း၏ပါးကို ရိုက် ချလိုက်သည်။

"မင်းဟာ ငါ့သားလုပ်ဖို့ မတော်ဘူး"

လီမုန်ကျင်းက ပါးပြင်ကို လက်ဝါးဖြင့် အုပ်ထားရင်း ဖခင် အား ကြောင်၍ကြည့်နေမိသည်။

လီဝမ်ဝိုက်က လက်ညှိုးငေါက်ငေါက်ထိုးရင်း ...

"မင်း အသေခံရရင် ငါ့အတွက် ဘယ်သူက လက်စားချေ ပေးမှာလဲ"

ထိုစကားကြားလိုက်ရတော့မှ လီမုန်ကျင်းက ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်မိလာသည်။ ထိုအချိန်မှာပင် ခွေးဟောင်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"ဝုတ် ဝုတ် ဝုတ်"

❑

ရုတ်တရက် ဆူညံစွာ ထိုးဟောင်နေသော ခွေးများသည် အူသံဆွဲဆွဲငင်ငင်ထွက်ပေါ်လာပြီး ငြိမ်သက်သွားသည်။

လီဝမ်ပိုက်က စားပွဲပေါ်မှ ဓားကို လှမ်းယူလိုက်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"ရန်သူလာပြီ၊ မင်း လွတ်အောင်သာပြေးတော့"

ထိုအချိန်မှာပင် ...

အပြင်ဘက်မှ တိုက်ခိုက်သံများ ဆူညံစွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

စောင့်ကြပ်နေသော ဓားသမားတို့က ရန်သူများနှင့် တိုက်ခိုက်နေသော အသံဖြစ်သည်။



ရန်သူတစ်ယောက်တည်း မဟုတ်ပါ။

အနည်းဆုံး လူဆယ်ယောက်ခန့် ရှိလိမ့်မည်ဟု လီဝမ်ပိုက်က ခန့်မှန်းသည်။

လီမုန်ကျင်းက ဖခင်အနီးတွင် ရပ်နေသေးသည်။

လီဝမ်ပိုက် ဒေါသအလွန်ထွက်လာသည်။

"မင်း ဘာလုပ်နေတာလဲ၊ အဖေပြောတဲ့စကားကို မနာခံတော့ဘူးလား"

လီမုန်ကျင်း၏ရင်ထဲတွင် မချိအောင် ခံစားနေရသည်။

"ကျွန်တော်နဲ့ဖေဖေ၊ ပခုံးချင်းယှဉ်ပြီးတိုက်ရင် အသက်ရှင်နိုင်လမ်း ပိုရှိလိမ့်မယ်လို့ ထင်ပါတယ်"

ထိုအချိန်မှာပင် ...

လူတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာနေသည်ကို တွေ့လိုက်ရလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)
## သံမဏိမျက်နှာ

တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ ဝတ်ဆင်ထားသော လူတစ်ယောက်သည် လက်ထဲတွင် ဓားတစ်လက်ကိုကိုင်၍ အခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာလေသည်။

လီမုန်ကျင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

အကြောင်းမှာ ထိုလူ၏မျက်နှာပေါ်တွင် မျက်နှာဖုံးတစ်ခု စွပ်ထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မျက်နှာဖုံးမှာ အလွန်ကြောက်မက်ဖွယ်ကောင်းအောင် ဖန်တီးထားသော သံမဏိမျက်နှာဖုံးဖြစ်သည်။ မျက်နှာဖုံးမှာ ကြောက်ရွံ့ဖွယ်ကောင်းသော်လည်း ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်နှင့် အလွန်ပင် ကြည့်၍ကောင်းနေသည်။



သူ့နောက်တွင် တစ်စုံတစ်ယောက်မှ ပါမလာပါ။

အပြင်ဘက်၌ ဆူညံစွာ ထွက်ပေါ်နေသော တိုက်ခိုက်သံများကို ကြားလိုက်ရခြင်းဖြင့် သံမဏိမျက်နှာ၏လူများသည် မိမိတို့၏အစောင့်များနှင့် တိုက်ခိုက်နေသည်မှာ သေချာနေ၏။

လီမုန်ကျင်းမှာ ကြောက်ရွံ့သောစိတ်များ လုံးဝပျောက်ကွယ်သွားသည်။ ဓားကို တစ်ချက်ဝှေ့ယမ်းပြီး သံမဏိမျက်နှာထံ တစ်လှမ်းချင်း လှမ်းသွားလေသည်။

လီဝမ်ပိုက်က သူ၏လက်ကို ဆွဲထားလိုက်သည်။

"နောက်ဆုတ်လိုက်စမ်း"

ဖခင်၏ဒေါသတကြီး အော်ပြောသံကို ကြားလိုက်ရသဖြင့် လီမုန်ကျင်းက ရှေ့သို့ မတိုးဝံ့တော့ပါ။

သရဲမျက်နှာက လီမုန်ကျင်းအား လုံးဝမကြည့်ဘဲ လီဝမ်ပိုက်အား စိုက်ကြည့်နေ၏။

"လီဝမ်ပိုက် … လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက တင်ခဲ့တဲ့အကြွေး သာတောင်းတာနော်၊ မှတ်မိလိမ့်မယ်လို့ ထင်ပါတယ်"

လီဝမ်ပိုက် သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိတယ်၊ ဒါကြောင့်လည်း ကျူပ်က သိုင်းလောက ကနေ အနားယူလိုက်ပြီလေ"

သံမဏိမျက်နှာနှင့်လူက …

"လီဝမ်ဝိုက်ရဲ့သတင်းအားလုံး ကျွန်တော် ကြားပြီးသားပါ"

သံမဏိမျက်နှာက စကားဆက်လိုက်သည်။

"အဲဒီတုန်းက ကျွန်မကို မသတ်ဘဲ လက်စားချေနိုင်ဖို့ ဆယ် နှစ် အချိန်ပေးထားတာကိုး၊ ပထမဆုံး ကျွန်မပြောချင်တာက လီဝမ် ဝိုက်ရဲ့လူကြီးပီသပုံကို လေးစားတယ်၊ ကျေးဇူးတင်တယ်၊ ဒါပေမဲ့"

လီဝမ်ဝိုက်က လက်ကာပြလိုက်သည်။

"ရှင်းပြစရာ မလိုဘူး၊ အခု မင်းလည်း သိုင်းပညာရလာပြီ၊ လက်စားချေမယ်လို့လည်း အကြောင်းကြားပြီးပြီ၊ ကျူပ်ကလည်း ရင်ဆိုင်ဖို့ အသင့်ရှိနေပါပြီ"

သံမဏိမျက်နှာက …

"လီဝမ်ဝိုက်က သူ့အမှား သူသိလို့ သိုင်းလောကအနားယူ သွားတာပဲ၊ ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ … ဖခင်ရဲ့သွေးကြွေး ကိုတော့ ကျွန်မ မတောင်းလို့မရဘူး"



လီဝမ်ဝိုက်က လီမုန့်ကျင်းအား ဘေးသို့ တွန်းထုတ်လိုက်သည်။

"မင်း ဝေးဝေးမှာနေစမ်း၊ ငါ တိုက်ခိုက်တာကို အနှောင့် အယှက်မပေးရဘူး"

"ရှမ်း"

စကားဆုံးသွားသည်နှင့် ဓားကိုဓားအိမ်ထဲမှ ဆွဲထုတ်လိုက် သည်။

ထို့နောက် …

သံမဏိမျက်နှာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ကဲ … မင်း အရင်စနိုင်ပြီ"

သံမဏိမျက်နှာက ဓားကို အောက်စိုက်ပြီး လက်နှစ်ဖက် ဆုပ်၍ အရိုအသေပြုလိုက်သည်။

"သတိထားပါ လီဝမ်ဝိုက်၊ ဒီတိုက်ပွဲဟာ ရှင်နဲ့ကျွန်မ နှစ် ယောက်ထဲက တစ်ယောက်ပဲ ကျန်ရမှာ"

သူမသည် စကားဆုံးသွားသည်နှင့် ညာဘက်လက်မှ ဓား ကို အပေါ်သို့ ထောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်လက်မှာ လက်ညှိုးနှစ်ချောင်းဖြင့် ကန့်လန့်ဖြတ်ကိုယ်နေဟန်ထား အသင့်ပြင်ထားလိုက်သည်။

“သတိထားတော့”

သံမဏိမျက်နှာက စကားဆုံးသွားသည်နှင့် စတင်တိုက်ခိုက်လိုက်သည်။

လီဝမ်ဝိုက်သည် သံမဏိမျက်နှာ၏အသင့်ပြင်ထားပုံကို တွေ့မြင်လိုက်ကတည်းက ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

သံမဏိမျက်နှာ၏ဓားအသင့်ပြင်ထားပုံမှာ အဆင့်မြင့်ဓားပညာရှင်တစ်ယောက်၏ ပုံဟန်မျိုးဖြစ်နေသည် မဟုတ်ပါလား။

ရန်သူ၏ဓားပညာသည် လွန်စွာအဆင့်မြင့်လိမ့်မည်ဟု သူက ကြိုတင်ခန့်မှန်းမိလေသည်။

လီဝမ်ဝိုက်သည် သိုင်းလောကမှ အနားယူသွားသော်လည်း သိုင်းပညာ အနားမယူပါ။ နေ့စဉ်နှင့်အမျှ လေ့ကျင့်နေခဲ့သည်။

ထို့ကြောင့် ယခု သူ၏သိုင်းပညာသည် လွန်ခဲ့သော ဆယ်နှစ်ကထက် များစွာတိုးတက်နေသည်ဟု သူက ယုံကြည်ထားလေသည်။



ထို့ကြောင့် သူကလည်း ရဲရဲဝံ့ဝံ့ဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

လီမုန်ကျင်းက ပါဝင်တိုက်ခိုက်နိုင်စွမ်းမရှိပါ။

တိုက်ခိုက်နေကြသောဖခင်နှင့် သံမဏိမျက်နှာတို့၏ဓားပညာကို မိမိက မည်သည့်နည်းနှင့်မျှ မီမည်မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် သိရှိနားလည်ထားပြီး ဖြစ်လေသည်။

ဖခင်၏အမြော်အမြင်ကြီးမှုကိုလည်း လေးစားမိလေ၏။

ယခု သူသည် ငေးမောကြည့်နေရုံမှအပ ထိုတိုက်ခိုက်မှုထဲသို့ ပါဝင်ရန် အခွင့်အလမ်းကို လုံးဝမတွေ့ရှိပါ။

❑

ပထမသိုင်းဆယ်ကွက်ခန့် တစ်ဖက်နှင့်တစ်ဖက် လျှင်လျှင်မြန်မြန် တိုက်ခိုက်ကြပြီးနောက် သံမဏိမျက်နှာနှင့် လီဝမ်ဝိုက်တို့သည် တဖြည်းဖြည်း နှေးကွေးလာလေသည်။

သူတို့သည် ခြေကုန်လက်ပန်းကျလာ၍လော။

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းက သံသယဖြစ်လာသည်။

သို့သော် ထိုနှေးကွေးသောတိုက်ခိုက်မှုသည် လျှင်လျှင်မြန်မြန်တိုက်ခိုက်နေသော တိုက်ခိုက်မှုထက် အဆပေါင်းများစွာ အန္တရာယ်ရှိသည်ကို သူက မသိပါ။

ယှဉ်ပြိုင်ပွဲသည် ပို၍နှေးကွေးလာသည်။

ဓားကိုယ်စီကိုင်လျက် တိုက်ခိုက်ခြင်းမပြုဘဲ တစ်ယောက်မျက်နှာကိုတစ်ယောက် စိုက်ကြည့်နေကြသည်။

အတန်ကြာတော့မှ သိုင်းကွက်တစ်ခုကို ပြိုင်တူတိုက်ခိုက်လိုက်ကြသည်။

ထို့နောက် ဆက်၍မတိုက်ဘဲ ရပ်တန့်လိုက်ပြန်သည်။

ဤကဲ့သို့ တိုက်ကွက်မျိုး သုံးကြိမ်တိတိ တိုက်ခိုက်ပြီးနောက် လူချင်းခွဲလိုက်သည်။

သံမဏိမျက်နှာ၏ခြေလှမ်းသည် နောက်သို့ သုံးလှမ်းဆုတ်သွားသည်။ လီဝမ်ဝိုက်မှာမူ မားမားမတ်မတ် ရပ်နေသေး၏။

သူက သံမဏိမျက်နှာကိုမကြည့်ဘဲ လီမုန်ကျင်းအား ကြည့်လိုက်လေသည်။



"အဖေ့စကား နားမထောင်တဲ့"

သူက စကားကိုဆုံးအောင်ပင် မပြောနိုင်ပါ။

မြေပေါ်သို့ လဲကျသွားလေသည်။

"ဖေဖေ"

လီမုန်ကျင်းက သည်းလှိုက်အူလှိုက် အော်ဟစ်လိုက်လေတော့သည်။ တစ်ဆက်တည်း ဖခင်ထံသို့ ပြေးကပ်သွားသည်။

ထိုအချိန် ဓားတစ်လက်သည် သူ့အား ဟန့်တားလိုက်လေသည်။

သူက လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး အံကိုကြိတ်၍ ...

"ငါ လက်စားချေမှာကိုကြောက်ရင် သတ်လိုက်"

သံမဏိမျက်နှာက ဓားကိုပြန်လည်ရုပ်သိမ်းလိုက်သည်။

ဟိုအချိန်တွင် ...

အပြင်ဘက်၌ အသံဗလံများ လုံးဝမကြားရတော့ပါ။

အမည်းရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူများသည် ဓားကိုယ်စီဖြင့် ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

အားလုံးတန်းစီ၍ ရပ်နေကြသည်။

သံမဏိမျက်နှာက သူတို့အား လှမ်းကြည့်လိုက်သည်။

"အားလုံးရှင်းလိုက်ပါပြီ ခေါင်းဆောင်ကြီး"

ထိုလူများအနက် လူတစ်ယောက်က လေးလေးစားစား ပြောလိုက်သည်။ သံမဏိမျက်နှာက ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

လီမုန်ကျင်းဘက်သို့ လှည့်လိုက်သည်။

"နင့်အဖေက ငါ့ကို လက်စားချေခွင့် ပေးထားသလို"

သူမ၏စကားမဆုံးမီ လီမုန်ကျင်းက အသံကျယ်လောင်စွာဖြင့် ...

"အရှက်မရှိတဲ့လူယုတ်မာမ၊ ငါ့ကိုလွှတ်ကြည့်၊ တစ်နေ့ကျရင် မင်းတို့ကို အပိုင်းပိုင်း ခုတ်သတ်ပြီးမှ ကျေနပ်မယ်"

သံမဏိမျက်နှာက အနည်းငယ် ဒေါသထွက်လာသည်။

သူမသည် ကြမ်းပေါ်၌ကျနေသော လီဝမ်ပိုက်၏ဓားကို ခြေဖြင့် ခတ်ပေးလိုက်သည်။



လီမုန်ကျင်းက လှမ်းဖမ်းလိုက်သည်။ သံမဏိမျက်နှာက သူ့ထံသို့ တစ်လှမ်းချင်း လှမ်းလာသည်။

"ကဲ ... နင် ငါ့ကို သတ်ချင်သတ်စမ်း၊ ရအောင် သတ်စမ်း"

လီမုန်ကျင်းက အားနှင့်မာန်နှင့် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သံမဏိမျက်နှာအား သုံးကွက် ဆက်တိုက်တိုက်ခိုက်လိုက်သည်။

သံမဏိမျက်နှာက ခုတ်လာသော ဓားချက်နှစ်ချက်ကို ရှောင်တိမ်းလိုက်ပြီး ခြေဖျားနှင့် ခတ်လိုက်ရာ လီမုန်ကျင်း၏လက်ထဲမှဓား လွင့်စဉ်သွားလေသည်။

ခန္ဓာကိုယ်ကလည်း အလိုလို ပတ်ချာလည်သွားသည်။

ထိုအချိန်မှာပင် သူ၏ကျောပြင်တစ်ခုလုံး နာကျင်သော ဝေဒနာကို ခံစားလိုက်ရလေသည်။ သံမဏိမျက်နှာက ...

"နင့်ကို ငါ သတ်တာ မဟုတ်သေးဘူး၊ ဆုံးမလိုက်တာ၊ နင် ငါ့ကို လက်စားချေချင်ရင် နောက် တစ်နှစ်၊ ရှစ်လ၊ ဆယ့်ငါးရက်နေ့ညမှာ ချန်အန်းမြို့မြောက်ဘက် တံခါးဝအပြင်က နတ်သမီးဘောင်ကုန်းမှာ ငါ ရှိနေမယ်၊ ရောက်အောင်လာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမက စကားဆုံးသွားသည်နှင့် သူ၏လူနှစ်ယောက်ကို အမိန့်ပေးလိုက်သည်။

"သူ့ကို မြင်းတစ်ကောင်ပေါ်တင်ပြီး လွှတ်လိုက်"

ဤသို့ဖြင့် လီမုန်ကျင်းသည် မဟန်နိုင်ဘဲ မြင်းကျောပေါ်၌ မြင်းသွားရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

❑

လီမုန်ကျင်းသည် နာကြည်းဖွယ်ကောင်းသော အဖြစ်အပျက်များကို ပြန်လည်တွေးရင်း အိပ်မပျော်ဘဲဖြစ်နေသည်။

"ငါ ဒီမှာ နောက်ထပ် နေလို့မဖြစ်ဘူး။ သံမဏိမျက်နှာနဲ့ တစ်နှစ်ချိန်းထားတာကို ရအောင်သွားတွေ့ဖို့ သိုင်းပညာသင်ရမယ်၊ ဆရာကောင်းကောင်းတွေ့ဖို့သာ ငါ ဆုတောင်းရမှာပဲ"

သူသည် အိပ်ရာထဲ၌ ဟိုလိမ့်ဒီလူးဖြင့် မှေးခနဲ အိပ်ပျော်သွားလေသည်။

❑❑❑



## အခန်း (၆)

## နှုတ်ဆက်ခွဲခွာ

"ဒေါက် ... ဒေါက် ... ဒေါက်"

အချိန်မည်မျှ ကြာသွားသည်မသိ။

တံခါးခေါက်သံ ကြားလိုက်ရသောကြောင့် လီမုန်ကျင်း အိပ်ရာမှ နိုးလာသည်။

နေရောင်ခြည်သည် အိပ်ခန်းထဲသို့ တောက်ပစွာ ထိုးကျနေပြီ ဖြစ်လေသည်။

"ငါ အိပ်ပျော်သွားလိုက်တာ နေတောင် အတော်မြင့်နေပါလား"

"ဒေါက် ... ဒေါက် ... ဒေါက်"

တံခါးခေါက်သံ ဒုတိယအကြိမ် ပေါ်ထွက်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

သူက အသံပြုရင်း အပေါ်အင်္ကျီ ကမန်းကတန်း ဝတ်၍ တံခါးဖွင့်ပေးလိုက်သည်။

တံခါးဝတွင် မုယ်ပှာက သစ်သားဗန်းတစ်ချပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်ထားသည်။

ဗန်းပေါ်တွင် ရေနွေးကြမ်းနှင့် ခေါက်ဆွဲပြုတ်တစ်ပန်းကန် တွေ့ရသည်။

လီမုန်ကျင်းသည် မုယ်ပှာ၏အလှကို ငေးမောကြည့်နေမိပြီး သူမလက်ထဲမှ ဗန်းကို လှမ်းယူရန် မေ့လျော့သွားလေသည်။

လီမုန်ကျင်း၏စူးစိုက်စွာ ကြည့်နေသောမျက်လုံးကြောင့် မုယ်ပှာက ခေါင်းငုံ့ထားလိုက်လေသည်။

လီမုန်ကျင်းက မိမိ၏အပြုအမူကို သတိရလိုက်သဖြင့် တောင်းပန်ရင်း ဗန်းကိုလှမ်းယူလိုက်သည်။

"ကျွန်တော် ... ကျွန်တော် တောင်းပန်ပါတယ်"

မုယ်ပှာက ခေါင်းမော့ပြီး သူမ၏ရွှင်လန်းသော မျက်လုံးအစုံဖြင့် ပြန်ကြည့်လိုက်သည်။



"ဘာဖြစ်လို့ တောင်းပန်ရတာလဲ"

"ဟိ ... ပြောသ်၊ ကျွန်တော် အိပ်ရာထ နောက်ကျသွားလို့"

"အိပ်ရေးဝဝအိပ်တာ ကောင်းပါတယ်"

"ဒါနဲ့ ... သမားတော်ကြီးရှိလားခင်ဗျာ"

"ရှိပါတယ်၊ ဧည့်ခန်းထဲမှာပါ"

"ကျွန်တော် ခေါက်ဆွဲစားပြီးရင် လိုက်ခဲ့ပါ့မယ်"

မုယ်ပှာက ခေါင်းညိတ်၍ ထွက်ခွာသွားသည်။

❑

လီမုန်ကျင်းသည် မျက်နှာသစ်ပြီး အဝတ်အစားလဲသည်။ ခေါက်ဆွဲစားပြီးသည်နှင့် အခန်းထဲမှ ထွက်လာခဲ့လေသည်။

သမားတော်ကြီးက ဧည့်ခန်းထဲတွင် ဆေးပညာကျမ်း စာအုပ်ကို အာရုံစူးစိုက်စွာ ဖတ်ရှုနေသည်။

"သမားတော်ကြီးကို တွေ့ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက ခေါင်းမော့ကြည့်လိုက်သည်။

"ဝင်ခဲ့လေ ... ထိုင်"

လီမုန်ကျင်းက သမားတော်ကြီးရှေ့တွင် ဝင်ရောက်ထိုင်လိုက်သည်။

ထို့နောက် လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

သမားတော်ကြီးက သူ့အား အကဲခတ်ကြည့်လိုက်သည်။

"မင်း သွားတော့မလို့ မဟုတ်လား"

လီမုန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော့်ဒဏ်ရာလည်း လုံးဝပျောက်ကင်းသွားပါပြီ၊ ဒါကြောင့် သွားခွင့်ပြုရန် လာရောက်ခွင့်တောင်းတာပါခင်ဗျာ"

သမားတော်ကြီးက ...

"ဘယ်တော့သွားမှာလဲ"

"အခုပဲ"

လီမုန်ကျင်းက ထိုင်ရာမှထလိုက်ပြီး ဒူးထောက်ပြီး ရှစ်ကြိုးတိတိ နဖူးနှင့်ကြမ်းကိုထိ၍ ဂါရဝပြုလိုက်သည်။



"ကျွန်တော့်အသက်ဟာ သမားတော်ကြီးတို့မိသားစုက ပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ဒီကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး"

သမားတော်ကြီးက ...

"ငါတို့လို သမားတော်တွေဆိုတာဟာ လူ့အသက်ကို ကယ်ဖို့ တာဝန်ရှိတယ်၊ ဒါကြောင့် ကျေးဇူးတင်ဖို့ မလိုပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ဒီကျေးဇူးကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူးဆိုတာ ထပ်ပြောချင်ပါတယ်"

လီမုန်ကျင်းက စကားဆက်လိုက်ပြန်သည်။

"ကျွန်တော့်မှာ ဖခင်အတွက် လက်စားချေဖို့ တာဝန်ရှိနေသေးတယ်၊ နို့မဟုတ်ရင် သမားတော်ကြီးကို တစ်သက်လုံး ပြုစုစောင့်ရှောက်ချင်ပါတယ်"

သမားတော်ကြီးက မျက်မှောင်ကုတ်သွားသည်။

"မင်းရန်သူက ဘယ်သူလဲ"

"ကျွန်တော်လည်း မသိဘူး ... သမားတော်ကြီး"

လီမုန်ကျင်းက ဆက်၍ရှင်းပြန်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ရဲ့ကိုယ်လုံးကိုယ်ထည်ကြောင့် မိန်းကလေးတစ်ယောက်ဆိုတာတော့သိပါတယ်၊ သူ့ရဲ့မျက်နှာမှာ ကြောက်စရာကောင်းတဲ့ သံမဏိမျက်နှာဖုံးတပ်ဆင်ထားလို့ မြင်ခွင့်မရပါဘူး"

သမားတော်ကြီးက ...

"ဒီလိုဆိုရင် မင်းက သူ့ကို ဘယ်မှာလိုက်ရှာရမှာလဲ"

"သူက ကျွန်တော့်ကို နောက်တစ်နှစ်မှာ တွေ့ရမယ့်နေရာ၊ တွေ့ရမယ့်နေ့ရက်ကို ကြိုတင်ပြောထားပါတယ်"

သမားတော်ကြီးက ...

"တစ်နှစ်ဆိုတဲ့အချိန်ဟာ တိုတောင်းလှပါတယ်၊ မင်း သူ့ကို လက်စားချေနိုင်မယ့် အရည်အချင်းရှိလား"

"မရှိပါဘူး၊ ကျွန်တော် ဒီကနေထွက်သွားရင် သိုင်းပညာသင်ကြားပေးနိုင်မယ့်ဆရာတွေကို လိုက်ရှာရပါ့မယ်"

"တစ်နှစ်အတွင်းမှာ သူ့ကို နိုင်နိုင်မယ့် သိုင်းပညာ ရနိုင်ပါ့မလား"

လီမှန်ကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရအောင်ရှာနိုင်ရင် ကျွန်တော် အသေခံဖို့ပဲ ရှိတာပေါ့"



သမားတော်ကြီး ...

"မင်းကို ငါ စကားတစ်ခွန်း ပြောပြချင်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် နားထောင်နေပါတယ်"

သမားတော်ကြီးက ...

"သိုင်းလောကဟာ အလွန်အေးချမ်းသာယာပါတယ်၊ ဒါပေမဲ့ အကြောင်းတစ်ခုခုကြောင့် တစ်ယောက်က အသတ်ခံလိုက်ရရင် အသတ်ခံလိုက်ရတဲ့လူရဲ့ သားသမီးဆွေမျိုးတွေက လိုက်ပြီး လက်စားချေနိုင်ပါတယ် ...၊

လက်စားချေခံလိုက်ရတဲ့ သားချင်းဆွေမျိုးတွေဟာ တစ်ချိန်ချိန် တစ်ခါခါမှာ တုံ့ပြန်လက်စားချေကြတယ်၊ ဒီလိုနဲ့ပဲ လက်စားချေတဲ့ သံသရာထဲမှာ သိုင်းလောကတစ်ခုလုံးဟာ သွေးစိမ်းနဲ့ လွှဲထွက်နေရတာပေါ့"

လီမှန်ကျင်းသည် သမားတော်ကြီး၏စကားမှာ အလွန်မှန်ကန်သောစကားဖြစ်သည်ကို နားလည်သော်လည်း ဖခင်အတွက် လက်စားချေရန် စိတ်ဆန္ဒကိုမူ ဖျောက်ဖျက်၍မရပါ။

ထို့ကြောင့် သူက ပါးစပ်ပိတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ကဲ ... မင်းသွားမယ်ဆိုရင် နေမပူခင် သွားနိုင်ပါတယ်"

သူက မုယုံဟွာအား လှမ်းခေါ်လိုက်သည်။

"သမီးလေး ... လီမုန်ကျင်းရဲ့မြင်းကို ပြန်ပေးလိုက်ပါ"

မုယုံဟွာက သူ့အား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် သမားတော်ကြီးအား ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ပါ"

❑ ❑ ❑



## အခန်း (၇)

## တစ်ဝက်တပျက် သိုင်းကျမ်း

နေလုံးကြီးသည် ပျင်းတွဲစွာဖြင့် ကောင်းကင်ပေါ်၌ အိပ်ငိုက်နေ၏။ ကျူရွက်များသည် မြေပြင်ပေါ်၌ ပြန့်ကျဲနေသည်။

ဥသြငှက်သံများက ခရီးသွားသူများအဖို့ လှမ်းတေးက သီဆိုပေးနေကြသည်။

မြင်းတစ်ကောင်နှင့်လူနှစ်ယောက်သည် မြေနီလမ်းကလေးအတိုင်း လမ်းမကြီးဘက်သို့ ဦးတည်သွားနေသည်။

မိန်းကလေးတစ်ယောက်နှင့် ယောက်ျားလေးတစ်ယောက်ကို ယှဉ်၍လျှောက်လာကြသည်။

မြင်းတစ်ကောင်က သူတို့နောက်မှ နှေးနှေးကွေးကွေး လိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ရှုခင်းတစ်ခုလုံးမှာ လွမ်းဆွတ်ဖွယ်ရာ ကောင်းလှသည်ဟု ထိုယောက်ျားကလေး၊ မိန်းကလေးတို့၏ရင်ထဲတွင် နက်ရှိုင်းစွာ ခံစားနေရသည်။

ထိုနှစ်ယောက်အား လီမုန်ကျင်းနှင့်မုယုံဟွာတို့နှစ်ယောက်ပင်ဖြစ်သည်။

သူတို့နှစ်ယောက်သည် အတန်ကြာ လျှောက်လာသည့်တိုင် စကားမပြောကြပါ။

စကားပြောရန် မရှိ၍မဟုတ်ပါ။

စကားပြောရန် ရင်ထဲတွင် ပြည့်ကျပ်နေသည်။

သူတို့သည် မည်သည့်စကားပြောရမှန်းမသိအောင် ဖြစ်နေကြသည်။

သူတို့နှစ်ယောက်သည် အတန်ကြာ လျှောက်လာပြီးမှ လီမုန်ကျင်းက ခြေလှမ်းကို ရပ်လိုက်သည်။

"ညီမလေး ... ပြန်တော့"

မုယုံဟွာ ခြေလှမ်းရပ်လိုက်သည်။

ထို့နောက် ...



သူမမျက်လုံးအစုံတွင် မျက်ရည်များ အနည်းငယ် ရစ်ဝိုင်းနေသည်ကို လီမုန်ကျင်း တွေ့လိုက်ရသည်။

"အစ်ကို ... ဘယ်တော့ ပြန်လာမလဲဟင်"

လီမုန်ကျင်းက ...

"အစ်ကို သိပ်ကိုပြန်လာချင်ပါတယ်၊ ဒါပေမဲ့ ... အစ်ကို့ အခြေအနေဟာ သေမလား ရှင်မလား မသိရသေးဘူး"

"ဘိုးဘိုးကလည်း ပြောပါတယ်၊ အစ်ကိုရင်ဆိုင်ရမယ့် ရန်သူ့ရဲ့ဓားပညာဟာ သိုင်းလောကမှာ ရှားမှရှားပဲတဲ့"

လီမုန်ကျင်းက ...

"အစ်ကို့ရဲ့သိုင်းပညာဟာ အခြေခံလောက်ပဲ ရှိသေးတယ်၊ သူ့နဲ့ ဘယ်လိုမှယှဉ်လို့ မရဘူးဆိုတာ သိတယ်၊ ဒါကြောင့် အစ်ကိုက အခု အချိန်လေးမှာ သိုင်းပညာရှင်ကို လိုက်ရှာရမှာဖြစ်တယ်"

"အစ်ကို့မှာ သိုင်းဆရာတွေနဲ့ အဆက်အသွယ်ရှိလို့လား"

"တစ်ယောက်မှမရှိဘူး"

"အစ်ကို့ရဲ့ဖခင်ဟာ သိုင်းရာဇာတစ်ယောက်ဖြစ်ပြီး ဘာကြောင့် မိတ်ဆွေတစ်ယောက်မှမရှိကာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုရှိပါတယ်၊ ဖေဖေဟာ သိုင်းလောကမှာ အနား‌ယူ
လိုက်တဲ့အတွက် သိုင်းလောကသားတွေက တစ်ယောက်မှ မလာ
တော့ဘူးလေ"

"နောက်အကြောင်းတစ်ခုက ဘာလဲ"

"ဖေဖေက အစ်ကိုကို သိုင်းသမားတစ်ယောက် မဖြစ်စေ
ချင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"သိုင်းလောကသားတစ်ယောက်ဟာ အမြဲတမ်း သွေးစွန်း
တတ်တယ်လို့ ပြောပါတယ်"

"အစ်ကို့အဖေရဲ့သဘောထားနဲ့ ကျွန်မဘိုးဘိုးရဲ့သဘော
ထားက အတူတူဖြစ်နေပြီ"

"ဟုတ်လား"

"ဟုတ်တယ်၊ တစ်ချိန်တုန်းက ဘိုးဘိုးဟာ သိုင်းပညာရှင်
တစ်ယောက်ပါ"

"ဗျာ"

လီမုန်ကျင်းက အလွန်အံ့သြသွားသည်။



"ဒါပေမဲ့ ... သူဟာ လူတစ်ယောက် လောကပေါ်မှာ
ရောက်လာရင် လူသားတွေအတွက်တော့ တာဝန်တစ်ခုခုကော့ ကျေ
ရမယ်လို့ ခံယူထားလို့ သိုင်းလောကကို စွန့်လွှတ်ပြီး သမားတော်ကြီး
ဘဝကို ရောက်ရှိလာရတယ်"

လီမုန်ကျင်းသည် သမားတော်ကြီးဆုံးမခဲ့သည့် စကားကို
ပြန်လည်သတိရလာသည်။

"ဒါကြောင့် သူက အစ်ကို့ကို ရန်ကိုရန်ချင်း မတုံ့နှင်းဖို့ လေး
လေးနက်နက် ပြောလိုက်တာကိုး"

မယုံဟွာက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်သည်။

လီမုန်ကျင်း မျက်မှောင်ကုတ်သွားသည်။

"အစ်ကို့ကို ဘာကြောင့် ဒီလောက်တောင် ကြည့်နေရတာ
လဲ"

မယုံဟွာက ...

"ကျွန်မ တစ်ခုပြောချင်ပါတယ်၊ ဒါပေမဲ့ ... ပြောသင့်
မပြောသင့် စဉ်းစားနေလို့ပါ"

❑

www.burmeseclassic.com

www.burmeseclassic.com



လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

မြေပြင်ပေါ်၌ ပြန့်ကျဲနေသော ကျွရွက်များသည် ပလ

သွားလေသည်။

မှယ့်ဟွာက တစ်ခုခုကို စိတ်ပိုင်းဖြတ်လိုက်ဟန် ရှိသည်

သူမက ခေါင်းမော့၍ ...

"ကျွန်မ စကားတစ်ခွန်းမေးမယ်၊ သေချာစဉ်းစားပြီးမှ ဖြေ

ပါ"

မှယ့်ဟွာက မျက်မှောင်ကြုတ်သွားလေသည်။

"မေးပါ"

မှယ့်ဟွာက ပြောရန် ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်လိုက်

သည်။

လီမှန်ကျင်းက ...

"မေးလေ၊ ဘာဖြစ်သွားတာလဲ"

မှယ့်ဟွာက ...

"မမေးချင်တော့ပါဘူး"



"ဒါဖြင့် အစ်ကို စကားတစ်ခွန်း မေးမယ်၊ သေချာစဉ်းစား

ပြီးမှ ဖြေပါ"

"မေးလေ"

လီမှန်ကျင်းက ...

"တကယ်လို့ အစ်ကိုက ကံကောင်းပြီး အသက်ရှင်ခဲ့လို့ ညီမ

လေးဆီရောက်လာရင် အစ်ကို့ကို အိမ်သားတစ်ယောက်အဖြစ် လက်

ခံနိုင်မလား"

မှယ့်ဟွာ၏မျက်နှာတစ်ခုလုံး ပန်းရောင်သမ်းသွားသည်။

သူမ၏မျက်ဝန်းအစုံတွင် ရွှန်းလက်တောက်ပလာလေ

သည်။

လီမှန်ကျင်းက ...

"ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် အစ်ကိုက မင်းကို

အသည်းထဲစွဲနေပြီ၊ တကယ်လို့ ဘာတာဝန်မှမရှိဘူးဆိုရင် ညီမလေး

ရဲ့ ခြံဝင်းထဲက မြေတစ်ဖဝါးမှ ခွာရက်မှာ မဟုတ်တော့ဘူး"

မှယ့်ဟွာ၏မျက်နှာတစ်ခုလုံးမှာ ဒုတိယအကြိမ် ပန်းရောင်

သမ်းလာပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမှ မပြောဖြစ်တော့ပါ။

လီမုန်ကျင်းက ...

"ညီမလေးက မပြောချင်ဘူးဆိုရင် ခေါင်းညိတ်ပြပါ၊ ဒါ မဟုတ်ရင် ခေါင်းခါပြပါ"

မုယုံဟွာက ခစ်ခနဲ ရယ်မောလိုက်သည်။

လီမုန်ကျင်း၏မျက်နှာတစ်ခုလုံး ညှိုးနွမ်းသွားလေသည်၊

"ဟုတ်ပါတယ်လေ၊ အစ်ကိုဟာ ဗေဒါဘဝရောက်နေလို့ ဘယ်အရာမှ မရှောပါဘူး၊ ဒီတော့ ညီမလေးရဲ့ဘဝကြင်ဖော်အဖြစ် အခြေအနေ မရှိပါဘူးလေ"

သူ၏အသံသည် တိမ်ဝင်သွားလေသည်။ မုယုံဟွာ၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားသည်။

"အစ်ကို အထင်မှားနေပြီ"

လီမုန်ကျင်းက ...

"ဟုတ်လား၊ ပြောစမ်းပါဦးကွယ်"

မုယုံဟွာက ...

"အမှန်ပြောရမယ်ဆိုရင် ... အစ်ကို ကျွန်မကိုမေးတဲ့



စကားတွေဟာ ကျွန်မက အစ်ကို့ကို မေးမယ့်စကားတွေပါ၊ ကျွန်မ က မိန်းကလေးတစ်ယောက်ဖြစ်နေတော့ ပြောချင်တာတောင် ပြော မထွက်လို့ပါ"

လီမုန်ကျင်းက အလွန်ဝမ်းသာသွားသည်။

"ညီမလေးက အစ်ကို့ကို လက်ခံမယ်ဆိုပါတော့"

မုယုံဟွာ ခေါင်းညိတ်လိုက်သည်။

လီမုန်ကျင်းက သတိလက်လွတ်ဖြစ်သွားပြီး မုယုံဟွာ၏ လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"အစ်ကို ဝမ်းသာလိုက်တာ၊ ဘယ်လိုဝမ်းသာရမှန်း မသိ တော့ပါဘူး၊ အခု အားရှိလာပြီ၊ ရန်သူကို အနိုင်ယူဖို့လည်း ဆုံးဖြတ် လိုက်ပြီ၊ ညီမလေး အစ်ကို့ကို စောင့်ပါ၊ အစ်ကို ပြန်လာပါ့မယ်"

မုယုံဟွာ ခေါင်းညိတ်လိုက်သည်။

မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးဆင်းကျလာလေ သည်။

လီမုန်ကျင်းက မုယုံဟွာ၏လက်မောင်းကို လှုပ်လိုက်သည်။

"အစ်ကို့ရဲ့ဘဝမှာ ညီမလေးတစ်ယောက် ရှိလာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ခွန်အားအပြည့်ရှိလာပြီ၊ အစ်ကိုသွားမယ်၊ အမြန်ဆုံး ပြန်လာရ အောင် ကြိုးစားမယ်”

မုယ်ပုဟွာက ခေါင်းညိတ်လိုက်သည်။

ထို့နောက် သူ့အိတ်ထဲမှ ပါးလွှာသော စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်ပြီး လှမ်းပေးလိုက်သည်။

“ဒီစာအုပ်လေးဟာ ဘိုးဘိုးရဲ့နှစ်ပေါင်းသုံးဆယ်ကျော်က သိမ်းထားတဲ့ စာအုပ်ပါ၊ အစ်ကို့အတွက် အသုံးဝင်ချင် ဝင်လာလိမ့်မယ်လို့ ယုံကြည်လို့ ယူခဲ့တာပါ”

လီမုန်ကျင်းက စာအုပ်ငယ်ကို လှမ်းယူ၍ ဖတ်ကြည့်လိုက်သည်။

စားကျမ်း (၉) ကွက်

ဟု မျက်နှာဖုံးပေါ်၌ ရေးထားသည်။

စာအုပ်ငယ်အား လှန်ကြည့်လိုက်သောအခါ သိုင်းကျမ်းဟူ၍ တစ်ခုမှမပါဘဲ မြေပုံစာရွက်တစ်ရွက်သာ ပါရှိသည်ကို မြင်တွေ့လိုက်ရသည်။

သူက မြေပုံအား သေချာစွာ ကြည့်လိုက်သည်။



မုယ်ပုဟွာက ...

“ဘယ့်နှယ်လဲ အစ်ကို၊ အသုံးဝင်ရဲ့လားဟင်”

လီမုန်ကျင်းက ...

“စာအုပ်ရဲ့မျက်နှာဖုံးပေါ်မှာ သိုင်းကျမ်း (၉) ကွက်လို့တော့ ရေးထားတယ်၊ ဒါပေမဲ့ ... အထဲမှာ ဘာသိုင်းကွက်မှ မပါဘဲ မြေပုံတစ်ခုသာ ပါတယ်”

မုယ်ပုဟွာက စိတ်ခေတ်ကျသွားသည်။

“ဒါနဲ့များ ဘိုးဘိုးက ဒီစာအုပ်ကိုမပျောက်ပျက်အောင် နှစ်ပေါင်းအတန်ကြာ တရိုတသေ သိမ်းဆည်းထားတာ”

လီမုန်ကျင်းသည် ထိုမြေပုံကို သေသေချာချာ ထပ်မံကြည့်ရှုလိုက်သည်။

သူ့ဦးခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။

“ဒီမြေပုံဟာ ... သိုင်းကျမ်းရှိတဲ့နေရာကို ဖော်ပြတဲ့ မြေပုံများ ဖြစ်နေမလား၊ မထူးပါဘူး၊ လက်ရှိ ငါ ... ဘာမှရေရေရာရာမရှိတဲ့အခါမှာ ဒီစာအုပ်ရထားလို့ တစ်နေ့မှာ အထောက်အကူ ပြုရှင်ပြုလာမယ်”

www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသို့ဆိုးဖြတ်လိုက်ပြီး မုယုံဟွာ၏ပခုံးကို အသာအယာ ပုတ်လိုက်သည်။

"စိတ်မပျက်နဲ့ ညီမလေး၊ ဒီမြေပုံဟာ သိုင်းကျမ်းရှိတဲ့နေရာကို ညွှန်ပြတဲ့မြေပုံလို့ အစ်ကိုထင်တယ်၊ ဒါကြောင့် ... ယူသွားမယ်နော်"

ယခုမှပင် မုယုံဟွာက ရယ်မောနိုင်လေသည်။

သူက ခေါင်းညိတ်၍ ...

"အစ်ကို အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်"

လီမုန်ကျင်းက ...

"ကဲ ညီမလေး ... အိမ်နဲ့တောင် တော်တော်ဝေးသွားပြီ ပြန်တော့"

မုယုံဟွာက ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်မ စောင့်နေမယ်နော်"

လီမုန်ကျင်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"အစ်ကို ပြန်လာဖြစ်အောင် ပြန်လာပါ့မယ်"

သူသည် မြင်းပေါ်သို့ ခုန်တက်လိုက်သည်။



မြင်းကို ခြေလှမ်းမှန်မှန်ဖြင့် မောင်းနှင်ထွက်ခွာသွားရင်း မုယုံဟွာအား လက်ဝှေ့ယမ်းပြလိုက်သည်။

မုယုံဟွာလည်း လက်ဝှေ့ယမ်းပြရင်း လီမုန်ကျင်း မြင်ကွင်းမှ ပျောက်ကွယ်သွားတော့မှ မျက်ရည်သုတ်ကာ အိမ်သို့ပြန်သွားတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ချစ်ဒေါသ

လီမုန်ကျုင်းသည် မြင်းကိုအရှိန်မှန်မှန်ဖြင့် လမ်းမကြီးအ
တိုင်း မောင်းနှင်သွားသည်။ သူသည် မြင်းကို မောင်းသာမောင်းနေ
သည်။ မည်သည့်နေရာကို သွားရမည်ကို မစဉ်းစားမိပါ။

လောကတစ်ခုလုံးတွင် သူတစ်ယောက်တည်း အထီးကျန်
ဘဝရှိသည်ကို တွေးမိလေသည်။

"အခု ဘယ်သွားရမလဲ"

သူ့ကိုယ်သူ မေးခွန်းထုတ်မိသည်။

"ငါ ဘယ်ကိုသွားရမှန်း ဘာမှ ငါမသိပါလား"

"ဒီအတိုင်း ခြေဦးတည့်ရာသွားလို့ မဖြစ်ဘူး၊ တစ်နေရာရာ
သွားရမယ်"



"ငါ ဘယ်ကိုသွားရင် ကောင်းမလဲ"

"ဦးလေးဝမ်ကျွန်း"

သူသည် ဦးလေးဝမ်ကျွန်းအား သတိရလေသည်။

"ဟုတ်ပါတယ်၊ ဖေဖေ ဘာကြောင့် သူများရဲ့ရန်ငြိုးရှိရလဲ
ဆိုတာ ဦးလေး ဝမ်ကျွန်းကို ပြောရင် သိမှာပဲ"

သူက သူ၏ဦးလေးတော်သူ လီဝမ်ကျွန်းထံသွားရန် ဆုံး
ဖြတ်လိုက်သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

## ချောင်းတမြို့

လီမုန်ကျင်းသည် ချောင်းတမြို့သို့ ရောက်လာသော

မွန်းလွဲချိန်ပင် ရှိနေချေပြီ။

သူ၏ဦးလေးတော်သူ လီဝမ်ကျွန်းထံသို့ သူငယ်စဉ်

မကြာခဏ ရောက်ဖူးသော်လည်း ကြီးပြင်းလာသောအခါ ဤ

ကြိမ်သာ ထပ်မံရောက်ရှိလာခြင်းဖြစ်သည်။

လီဝမ်ကျွန်း၏အိမ်ဂေဟာသည် ထည်ဝါခန့်ညားလှ

သည်။

လီမုန်ကျင်းသည် ဂေဟာရှေ့တွင် မြင်းကိုရပ်၍ ဆင်းလို

သောအခါ ခြံစောင့်တစ်ယောက်က ဆီး၍မေးလိုက်သည်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"



လေသံက မာကျောလှ၏။

လီမုန်ကျင်းက ...

"ဦးလေး လီဝမ်ကျွန်းနဲ့တွေ့ချင်တယ်"

ခြံစောင့်က သူ့အား အကဲခတ်ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ နာမည်ပြော"

လီမုန်ကျင်းက ...

"လီမုန်ကျင်းလို့ ပြောလိုက်"

ခြံစောင့်က ...

"ခဏစောင့်နေ"

သူသည် ခြံဝင်းထဲသို့ ဝင်သွားပြီး အိမ်ဂေဟာရှိရာသို့

လျှောက်သွားသည်။

တစ်ခဏအကြာတွင် ... သူက ပြန်ထွက်လာသည်။

"အထဲကိုကြွပါ"

သူ၏မျက်နှာထားနှင့်လေသံသည် ပြောင်းသွားသည်။

ခြံစောင့်က သူ၏မြင်းကို အခြားလူတစ်ယောက်လက်အသို့

လွှဲပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

လီမုန်ကျင်းအား လေးလေးစားစားဖြင့် အိမ်ဂေဟာထဲသို့ ခေါ်ဆောင်သွားသည်။

❑

လီဝမ်ဗိုက်သည် သိုင်းရာဇာတစ်ယောက် ဖြစ်သည်။

လီဝမ်ကျွန်းမှာမူ ချောင်းတမြို့ရှိ မြို့တော်ဝန်တစ်ယောက် ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက်သည် ရည်မှန်းချက်မတူညီသဖြင့် တစ်ယောက်နှင့်တစ်ယောက် အသွားအလာ အလွန်ကျဲခဲ့ကြလေသည်။

ထို့ကြောင့် လီမုန်ကျင်း ယခုကဲ့သို့ရောက်လာသည်ကို လီဝမ်ကျွန်းက အံ့သြနေသည်။

❑



"မင်းတောင် အတော်ကြီးလာပြီပဲ၊ မင်းအသက် အခု ဘယ်လောက်ရှိပြီလဲ"

လီဝမ်ကျွန်းက လီမုန်ကျင်းအား တွေ့တွေ့ချင်း မေးလိုက်သည်။

"နှစ်ဆယ်ပြည့်ပြီးပါပြီ ... ဦးလေး"

လီမုန်ကျင်းက ပြောပြီး ဂါရဝပြုလိုက်သည်။

"ကဲ ... ထိုင်ကွာ"

လီမုန်ကျင်းက ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။

"မင်းအဖေ နေကောင်းလားဟေ့"

လီဝမ်ကျွန်း၏မေးသံကို ကြားလိုက်သည်နှင့် လီမုန်ကျင်းက ရင်ဆို့သွားလေသည်။

"သူမရှိတော့ဘူး"

လီဝမ်ကျွန်းက အံ့သြသွားသည်။

"ဘာရောဂါနဲ့ ကွယ်လွန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူလက်ချက်နဲ့"

လီဝမ်ကျွန်းက ပါးစပ်ပိတ်ထားလိုက်သည်။

❑

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

လီဝမ်ကျွန်းက အတန်ကြာ တိတ်ဆိတ်နေပြီးမှ ...

"သူက သိုင်းလောက အနားယူလိုက်တယ်လို့ ငါကြားခဲ့ရတယ်၊ သူ အေးအေးဆေးဆေးနေရပြီထင်လို့ ဝမ်းသာနေမိတာ"

လီမုန်ကျင်းက မျက်ရည်ဝဲလာသည်။

လီဝမ်ကျွန်းက ...

"ဒါနဲ့ ရန်သူ ဘယ်သူဆိုတာသိလား"

"သံမဏိမျက်နှာ"

လီဝမ်ကျွန်းက မျက်မှောင်ကြုတ်သွားသည်။

"နာမည်က ထူးထူးဆန်းဆန်းဖြစ်နေပါလား"

လီမုန်ကျင်းက ...



"သူ့နာမည်မဟုတ်ဘူး၊ သူ့ရဲ့မျက်နှာမှာ သံမဏိမျက်နှာ [illegible]တပ်ထားလို့"

လီဝမ်ကျွန်းက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ငါ စိတ်မကောင်းပါဘူးကွာ"

"ကျွန်တော် ဦးလေးဆီကို လာသတင်းပို့ရင်း သိချင်တာ[illegible] နည်းနည်းရှိလို့ မေးခွင့်ပြုပါ"

"မေးပါလေ ... ဦးလေးသိတာတွေ အကုန်လုံး ပြောပြပါ့[illegible]"

"ဖေဖေ့ရဲ့ရန်သူ ဘယ်သူဆိုတာ ဦးလေးသိလား"

လီဝမ်ကျွန်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းအဖေက ငါ့အစ်ကိုဖြစ်ပေမယ့် အသွားအလာကျဲတော့ [illegible]ကြောင်း သိပ်မသိပါဘူး"

လီမုန်ကျင်းက စိတ်ဓာတ်ကျသွားသည်။

"ကျွန်တော့်ဖခင်အတွက် လက်စားချေရမှာ ခက်တာက [illegible]ဘယ်သူဆိုတာ အခုထိမသိသေးဘူး"

"မင်းက မင်းအဖေအတွက် လက်စားချေဖို့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါဟာ ... ကျွန်တော့်ရဲ့ ရှောင်လွှဲမရတဲ့ ထမ်းဆောင်ရမယ့် တာဝန်ပါ"

လီဝမ်ကျွန်း ပါးစပ်ပိတ်ထားလိုက်သည်။

❑

တစ်ခန်းလုံး တိတ်ဆိတ်သွားပြန်လေသည်။

အတန်ကြာတော့မှ ...

လီဝမ်ကျွန်းက သတိရလာလေသည်။

"ငါ လူတစ်ယောက်ကိုတော့ သတိရမိတယ်၊ ဒါပေမဲ့ ... ဟုတ်တယ်, မဟုတ်ဘူးဆိုတာ မင်း သေသေချာချာ စုံစမ်းရလိမ့်မယ်"

"ဟုတ်ကဲ့ ... သူက ဘယ်သူလဲ"

"အမှန်တော့ ဒီလူဟာ မင်းအဖေနဲ့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်း၊ တစ်ယောက်နဲ့တစ်ယောက် အသက်ပေးခင်မင်ကြတဲ့ သူငယ်ချင်းတွေ"



လီမုန်ကျင်းက အာရုံစူးစိုက်စွာဖြင့် နားထောင်နေ၏။

"နောက်တော့ မိန်းမတစ်ယောက်အတွက်နဲ့ သူတို့နှစ်ယောက် သဘောထားချင်းကွဲသွားကြတယ်၊ သဘောထားကွဲရုံမက ဘူး ရန်သူအဖြစ် ပြောင်းသွားကြတယ်"

လီမုန်ကျင်းက စိတ်လှုပ်ရှားလာသည်။

လီဝမ်ကျွန်းက ...

"ငါပြောပြနေတာဟာ လူသတ်တရားခံလို့ဆိုတာ မဟုတ်ဘူး ဖြစ်နိုင်,မဖြစ်နိုင်ဆိုတာလည်း မင်း သေသေချာချာ စုံစမ်းလေ့လာရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်"

သူက ပြန်မေးလိုက်သည်။

"သူတို့နှစ်ယောက် ဘာကြောင့် လမ်းခွဲကြတာလဲ"

လီဝမ်ကျွန်းက ...

"ဒီလိုကွဲ၊ အဲဒီမိန်းကလေးတစ်ယောက်ကို သူတို့နှစ်ယောက်က ပြိုင်ကြိုက်တယ်၊ နောက်တော့ မင်းအဖေ လက်လျှော့ခဲ့ရတယ်ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



လီဝမ်ကျွန်းက ...

"ဖေဖေဟာ ဒီကိစ္စလေးနဲ့တော့ သူနဲ့ ရန်ငြိုးဖြစ်လိမ့်မ လို့ မထင်ဘူး၊ သူဟာ နားလည်မှုရှိတဲ့ လူတစ်ယောက်ပါ"

လီဝမ်ကျွန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါ့အစ်ကိုအကြောင်း ငါ နားလည်တယ် ကြောင့်လည်း သူက မင်းအမေကို ယူခဲ့တာပေါ့"

သူက ဆက်၍ရှင်းပြလိုက်သည်။

"တစ်ခုတော့ရှိတယ်၊ သူ့ချစ်သူ လက်လွှတ်သွားတာ သူ့ပြိုင်ဘက်က အတင်းအဓမ္မနည်းကို အသုံးပြုပြီး အပိုင်စီးသ တယ်လို့ မင်းအဖေက ခံယူထားတယ်၊ ဒါကြောင့် တစ်ယောက်နဲ့တ ယောက် စကားမပြောတော့ဘဲ လုံးဝ လမ်းခွဲသွားကြတယ်လေ"

လီမုန်ကျင်းက နားထောင်နေ၏။

လီဝမ်ကျွန်းက ...

"ပြဿနာက အဲဒီပြိုင်ဘက်ဟာ သူ့ချစ်သူကို ရလိုက်ေ မယ့် မင်းအမေနဲ့ မရှင်းမရှင်းဆိုပြီး မိန်းမကို ပြောဆိုပုတ်ခတ်ေ စက်တယ်၊ နောက်ဆုံး သူ့သမီး ကိုးနှစ် ဆယ်နှစ်အရွယ်မှာ ဒီလူဟ



သောက်စားမူးယစ်လာတယ်၊ မိန်းမကို လူမဆန်စွာ နှိပ်စက်ညှဉ်း ပန်းတယ်၊ အဲဒီမိန်းမက နောက်ဆုံး မင်းအဖေဆီ ပြေးလာပြီး သူ ခံနေရတဲ့အကြောင်းကို ရိုးရိုးသားသား ပြောပြတယ်၊ သူ့ကိုကူညီဖို့ လည်း လာရောက်တောင်းပန်တယ်"

လီမုန်ကျင်းက သေချာစွာ နားထောင်နေသည်။

လီဝမ်ကျွန်းက ဆက်၍ ...

"မင်းအဖေကတော့ သူကိုယ်တိုင်သွားပြီး ဖျောင်းဖျပြော ဆိုဖို့ ရောက်သွားတယ်၊ အဲဒီကနေပြီး ပြဿနာတက်တော့တာပဲ၊ ဒီလူက သူ့မိန်းမကို သစ္စာမဲ့တယ်ဆိုပြီး သတ်လိုက်တယ်၊ မင်းအဖေ တသွားပြီး ဒေါသတကြီး ပြစ်တင်ပြောဆိုတဲ့အတွက် နောက်ဆုံး နှစ် ယောက် ဓားချင်းယှဉ်ရတယ်၊ ဒီလူဟာ နောက်ဆုံး မင်းအဖေရဲ့ဓား ချက်နဲ့ သေဆုံးရတယ်"

သူက စကားဆက်လိုက်ပြန်သည်။

"အဲဒီအချိန်ကစပြီး မင်းအဖေက နောင်တရပြီး သိုင်းလော ကမှ လုံးဝ အနားယူလိုက်တယ်လေ"

❑

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းက ဦးလေးဝမ်ကျွန်း ပြောပြသော စကားများကို သေသေချာချာ မှတ်သားထားပြီးနောက် သူသိလိုသော အချက်အလက်များကို ထပ်၍မေးလိုက်သည်။

"ဒါနဲ့ ဦးလေး ... သူ့နာမည်က ဘယ်လိုခေါ်လဲ"

လီဝမ်ကျွန်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ရှီမွန်စိမ်း"

"သူ ဘယ်မှာနေတာလဲ"

"နဂါးပွက်ရွာ"

"ဟိုနန် နယ်ကလား"

"မဟုတ်ဘူး၊ စင်းကျန်းနယ်မှာ"

လီမုန်ကျင်းက သေသေချာချာ မှတ်ထားလိုက်သည်။

လီဝမ်ကျွန်းက ...

"မင်းက သူတို့ကို သွားရှာပြီး လက်စားချေမလို့လား"

"မဟုတ်ဘူး၊ လူချင်းမှားမှာစိုးလို့ မေးတာပါ"

သူက ဆက်၍ရှင်းပြလိုက်သည်။



"ရန်သူကတော့ သူ့ကို လက်စားချေချင်တယ်ဆိုရင် မချေနိုင်အောင် သူ ဘယ်အချိန် ဘယ်မှာရှိမယ်ဆိုတာ ပြောပြီးသားပါ"

လီဝမ်ကျွန်းက မျက်မှောင်ကြုတ်သွားလေသည်။

"တော်တော်သတ္တိကောင်းတဲ့ ရန်သူပါလား"

လီမုန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့်ကို ကုသပေးတဲ့ သမားတော်ကြီးမှယုံက ကျွန်တော့်ဒဏ်ရာကိုကြည့်ပြီး ဒီလူဟာ ဓားပညာမှာ အဆင့်တော်တော်မြင့်တယ်လို့ သတိပေးထားပါတယ်"

လီဝမ်ကျွန်းက ...

"မင်းရဲ့ ဓိုင်းပညာ ဘယ်လောက်ရှိလဲဆိုတာ ငါ နားလည်ထားတယ်၊ သူ့ကို သွားယှဉ်လို့ ဖြစ်ပါ့မလား"

လီမုန်ကျင်းက ...

"ကျွန်တော့်မှာ အချိန်တစ်နှစ် ရှိသေးတယ်၊ ဒီတစ်နှစ်အတွင်း ကျွန်တော်က သူ့ကိုနိုင်မယ့် ဓားပညာကို တတ်ဖို့ ကြိုးစားရမှာပေါ့"

လီဝမ်ကျွန်းက ...

www.burmeseclassic.com

www.burmeseclassic.com



"မင်း လုပ်ချင်တဲ့အလုပ်ကို ငါ မတားလိုဘူး၊ ဒါပေမဲ့ ... တစ်ယောက်နဲ့တစ်ယောက် အတွဲ့အလှည့်နဲ့ လက်စားချေကြမယ်ဆိုရင် ဒီသံသရာထဲမှာ တဝဲလည်လည်နဲ့ လူ့ဘဝ ဆုံးသွားမယ်ဆိုတာ ထည့်ပြီး စဉ်းစားစေချင်တယ်"

လီမုန်ကျင်းက ပါးစပ်ပိတ်ထားသည်။

❑❑❑



## အခန်း (၁၀)
## ချစ်သက်လက်ဆောင်

လီမုန်ကျင်း သူ့ဦးလေးအိမ်၌ ဆယ်ရက်ခန့် နေပြီးနောက် မြင်းတစ်ကောင်နှင့် ထွက်လာသည်။

ထိုဆယ်ရက်အတွင်း သူက မြေပုံကို အပြန်ပြန်အလှန်လှန် လေ့လာကြည့်ရှုခဲ့သည်။

ယခု သူသည် မြေပုံပေါ်မှ ဖော်ပြထားသော အနီးဆုံး နေရာတစ်ခုကို ဦးတည်သွားနေခြင်း ဖြစ်သည်။

ထိုဒေသသည် ချောင်းတစ်ဖြို့နှင့် လီပေါင်းတစ်ရာခန့် ဝေးသည်။

တောင်အထပ်ထပ်ရှိသည်ကို မြေပုံပေါ်၌ သေချာစွာ ဖော်ညွှန်းထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုဒေသသို့ မြင်းကို အရှိန်မှန်မှန် မောင်းနှင်၍ ထွက်ခွာသွားရာတွင် လမ်းမှားမည်ကို စိုးရိမ်သဖြင့် သူ ဖြတ်ကျော် ခဲ့သော မြို့ကလေးများ လမ်းဆုံလမ်းခွ ဆိုင်များကို သေသေချာချာ မေးမြန်းစုံစမ်းခဲ့ရလေသည်။

ထို့ကြောင့် လေးရက်အတွင်း သူသည် လူတစ်ရပ်ခန့် မြင့် သော ကျောက်ပြားတစ်ပြားရှေ့တွင် ရောက်နေလေသည်။

ကျောက်ပြားပေါ်၌ ရေးသားထားသည်မှာ ...

"အန္တရာယ်များသည်၊ ခရီးသည်များ မဝင်ရ တားမြစ် သည်"

ဟု ဖြစ်သည်။

သူသည် မြင်းပေါ်မှ ဆင်းလိုက်သည်။

ကျောက်ပြားပေါ်တွင် ထွင်းထားသောစာများကို အထပ် ထပ် ဖတ်ရှုလိုက်သည်။

ဆက်လက်ဝင်သင့်မဝင်သင့် သူက စဉ်းစားဆင်ခြင်နေ သည်။

နောက်ဆုံး ...



သူသည် ကျားကလေးလိုချင်လျှင် သားရဲတွင်းသို့ ဆင်းရ သည်ဟူသောစိတ်ဓာတ်ဖြင့် မြင်းကိုဆွဲ၍ မြေလမ်းကလေးအတိုင်း ဆက်လက်ဝင်သွားလေသည်။

❑

လီမှန်ကျင်းသည် ကုတ်တုတ်မျှမလှုပ် ရပ်နေ၏။

အကြောင်းမှာ သူ့ရှေ့တွင် ပေနှစ်ရာခန့်မြင့်သောတောင် များ အထပ်ထပ် ပြည့်ကျပ်လျက် ရှိနေသည်ကို တွေ့လိုက်ရသော ကြောင့် ဖြစ်သည်။ သူက တွေဝေသွားသည်။

"ငါ ဘယ်ကနေ ဘယ်လို ဆက်သွားရမလဲ"

သူက ညည်းညူလိုက်လေသည်။

ထို့နောက် မြင်းကိုဆွဲ၍ ဆက်လက်ဝင်သွားလေသည်။

သူက တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ဆက်လက် လျှောက်သွားသည်။

ထူးခြားသော နေရာတစ်စုံတစ်ခုမျှ မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နေဝင်ချိန်ရောက်သောအခါ အလွန်မောဟိုက်လာသောကြောင့် ကျောက်တုံးကြီးတစ်တုံးပေါ်တွင် ထိုင်ရလိုက်၏

ပါလာသော ထမင်းခြောက်များကိုစားကာ သောက်ရေဘူးထဲမှရေကို မော့သောက်လိုက်သည်။

သူက စားသောက်ပြီးနောက် အမောပြေသွားလေသည်။

မြင်ကွင်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်သည်။

ဆင်တူယိုးမှား ကျောက်ဆောင် ကျောက်တုံးများ ပြည့်နေသည်ကို တွေ့လိုက်ရသည်။

သူက အားတင်းမထားနိုင်တော့ပါ။ စိတ်ဓာတ် စတင်ကျလာသည်။

❑

နေလုံးကြီးသည် အပူရှိန် လျော့လာလေသည်။

နေရောင်ခြည်သည် မြေပြင်ပေါ်၌ နောက်ဆုံး နှုတ်ဆက်သည့်အနေနှင့် ပြန့်ကြဲနေသည်။



လီမှန်ကျင်းက ရုတ်တရက် မျက်လုံးကျိန်းသွားလေသည်။

ရွှေရောင်ခြည် တောက်ပနေသောဘက်သို့ လှမ်းကြည့်လိုက်သည်။

သူက ဝမ်းသာသွားသည်။

ကျနေသောအားအင်များ ပြန်လည်တက်ကြွလာသည်။

အကြောင်းမှာ ...

တောင်အထပ်ထပ်ကြားတွင် ရွှေရောင်သမ်းနေသော ဘုရားကျောင်းတစ်ကျောင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

"မြေပုံပေါ်မှာ ညွှန်ပြထားတာ ဒီဘုရားကျောင်းပဲ ဖြစ်ရမယ်"

သူက ထ,ရပ်လိုက်သည်။

မြင်းကိုဆွဲ၍ ဘုရားကျောင်းရှိရာသို့ ထွက်ခွာသွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းသည် ဘုရားကျောင်းတစ်ခုရှေ့တွင် ရပ်နေသည်။

သို့သော် ...

သူထင်မှတ်ထားသော ဘုရားကျောင်းသည် ဘုရားကျောင်း မဟုတ်ပါ။

ရွှေပြားများဖြင့် ရွှေချထားသော လိုဏ်ဂူတစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

နှစ်ပေါင်းများစွာ ချထားသော ရွှေများသည် ယခုအခါမှာ အရောင်မှေးမှိန်နေသည်။

လိုဏ်ဂူအပေါက်ဝမှာ လူတစ်ယောက်သာသာမျှသာ ကျယ်ဝန်းသည်။

လီမုန်ကျင်းက အပေါက်ဝမှနေ၍ အထဲသို့ ချောင်းကြည့်လိုက်သည်။

အလင်းရောင်က မှေးမှိန်နေသဖြင့် မည်သည့်အရာကိုမျှ မတွေ့ရပါ။



နံရံတွင်လည်း ရေညှိများထူထပ်စွာ တွယ်ကပ်နေသည်ကို တွေ့လိုက်ရသည်။

ဤလိုဏ်ဂူထဲသို့ လူသူမရောက်သည်မှာ နှစ်ပေါင်းအတန်ကြာပြီဟု ခန့်မှန်းနိုင်ပေသည်။

သူသည် အသင့်ပါလာသော မီးခြစ်ကျောက်နှင့် မိုးခံလေခံ ဆီမီးဖယောင်းတိုင်ကိုယူပြီး ဂူထဲသို့ လှမ်းဝင်သွားလေသည်။

ခြေလှမ်း သုံး၊လေးလှမ်း ဝင်လိုက်သည်နှင့် အတွင်းဘက်မှာ အလွန်ကျယ်ဝန်းသည်ကို တွေ့မြင်လိုက်သည်။

အမှောင်ထုက အားကောင်းနေသဖြင့် သူက လိုဏ်ဂူ၏ အခြေအနေကို ပီပီပြင်ပြင် မမြင်တွေ့နိုင်ပါ။

သူက ဖယောင်းတိုင်ကို ထွန်းညှိလိုက်လေသည်။

ယခုမှ သူသည် လိုဏ်ဂူ၏အခြေအနေကို ကောင်းစွာ မြင်တွေ့ရသည်။

ဘယ်ဘက်နံရံပေါ်တွင် လူရုပ်များ ထွင်းထားသည်ကို တွေ့ရလေသည်။

လူရုပ်ကိုးခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရုပ်နှင့်တစ်ရုပ်မှာ ကိုယ်နေဟန်ထား မတူကြပါ။

သူတို့၏ညာဘက်လက်ထဲတွင် ဓားတစ်လက်စီ ပါရှိသ[ည]ကို တွေ့မြင်ရသည်။

လီမုန်ကျင်းက အလွန်အလွန် ဝမ်းသာသွားသည်။

အကြောင်းမှာ ...

ထိုနံရံ၏ထိပ်စီးပေါ်တွင် စာတန်းတစ်ခု ထွင်းထားသည်[ကို] မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

**နွေမိုးဆောင်းသိုင်းကိုးကွက်**

ထိုလူရုပ်များကို ကြည့်လိုက်သောအခါ သူတို့၌ သိုင်းဟ[န်]ကိုယ်စီ ဖော်ညွှန်ထားသည်ကို တွေ့လိုက်ရသည်။

လီမုန်ကျင်းက မြေပေါ်သို့ ထိုင်ချလိုက်သည်။

ယခု သူသည် အလွန်သင်ကြားလိုသော သိုင်းပညာတစ်[ခု]ကို သင်ကြားလေ့ကျင့်နိုင်ခွင့် ရှိလာပြီမဟုတ်ပါလော။

❑



အတန်ကြာတော့မှ လီမုန်ကျင်းသည် လှုပ်ရှားနေသော [စ]ိတ်ကို ထိန်းနိုင်ခဲ့လေသည်။

ဖယောင်းတိုင်ယူ၍ နံရံအနီး၌ ကပ်ပြီး ထပ်မံ၍ အသေ[း]အချာကြည့်လိုက်သည်။

ဓားသိုင်းလေ့ကျင့်သော ဒေးလှုပ်ရှားမှုပုံဟန်များမှာ မျဉ်း[ကြ]ောင်းများဖြင့် ဖော်ညွှန်းထားသည်။

လီမုန်ကျင်းသည် ဉာဏ်ကောင်းသော လူငယ်တစ်ယောက် [ဖြ]စ်သည်။

ထိုဓားပညာများကို အဟုယူလေ့ကျင့်ရာ၌ အချိန်တိုတိုနှင့် [ပြီ]းနိုင်မှန်း ချက်ချင်းသဘောပေါက်များလည်လိုက်သည်။

"ဒီဓားသိုင်းကို လေ့ကျင့်မယ်ဆိုရင် လပေါင်းတော်တော် [ကြ]ာလိမ့်မယ်ထင်တယ်"

သူက ယတိပြတ် ဆုံးဖြတ်လိုက်သည်။

သံမဏိမျက်နှာနှင့်တွေ့ဖို့ရာမှာ တစ်နှစ်နီးပါးခန့် လိုသေး[သ]ည်။

"ငါ့မှာ အချိန်တွေ ကျန်သေးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ့်ကိုယ်ကိုယ် မေးမိလေသည်။

"ကဲ ... အခု ငါ ဘာဆက်လုပ်မလဲ"

သူက ရှေးဦးစွာ စဉ်းစားမိသည်မှာ နေ့စဉ် စားသောက်ရန် အစားအသောက်များ ဖြစ်သည် မဟုတ်ပါလား။

"မနက်ဖြန် ငါ မြို့လေးထဲသွားပြီး ယူအပ်တာတွေ ဝယ်ရမယ်"

သူသည် ဤသို့ဆုံးဖြတ်လိုက်ပြီးသည်နှင့် လိုဏ်ဂူဝရှိမြင်းကို လိုဏ်ဂူဘေးရှိ သစ်ပင်ရိပ်တွင် ချည်နှောင်ထားလိုက်သည်။

ထို့နောက် မြင်းကုန်းနှီးကိုဖြုတ်၍ လိုဏ်ဂူထဲသို့ သယ်ဆောင်လာသည်။

❑ ❑ ❑



## အခန်း (၁၁)

## မေဃ္ဃာလက်ဆောင်

ခရီးပန်းလာ၍လားမသိ။ လီမုန်ကျင်းသည် နောက်ကျမှ အိပ်ရာထလာသည်။

သူသည် မြို့ထဲသို့ဆင်းရန် ချက်ချင်း သတိရလာသည်။

ယခုမှ သူသည် အလိုအပ်ဆုံးသော ငွေကြေး တစ်ပြားမှ ပါမလာသည်ကို သတိရမိသည်။

"ဟောဗျာ ... ငါ့မှာ ငွေတစ်ပြားမှမရှိတာ ဘယ်လိုဝယ်လဲ"

သူက စိတ်ပျက်စွာ မြေပေါ်သို့ ထိုင်ချလိုက်လေသည်။

သူက လက်တစ်ဖက်ဖြင့် မြင်းကုန်းနှီးအား ပွတ်ရင်း အကြံထုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မြင်းကုန်းနှီးနဲ့ မြင်းကို ရောင်းလိုက်ရင်တော့ အဆင်ပြေနိုင်တယ် ... ဒါပေမဲ့"

သူက ဆက်၍တွေးမိလာပြန်သည်။

"ငါ့အဖို့ မြင်းမရှိလို့ မဖြစ်ဘူး"

သူက မြင်းကုန်းနှီးကိုသာ ရောင်းရန် ဆုံးဖြတ်လိုက်သည်။

"ပြောနေတာ ကြာတယ်၊ အခုပဲ သွားမယ်"

သူက မြင်းကုန်းနှီးကို မ,ယူလိုက်သည်။

"ဖုတ်"

ဟူသောအသံကို ကြားလိုက်ရသဖြင့် ငုံ့ကြည့်လိုက်ရာ မြင်းကုန်းနှီးကြားမှ အထုပ်တစ်ထုပ် ပြုတ်ကျလာခြင်းဖြစ်သည်ကိုတွေ့ရလေသည်။

"ဘာအထုပ်များပါလိမ့်"

အထုပ်ကို ကောက်ယူကြည့်လိုက်သည်။

မိန်းမလက်ကိုင်ပဝါဖြင့် ထုပ်ထားသော အထုပ်ကလေးဖြစ်သည်။ အထုပ်ကိုဖြေကြည့်ရာ သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေသည်။



လက်ကိုင်ပဝါတွင် စာရွက်ခေါက်တစ်ခုနှင့် ရွှေပြားများ ပါရှိနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

လက်ကိုင်ပဝါပေါ်၌ သင်းပျံ့သော အမွှေးနံ့များသည် သူ၏နှာခေါင်းထဲသို့ တိုးဝင်လာသည်။

သူ၏ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားသည်။

စာရွက်ခေါက်ကလေးကိုဖြန့်၍ ဖတ်ရှုလိုက်လေသည်။

လှပသောမိန်းကလေး၏လက်ရေးဖြင့် ရေးထားသောစာဖြစ်သည်။

စာထဲတွင် ရေးသားထားသည်မှာ ...

အစ်ကိုမုန်ကျင်း ...

လမ်းမှာ စရိတ်မရှိရင် ဒုက္ခရောက်မှာစိုးလို့ ရွှေပြားဆယ်ချပ် ပေးလိုက်ဘယ်။ ကျွန်မရဲ့မေတ္တာလက်ဆောင်တွေပါ။

မယုံဟွာ

ဟု အောက်တွင် အမည်ရေးထားလေသည်။

လီမုန်ကျင်းက ဝမ်းသာဝမ်းနည်းဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာခြင်းမှာ သူကြုံတွေ့ရသော အခက်အခဲများ အဆင်ပြေသွားသောကြောင့် ဖြစ်သည်။

ဝမ်းနည်းရခြင်းမှာ မိမိမှာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး မုယုံဟွာတို့ မြေးအဘိုး၏ကျေးဇူးကို တစ်ပုံတစ်ခေါင်းကြီး အကြွေး တင်နေသောကြောင့် ဖြစ်သည်။ သူက နိုင်မာသောလေသံဖြင့် ...

"မုယုံဟွာ ... မင်းရဲ့ကျေးဇူးကို ငါ တစ်နေ့ပြန်ဆပ်ပါမယ် လို့ ကတိပေးပါတယ်"

❑

လိုဏ်ဂူ၏အပေါက်ဝတွင် ဆူးချွန်များစွာဖြင့် ပိတ်ထား သည်။

လိုဏ်ဂူထဲတွင် ယခင်နှင့်မတူဘဲ သန့်ရှင်းစွာ ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဆန်၊ ဆီ၊ မီးသွေး စသည် မီးဖိုချောင်သုံးများ စုံလင်စွာ ရှိနေသည်ကို တွေ့လိုက်ရသည်။



ဝက်ပေါင်ခြောက်ကင်း ထမင်းခြောက်၊ ဂျုံမှုန့် စသည်များ ...ည်း ပြီးပြည့်စုံစွာ ရှိနေသည်ကို တွေ့ရသည်။

ထို့အပြင် ...

ထမင်းစားပန်းကန် ရေ... ရေအိုးများကိုလည်း တွေ့ရ ...ည်ဖြစ်သည်။

ဤလိုဏ်ဂူထဲသို့ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ တိုးဝင်မလာ ...ရန် ဆူးပင်များ ခုတ်၍ ပိတ်ထားခြင်းဖြစ်သည်။

မြေပြင်ကိုလည်း မှာကြမ်းများ ခင်းထားသဖြင့် လီမုန် ...င်းအဖို့ သက်တောင့်သက်သာ ရက်ရှည်လများ နေနိုင်မည်မှ ...တ်ပါလား။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## ကိုးကွက်သိုင်းကျမ်း

ယနေ့စောစော လီမုန်ကျင်းက နံရံပေါ်၌ ရေတွင်းထားသော ဓားသိုင်းကျမ်းကို စတင်လေ့ကျင့်လေသည်။

ထိုစာကျမ်းကို ...

'နွေမိုးဆောင်း' ဟူ၍ အမည်ပေးထားသည်။

ယင်းသို့ အမည်ပေးရသည်မှာ ရာသီဥတုတစ်ခုတွင် ဓားသိုင်းသုံးကွက်စီ ပါရှိနေခြင်းကြောင့် ဖြစ်ရမည်ဟု သူက အဓိပ္ပာယ်ကောက်ယူထားသည်။

ထို့ကြောင့် သူက ဖွဲ့ဖွဲ့ရှိရှိ စိတ်ရှည်ရှည်ဖြင့် ထိုသိုင်းကွက်ကိုးကွက်ကို စတင်လေ့ကျင့်လေသည်။

❑



ရွှေကျားသစ်စခန်းဆိုသည်မှာ ရှောင်လင်ကျောင်းတည်ရှိရာ 'ငတောင်စန်း' တောင်တန်းနှင့် တစ်ဆက်တည်းရှိနေသည်။

ဤစခန်းသည် ယခင်က မရှိပါ။

ဤနေရာသို့ရောက်ရှိလာခဲ့သည်မှာ သုံးနှစ်ကြာမျှသာ ရှိနေသေးသည်။

ရွှေကျားသစ်ဂိုဏ်း၏ဂိုဏ်းချုပ်မှာ ဝေကျန်းခုံးဖြစ်လေသည်။

သူသည် နံ့ခုံးသိုင်းဆရာ၏တပည့်ဖြစ်သည်။

ယခုမှာမူ သူ့ကိုယ်တိုင် စင်ထောင်၍ ရွှေကျားသစ်အမည်တည်ထောင်လိုက်ခြင်းဖြစ်သည်။

သူ၏အင်အားမှာ ငါးဆယ်မျှသာ ရှိသည်။ သို့သော် ...

ထိုအင်အား ငါးဆယ်ကို အထင်သေး၍ မရပါ။

အကြောင်းမှာ ...

ဘိုဂိုဏ်းသား ငါးဆယ်ခန့်တို့သည် တိုက်ရေးခိုက်ရေး ကျွမ်းကျင်သောသူများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိမျက်နှာက လီဝမ်ဝိုက်ထံသို့ သွားရောက်တိုက်ခိုက်ရာတွင် ဂိုဏ်းချုပ်ဝေ့ကျန်းခုံးထံမှ လူဆယ်ယောက်ခန့် တောင်းသွားခြင်းဖြစ်သည်။

❑

မြင်းတစ်ကောင်သည် ရွှေကျားသစ်စခန်းမှ စတင်ထွက်ခွာလာသည်။

ထိုသူမှာ ရွှေကျားသစ်ဂိုဏ်း၏ဂိုဏ်းချုပ်ဝေ့ကျန်းခုံး ဖြစ်သည်။

သူသည် မည်သည့်နေရာသို့ သွားရောက်နေပါသနည်း။

ခါတိုင်းဆိုလျှင် သူ တစ်ယောက်တည်း မည်သည့်အခါမှ မထွက်ပါ။

ယခု ...

အံ့ဩဖွယ်ရာကောင်းသည်မှာ ဝေ့ကျန်းခုံးက တစ်ယောက်တည်း ထွက်သွားနေသောကြောင့် ဖြစ်သည်။



ရွှေကျားသစ်ဂိုဏ်းချုပ်သည် အဘယ်ကြောင့် တစ်ယောက်တည်း ထွက်လာရပါသနည်း။

မည်သူနှင့် သွားတွေ့လိုပါသနည်း။

❑

ကျန်းကျင်းမြို့သည် အလွန်စည်ကားသောမြို့တစ်မြို့ဖြစ်၏။

ရွှေကျားသစ်ဂိုဏ်းချုပ် ဝေကျန်းခုံးက ကျန်းကျင်းမြို့ထဲသို့ ရောက်လာသည်နှင့် စားသောက်ဆိုင်တစ်ခုတွင် နံနက်စာကို ဝင်ရောက် စားသောက်လိုက်သည်။

ထို့နောက် ...

ကျန်းကျင်းမြို့၏တောင်ဘက် တံခါးရှိရာသို့ ဆက်လက်ထွက်ခွာသွားလေသည်။

ထိုနေရာသည် ကျန်းကျင်းမြို့၏ဆိတ်ငြိမ်သော ရပ်ကွက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ့တာဝန်မှ အနားယူသွားသော အမှုထမ်း အရာထမ်း များ၊ အသက်ရွယ်ကြီးရင့်သော ကုန်သည်များကို စုဝေးနေထိုင်သော ရပ်ကွက်တစ်ခုဖြစ်သည်။

ထို့ကြောင့် ...

အိမ်တိုင်း၌ဆိုင်တိုင်းမှာ ကျယ်ဝန်းသော ခြံဝင်းများ ရှိ သည်။

ရွှေကျားသင်္ကေတ်းချုပ် ဝေကျွန်းခုံးသည် နှယ်ပင်များ ပြ နေသော ခြံဝင်းတစ်ခုရှေ့တွင် ရပ်၍ မြင်းပေါ်မှ ဆင်းလိုက်သည်

ပြီးနောက် ခြံတံခါးပေါ်မှ တပ်ဆင်ထားသော သံကွင်း ခေါက်လိုက်သည်။

"ချွမ် ... ချွမ် ... ချွမ်"

သံကွင်းခေါက်သံ ကြားလိုက်ရသဖြင့် မိန်းကလေးတစ် အပြေးကလေး ထွက်လာသည်။

မိန်းကလေး၏တစ်ကိုယ်လုံးတွင် အစိမ်းရောင် ဆင်တူဝတ် ထားသည်။

သူမက ဝေကျွန်းခုံးအား အကဲခတ်ကြည့် ရင်း ယဉ်ကျေး



ခေးလိုက်သည်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ရှင်"

ဝေကျွန်းခုံးက ...

"ဒီအိမ်ဟာ ရိလန်ရဲ့အိမ် မဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ရှင်"

ဝေကျွန်းခုံးက ဝမ်းသာသွားသည်။

"ရိလန်ကိုပြောပေးပါ၊ ဝေကျွန်းခုံးက တွေ့ချင်တယ်လို့"

မိန်းကလေးက ခြံတံခါးကို မဖွင့်ပါ။

"ခဏလေးစောင့်ပါဦးနော်"

သူမက ပြောပြီး အိမ်ဂေဟာရှိရာသို့ အပြေးကလေး လျှောက်သွားလေသည်။

❑

တစ်ခဏအကြာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြန်လည်ထွက်လာသည်။ ခြံတံခါးကိုလည်း ဖွင့်ပေးလိုက်သည်။

"အထဲကို ကြွပါရှင်"

သူမက ဇော်ကျွန်းခုံးအား ခေါ်ဆောင်သွားလေသည်။

❑

အိမ်ဂေဟာသည် ခမ်းနားထည်ဝါခြင်း မရှိပါ။

သို့သော် ...

အလွန်သပ်ရပ်သန့်ရှင်းပြီး နေချင်စဖွယ် ကောင်းလှပေ၏။

သံမဏိမျက်နှာတစ်ခု ကပ်ဆင်ထားသော မိန်းကလေးက ဇော်ကျွန်းခုံးအား ကြိုဆိုလိုက်သည်။

"အစ်ကိုကြီး ... ကျွန်မအိမ်ကို ဘယ်လိုရှာပြီး ရောက်လာတာလဲ"

ဇော်ကျွန်းခုံးက ...

"ငါ့ညီမက ဘယ်နေရာပဲပုန်းပုန်းပါ အစ်ကိုကြီးရဲ့အစွမ်းကို



သိပါတယ်နော်"

သံမဏိမျက်နှာက သူ့အား ခေါင်းညိတ်ပြသည်။

"ကဲ ... ထိုင်ပါဦးလေ"

ဧည့်ခန်းဝင် သူတို့ ဝိုင်းဖွဲ့ထိုင်လိုက်ကြသည်။

အနီရောင်ဝတ်စုံဝတ်ထားသော မိန်းကလေးက ရေနွေးကြမ်းနှင့်မုန့်များ လာရောက်ချပေးလေသည်။

သံမဏိမျက်နှာက ...

"အစ်ကိုကြီး ထမင်းစားပြီးပြီလား"

ဇော်ကျွန်းခုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ မြို့ထဲမှာပဲ စားခဲ့တယ်"

သံမဏိမျက်နှာက ...

"ကဲ ... လာတဲ့ကိစ္စပြောပါဦး"

ဇော်ကျွန်းခုံးက ...

"ငါတို့မောင်နှမတွေဟာ ဆရာ့ဆီကနေ ခွဲသွားခဲ့တာ နှစ်ပေါင်းလည်း အတော်ကြာသွားပါပြီ"

သူက စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ အဆက်အသွယ်လုံးဝပြတ်သွားတယ်၊ ဆ
ကွယ်လွန်သွားတာတောင် အစ်ကိုကြီး မသိလိုက်ဘူး"

သံမဏိမျက်နှာက ...

"အစ်ကိုကြီးက ဆရာ့ကို သတိရသေးတယ်နော်"

ငွေကျန်းခုံးက ...

"မရဘဲ နေပါ့မလားကွယ်"

သံမဏိမျက်နှာက ...

"ကဲ ... ဘာပြောချင်သလဲပြော"

ငွေကျန်းခုံးက ...

"အစ်ကိုကြီးဟာ ညီမလေးနဲ့အတူ နေဘဲ့အချိန်ကစပြီး အ
အချိန်ထိ အများကြီး အကူအညီပေးနေတယ်ဆိုတာ ငါ့ညီမ အ
အမှတ်ပြုပါတယ်နော်"

"ကျွန်မ ကျေးဇူးမမေ့တတ်ပါဘူး"

"ငါ့ရဲ့အခြေအနေ တစ်နေ့တခြား ကောင်းလာတယ်ဆိုတ
ငါ့ညီမလည်း သိပါတယ်"

"ပြောချင်တာကို တည့်တည့်ပြောပါ၊ ဘာဖြစ်လို့ အချိန်ကုန်



ပြီး စကားပလ္လင်ခံနေရတာလဲ"

"ကောင်းပြီ၊ ငါ အခု ညီမဆီက အကူအညီတစ်ခု တောင်း
ချင်တယ်"

"ပြောလေ ... ကူညီနိုင်တာဆို ကူညီပါ့မယ်"

"နင် ဆရာ့ဆီက အမွေရသွားတဲ့ ရွှေမိုးဆောင်းသိုင်းကွက်
ကို သင်ပေးပါလား"

သံမဏိမျက်နှာက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အစ်ကိုကြီးက တခြားအကူအညီတောင်းရင် ကျွန်မက
အချိန်မရွေးပေးနိုင်တယ်၊ ဒီတစ်ခုကော့ ဘယ်နည်းနဲ့မှ မပေးနိုင်ဘူး"

ငွေကျန်းခုံးက ...

"ဘာဖြစ်လို့လဲ"

"မပေးနိုင်ရတဲ့အကြောင်းအရင်းနှစ်ချက် ရှိပါတယ်"

သံမဏိမျက်နှာက စကားဆက်လိုက်သည်။

"ပထမအချက်ကတော့ အစ်ကိုကြီးဟာ ဆရာခုံးခုံးရဲ့
တပည့် မဟုတ်တော့ဘူး"

ငွေကျန်းခုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ငါဝန်ခံတယ်၊ ငါလည်း မိုက်ခဲ့လို့ ဆရာက ငါ့ကို နှင်ထုတ်လိုက်တာလေ၊ ဒါပေမဲ့ ... အခု သူက ရှိမှမရှိတော့ဘဲ ညီလေး၊ သင်ပေးနိုင်စွမ်း ရှိပါတယ်"

သံမဏိမျက်နှာက ...

"ကျွန်မက ဘယ်လိုလုပ် သင်ပေးနိုင်ခွင့် ရှိမှာလဲ၊ ရှင်းရှင်း ပြောရရင် ဆရာ့စကားကိုပဲ နားထောင်ရမယ့် တပည့်မတစ်ယောက် ဆိုရင် အစ်ကိုကြီးကို ဆက်သွယ်နေစရာတောင် မလိုဘူး"

ငှေကျွန်းခုံးက ဒေါသထွက်လာသည်။

"နင် အခက်အခဲရှိတော့ ငါက ကူညီရတယ်၊ ဒါလေးကို အကူအညီတောင်းတော့ အကြောင်းအမျိုးမျိုးပြပြီး ငြင်းတယ်၊ ကျေးဇူးကန်းရာ မရောက်ဘူးလား"

သံမဏိမျက်နှာက ...

"တခြားကိစ္စဆိုရင် ကျွန်မက ကူညီပါ့မယ်လို့ ပြောပြီးသားပဲ၊ ကျွန်မက ကျေးဇူးကန်းတတ်သူ မဟုတ်ဘူး"

ငှေကျွန်းခုံးက ...

"ထားပါတော့လေ၊ ဒုတိယအချက်ဆိုတာ ဘာလဲ"



သံမဏိမျက်နှာက ...

"နွေမိုးဆောင်း သိုင်းပညာဟာ ကိုးကွက်နှစ်ခုပေါင်း ဆယ့်ရှစ်ကွက်၊ ကျွန်မက ကိုးကွက်ပဲ တတ်ထားသေးတယ်၊ ကျန်တဲ့ ကိုးကွက်ကို ဆက်လက်ပြီး လေ့ကျင့်ရဦးမယ်"

ငှေကျွန်းခုံးက ...

"ဒါက လွယ်ပါတယ်၊ မင်းလက်ထဲမှာ သိုင်းကျမ်းရှိတာပဲ ဆက်ကြိုးစားပေါ့"

သံမဏိမျက်နှာက ...

"ကျွန်မဆီမှာ ကိုးကွက်ပဲပါတဲ့ သိုင်းကျမ်းပဲရှိတယ်၊ နောက်ဆယ် ကိုးကွက်ပါတဲ့ သိုင်းကျမ်းဟာ ကျွန်မလက်ထဲမှာ မရှိဘူး"

ငှေကျွန်းခုံးက ...

"သိုင်းကျမ်းမရှိလည်း ဆရာက သင်မပေးလို့လား"

"သင်ပေးပါတယ်၊ ဒါပေမဲ့ ... သိုင်းကွက်သုံးကွက်လောက် သင်ပြီးချိန်မှာ သူကွယ်လွန်သွားတာကိုး"

ငှေကျွန်းခုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



သံမဏိမျက်နှာက ဆက်၍ ...

“ကဲ ... ဒီသိုင်းကျမ်းကလွဲလို့ ကျန်တာ ဘာကူညီရမှာ ပြော”

ဝေကျွန်းခုံးက သူမ၏သံမဏိမျက်နှာဖုံးအား စိုက်ကြည့် လိုက်လေသည်။

“ကောင်းပြီလေ ... တစ်နေ့ကျရင်သာ ငြင်းဖို့စိတ်မကူးနဲ့”

သံမဏိမျက်နှာက ပါးစပ်ပိတ်ထားလိုက်လေသည်။

“ကဲ ... ဒီသိုင်းကျမ်းကလွဲလို့ ကျန်တာ ဘာကူညီရမယ် ပြော”

သံမဏိမျက်နှာက ဆက်၍ ...

ဝေကျွန်းခုံးက ထိုင်ရာမှ ထလိုက်သည်။

“ကဲ ... ငါပြန်မယ် ညီမ”

သံမဏိမျက်နှာက ...

“ဒီမှာ မနေတော့ဘူးလား၊ ညနေစာ စားသွားပါလား”

ဝေကျွန်းခုံးက ...

“မလိုတော့ပါဘူး”



ဝေကျွန်းခုံးသည် သံမဏိမျက်နှာအား အတန်ကြာ စိုက်ကြည့်ပြီး စကားကို တစ်လုံးချင်း ပြောလိုက်လေသည်။

“အစ်ကိုကြီးသွားမယ်၊ နင်ပြောတဲ့စကားကို မြဲမြဲမှတ်ထားပါ”

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

## နွေ၊ မိုး၊ ဆောင်း ဓားကိုးကွက်

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

လီမုန်ကျင်းသည် နွေမိုးဆောင်း သိုင်းကွက်များကို စိတ်ရှည်လက်ရှည်ဖြင့် ကြိုးစားသင်ကြားနေ၏။

သူသည် နံရံပေါ်မှ ဓားလှုပ်ရှားရာ လမ်းကြောင်းများကို အကြိမ်ကြိမ် ကြည့်ရှုပြီးမှ လေ့ကျင့်သည်။

အစပိုင်းတွင် သူက မည်သို့မျှ နားမလည်သဘောမပေါက်သဖြင့် စိတ်ဓာတ်အလွန်ကျသွားလေသည်။

"ငါ ဒီလောကလေးမှ ဉာဏ်မကောင်းရင် ဒီသိုင်းပညာက ဘယ်လိုလုပ်တတ်မှာလဲ"

သူသည် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေသည်။



သို့သော် ... သူက စိတ်ပျက်ခြင်း မရှိပါ။

စိတ်ရှည်ရှည်ထားသည်။

ဇွဲရှိရှိဖြင့် ကြိုးစားသည်။

ဤသို့ဖြင့် ရက်ပေါင်းနှစ်ဆယ်ရောက်မှ သူသည် ဓားလှုပ်ရှားမှုလမ်းကြောင်းကို သဘောပေါက်နားလည်လိုက်သည်။

သူက ဝမ်းသာ၍ မဆုံးတော့ပါ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာသည်။

ဇွဲရှိရှိဖြင့် မနားမနေကြိုးစားခဲ့သည်။

ဤသို့ဖြင့် သုံးလ အချိန်ကုန်ဆုံးသွားသောအခါ သူသည် ဓားကွက် ကိုးကွက်၏ပထမပိုင်းဖြစ်သော နွေဓားကွက်ကို သဘောပေါက် နားလည်လာလေသည်။

မည်သည့်အရာမျိုးမဆို သဘောပေါက်နားမလည်နိုင်သေးခင် အလွန့်အလွန်အခက်အခဲနှင့် ကြုံတွေ့ရလေသည်။

လက်တွေ့သဘောပေါက်နားလည်လာသောအခါ ပို၍ကြိုးစားအားထုတ်မှုရှိလာသောကြောင့် အလျင်အမြန် တိုးတက်လာနိုင်ခြင်း မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လီမုန်ကျင်းသည် ငါးလအတွင်းတွင် ရွှေ
ဆောင်းသိုင်းကွက်ခြောက်ကွက်ကို ကောင်းစွာလေ့ကျင့် အောင်မြ
နိုင်ခဲ့သည်။

ယခု သူသည် ပို၍ယုံကြည်မှု ပြည့်ဝလာသည်။

ပို၍ကြိုးစားလာသည်။

ဆောင်းသိုင်းကွက်ကို အချိန်မီ တတ်မြောက်နိုင်ရန် ဆ
လက်ကြိုးစားလေတော့သည်။

❑❑❑



အခန်း (၁၄)

ထိပ်တိုက်ရင်ဆိုင်ခြင်း

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

လီမုန်ကျင်းသည် နောက်ဆုံး ဆောင်းသိုင်းကွက်သုံးကွက်
င် ကောင်းစွာလေ့ကျင့်တတ်မြောက်လာလေသည်။

သို့သော် သူက ဝမ်းသာဝမ်းမြောက် ဖြစ်ခဲ့သော်လည်း
ချလက်ချ မရှိသေးပါ။

ရွှေ, မိုး ဆောင်း သိုင်းကွက်ဟူသည် ညာဘက်ပိုင်း သိုင်း
ဘ် ရှိထားပြီးဖြစ်သော်လည်း အကယ်၍သာ ထိုသိုင်းကွက်သည်
ဘက်သိုင်းကွက်ရှိနေခဲ့သော် မိမိတတ်မြောက်ထားသော ပညာ
ပြည့်စုံဖြစ်နေသည် မဟုတ်ပါလား။

သူက ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သော်လည်း စိတ်ချလက်ချ

www.burmeseclassic.com

www.burmeseclassic.com



မရှိသေးပါ။

သံမဏိမျက်နှာနှင့်ချိန်းထားသည်မှာ နီးကပ်လာပြီဖြ

သည်။

မည်သို့ဆိုစေ သူက သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်

ချန်အန်းမြို့။

လီမုန်ကျင်းသည် ချန်အန်းမြို့သို့ ရောက်ရှိလာသည်။

သူရောက်ရှိလာသည့်အချိန်နှင့် သံမဏိမျက်နှာနှင့် ချိ

ထားသည့်အချိန်ထက် သုံးရက်စောသည်။

ထို့ကြောင့် သူ့အဖို့ နားရန် အချိန်ရလေသည်။

သူသည် တည်းခိုခန်းတစ်ခုတွင် တည်းခို၍ နံနက်ခင်းအချိ

တွင် သံမဏိမျက်နှာနှင့် တိုက်ခိုက်မည့်နေရာကို သွားရောက်

အခြေအနေ ကြည့်ရှုလေ့လာသည်။

အလွန်ဆိတ်ငြိမ်ပြီး လူသွားလူလာ ရှားပါးသောနေရာဖြ

သည်။

သူက စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်

"ငါက အနိုင်ရရင်ကောင်းပါရဲ့၊ ရှုံးများ ရှုံးသွားရင်တော



ငါ့ရဲ့အလောင်းကို ဘယ်သူများလာပြီး မြေမြှုပ်ပေးမလဲ"

လီမုန်ကျင်းသည် ထိုသို့တွေးရင်း လူရိပ်တစ်ခုကို ရိပ်ခနဲ မြင်လိုက်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသောလူရိပ်တစ်ခုကို ရိပ်ခနဲမြင်လိုက် သည်။

ခန္ဓာကိုယ်ထွားကျိုင်းသော လူတစ်ယောက်ဖြစ်သည်ကို သူ သိရှိလိုက်သည်။

"ဘယ်သူလဲဗျ"

ထိုလူရိပ်က ရပ်တန့်လိုက်သည်။

သူ့အား လှည့်ကြည့်လိုက်သည်။

ထိုလူ၏ဝတ်စားဆင်ယင်ပုံသည် သိုင်းသမားတစ်ယောက် ဖြစ်သည်မှာ ထင်ရှားသည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

ထိုလူ၏အသံမှာ ခက်ထန်လှသည်။

လီမုန်ကျင်းက ပြုံးပြလိုက်သည်။

"ကျုပ်က လူမှားသွားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက လီမုန်ကျင်းအား ခြေဆုံးခေါင်းဆုံး ကြည့်သည်

"မိတ်ဆွေက ကိုယ်ချိန်းသားတဲ့လူနဲ့ အထင်မှားသွား

နဲ့ တူပါတယ်"

လီမုန်ကျင်းက ...

"ဟုတ်ပါတယ်ဗျာ"

"ဘယ်သူလဲဗျ"

"သံမဏိမျက်နှာ"

ထိုလူက မျက်မှောင်ကုတ်သွားသည်။

"သံမဏိမျက်နှာနဲ့ ခင်ဗျားနဲ့ ချိန်းထားတယ် ဟုတ်လား"

လီမုန်ကျင်းက ...

"ဟုတ်တယ်"

"ကြည့်ရတာ ခင်ဗျားတို့ ယှဉ်ပြိုင်ဖို့ ချိန်းထားတယ်နဲ့

တယ်"

"ဟုတ်တယ်"

"ဘယ်အချိန်မှာ ချိန်းထားလို့လဲ"

လီမုန်ကျင်းက ရယ်မောလိုက်သည်။



"ဒီကနေ့ မဟုတ်ပါဘူး၊ ရှစ်လပိုင်း ဆယ့်ငါးရက်ညမှာပါ"

"ခင်ဗျားက ဆန္ဒစောနေတာကိုး"

"ဟုတ်ပါ့ဗျာ"

ထိုလူက မျက်နှာချိုသွေးလိုက်သည်။

"မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ"

"ကျွန်တော် လီမုန်ကျင်းပါ"

ထိုလူက မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားနဲ့ သံမဏိမျက်နှာ ဘယ်လိုရန်ငြိုးရှိသလဲ"

လီမုန်ကျင်း၏မျက်နှာ ဒေါသရိပ်သမ်းလာသည်။

"သူက ကျုပ်အဖေကိုသတ်သွားတဲ့ မဟာရန်သူပါ"

ထိုလူက သူ့အား အတန်ကြာကြည့်လိုက်ပြီးမှ ...

"မိတ်ဆွေကို ကျုပ်က စေတနာထားပြီး စကားလက်

ဆောင်တစ်ခု ပါးပါရစေ"

"ဟုတ်ကဲ့ ... အမိန့်ရှိပါခင်ဗျာ"

"သူ့ရဲ့ဓားပညာဟာ တော်တော်ကြောက်စရာကောင်း

တယ်၊ အဲဒါကို သတိပေးမလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်ဗျာ"

ထိုလူက လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ ... ကျုပ်ကို သွားခွင့်ပြုပါ"

သူသည် ချာခနဲလှည့်ကာ ခြေလှမ်းသွက်သွက်ဖြင့် ထွ
သွားလေသည်။

ချမ်းအန်းစားသောက်ဆိုင်။

ချမ်းအန်းစားသောက်ဆိုင်သည် အလွန်မြင့်သော စား
သောက်ဆိုင် ဖြစ်သည်။

ထို့ကြောင့် ငွေကြေးမတတ်နိုင်သူများ ဤဆိုင်သို့မလာ
ပါ။

ထို့ကြောင့် စားသောက်သူများ ကျိုးတိုးကျဲတဲမျှသာ
သည်။

မွန်းတည့်ချိန် ...

ချမ်းအန်းစားသောက်ဆိုင်၏အပေါ်ထပ် သီးသန့်အခန်း
ခုတွင် လူနှစ်ယောက်သည် အရက်သောက်၍ စားသောက်
စကားပြောနေကြ၏။



ခန့်ခန့်ညားညား ဝတ်ဆင်ထားသူတစ်ယောက်နှင့် သိုင်းဝ
တ်စုံ ဝတ်ဆင်ထားသောသူကို မြင်ရသည်။

ခန့်ခန့်ညားညား ဝတ်ဆင်ထားသောသူမှာ သူ၏အားအ
ားရဆုံးသော လက်ဝဲရံဓားသမားဖြစ်သည်။

သူ၏နာမည်မှာ ဓားနှစ်လက်စွမ်းတောင်းဖြစ်သည်။

သူတို့နှစ်ယောက် အဘယ်ကြောင့် ချမ်းအန်းမြို့တော်သို့
ရောက်ရှိလာပါသနည်း။

အဘယ်ကြောင့် ဤကဲ့သို့ တန်ဖိုးကြီးလှသော ချမ်းအန်းစား
သောက်ဆိုင်တွင် ဆွေးနွေးနေကြပါသနည်း။ ဝေကျွန်းခုံးက အရက်
တစ်ခွက်ကို မော့သောက်လိုက်လေသည်။

"ကဲ ... မင်းက သတင်းတစ်ခုရထားတယ်ဆို ပြော"

စွမ်းတောင်းက ...

"ဒီလိုပါ သံမဏိမျက်နှာ ဒီကိုလာမယ့်သတင်းက သေချာ
သွားပြီ"

ဝေကျွန်းခုံး၏မျက်လုံးအစုံသည် တောက်ပလာသည်။

"ဟုတ်လား အခု သူ ဘယ်မှာရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မသိဘူး ... ဂိုဏ်းချုပ်ကြီး"

ဇွေကျန်းခုံး မျက်မှောင်ကြုတ်သွားလေသည်။

"ဒါနဲ့ သူ ဒီကိုရောက်နေတာ သေချာတယ်ဆိုတာ မင်း ဘယ်လိုလုပ် ပြောနိုင်သလဲ"

ဇွမ်းတောင်းက ...

"သူနဲ့ ဓားချင်းယှဉ်ပြိုင်ဖို့ ချိန်းထားတဲ့လူတစ်ယောက်ဆီက ကြားခဲ့တာ"

ဇွေကျန်းခုံးက စိတ်ဝင်စားလာသည်။

"ဘယ်လို သူက လူတစ်ယောက်နဲ့ ဓားချင်းယှဉ်ပြိုင်ဖို့ ချိန်းထားတယ် ဟုတ်လား"

"ဟုတ်ပါတယ် ... ဂိုဏ်းချုပ်ကြီး"

"အဲဒီလူက ဘယ်သူလဲ"

"သူ့နာမည်က လီမုန်ကျင်း"

"လီမုန်ကျင်း"

ဇွေကျန်းခုံးက တီးတိုးရေရွတ်ပြီး အသာအယာ ခေါင်းခါ ယမ်းလိုက်သည်။



"ဒီနာမည် သိုင်းလောကမှာ တစ်ခါမှမကြားဖူးဘူး၊ မင်း များ မှားနေသလား"

"မမှားဘူး၊ ကျွန်တော် သေချာမှတ်ထားပါတယ်"

ဇွေကျန်းခုံးက အတန်ကြာစဉ်းစားပြီးမှ ...

"ဒီလူဟာ သံမဏိမျက်နှာ လက်စားချေခဲ့တဲ့လူရဲ့သားများ မလား"

သူက ခေါင်းခါယမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး၊ ဒီသူငယ်က သိုင်းပညာမတတ်ဘူး၊ ပြီးတော့ ပြင်းထန်ထန် ဒဏ်ရာရသွားတယ်လို့ သိရတယ်"

ဇွမ်းတောင်းက ...

"သူ ဟုတ်ချင်မှလည်း ဟုတ်မှာ၊ လောကပေါ်မှာ နာမည် လူ အများကြီး ရှိပါတယ်"

ဇွေကျန်းခုံးက ...

"ဒါလည်း ဟုတ်တယ်"

သူက စကားဆက်၍ ...

"ဒါနဲ့ သူတို့ရဲ့ယှဉ်ပြိုင်ပွဲဟာ ဘယ်နေ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"(၈) လ၊ (၁၅) ရက် ည"

"သေချာပါတယ်နော်"

"သေချာပါတယ် ... ဝိုက်းချုပ်ကြီး"

ဇွေကျုန်းခုံးက အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

"မင်း တာဝန်ကျေတယ်၊ ကဲ ... အားရပါးရ သောက်လို့စားလိုက်ပါ"

❑❑❑



## အခန်း (၁၅)
## နောက်ထပ်တစ်ဖန်

(၈) လ၊ (၁၅) ရက်ည။

လမုန့်ရာသီပွဲတော်။

လဝန်းသည် ထိန်ထိန်သာနေသည်။

ကောင်းကင်ပေါ်၌ တိမ်တိုက်တိမ်လိပ်များ ကင်းရှင်းနေသည်။

ချွန်အန်းမြို့ တစ်ခုလုံးမှာ နီဝါပြာ မီးပုံးများသည် ရွှမ်းမြိုင်လောက်အောင် ထွန်းညှိမွှန်းမံထားလေသည်။

မြို့တော်သူမြို့တော်သားများတို့သည် မိသားစုအလိုက်သော်လည်းကောင်း၊ မိတ်ဆွေသင်္ဂဟများဖိတ်၍လည်းကောင်း၊ လမုန့်ပွဲတော်ကို အရသာခံစားရင်း ပျော်ရွှယ်ဖွယ်ရာကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



လမုန့်ပွဲတော်ကို ကျင်းပကြသည်။

သို့သော် ချန်အန်းမြို့တော်၏အပြင်ဘက်တစ်နေရာ

တိတ်ဆိတ်ခြင်းမှာ တိတ်ဆိတ်၍နေသည်။

ထိန်ထိန်လင်းနေသော လရောင်သည် ကမ္ဘာမြေ၏အ

အပများကို ဖော်ညွှန်းလျက် ရှိသည်။

သို့သော် ...

နတ်သမီးတောင်ကုန်းပေါ်မှာမူ အလွန်အကျည်းတန်သေ

မြင်ကွင်းတစ်ခုကို စိတ်ပျက်စွာ မြင်တွေ့ရသည်။

လူနှစ်ယောက် ...

တစ်ယောက်နှင့်တစ်ယောက် တစ်လံခန့်အကွာတွင် တု

တုတ်မျှမလှုပ် ရပ်နေကြသည်။

တစ်ယောက်က ငယ်ရွယ်သန့်စွမ်းသော လူတစ်ယော

ဖြစ်သည်။

ကျန်တစ်ယောက်မှာမူ လုပသော ခန္ဓာကိုယ်ရှိပြီး အလွ

အကျည်းတန်သော သံမဏိမျက်နှာတစ်ခုကို တပ်ဆင်ထားေ

သည်။ သံမဏိမျက်နှာနှင့် လီမုန်ကျင်းကို့ပင် ဖြစ်သည်။



သူတို့နှစ်ယောက်သည် တိုက်ခိုက်ရန် အသင့်ပြင်ထားသည့်မှာ တစ်ခဏကြာမျှပင် ရှိခဲ့လေသည်။

သို့သော် သူတို့သည် စကားတစ်ခွန်းမှ မပြောကြပါ။

သူတို့သည် တစ်ယောက်၏တိုက်ခိုက်ရန် အသင့်ပြင်ထားသော အနေအထားကို တစ်ယောက်က အကဲခတ်ကြည့်နေကြသည်။

သူတို့သည် လူသူရောက်ခဲလှသော ဤနတ်သမီးတောင်ကုန်းတွင် ဘေးချင်းယှဉ်ပြိုင်ရန် ချိန်းဆိုခဲ့သည်။

သို့သော် သူတို့ရပ်နေသည့်နေရာနှင့် မြားနှစ်ပစ်စာခန့်အကွာတွင် ထူထပ်သောအရွက်များရှိသည့် သစ်ပင်တစ်ပင်ပေါ်၌ လူနှစ်ဦးက သစ်ပင်ကြားတွင် ထိုင်လျက် သူတို့အား အကဲခတ်ကြည့်နေသည်ကို မည်သူကမျှ မသိပါ။

ထိုလူနှစ်ယောက်က မည်သူနည်း။

သူတို့က ဤယှဉ်ပြိုင်ပွဲကို အဘယ်ကြောင့် ဤမျှ စိတ်ဝင်စားနေရပါသနည်း။

❑

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ မျက်နှာချင်းဆိုင်၍ ရပ်နေကြသော သံမဏိမျက်နှာနှင့် လိမ္မန်ကျင်းတို့သည် စတင်တိုက်ခိုက်ရန် ခြေလှမ်းကိုယ်စီ ပြင်လိုက်သည်။

သံမဏိမျက်နှာက လိမ္မန်ကျင်းအား မေးခွန်းထုတ်လိုက်သည်။

"နင် ဘယ်က ရထားတဲ့ဓားပညာနဲ့ ငါ့ကို ယှဉ်မှာလဲ"

လိမ္မန်ကျင်းက ...

"ခင်ဗျား မေးစရာလား"

သံမဏိမျက်နှာက ...

"နင် အခု အသင့်ပြင်ထားတဲ့အနေအထားဟာ ငါသင်ထားတဲ့ သိုင်းကွက်နဲ့ ခပ်ဆင်ဆင်ဖြစ်နေလို့ မေးတာပါ"

လိမ္မန်ကျင်းက ...

"ခင်ဗျား နားလည်ဖို့ဟာ သိုင်းပညာလေ့လာနေတာ မဟုတ်ဘူး။ ခင်ဗျားကို ကျုပ်က လက်စားလာချေတာ"

သံမဏိမျက်နှာက ပန်းတွန့်လိုက်သည်။



"နင် ငါ့ကို နိုင်မယ်ထင်ရင် စ တိုက်ပေါ့"

လိမ္မန်ကျင်းက စကားမပြောတော့ပါ။

သူ၏ရွှေသိုင်းကွက်သုံးကွက်ကို အသုံးပြုပြီး စတင်တိုက်ခိုက်လိုက်သည်။

"ဝှီ ... ဝှီ ... ဝှီ"

သူ၏ဓား လှုပ်ရှားလိုက်သောအခါ ပတ်ဝန်းကျင်လေထုတစ်ခုလုံး ရွှေလျှားစီးဆင်းပြီး ပူနွေးသော အငွေ့အသက် အနည်းငယ် ပျံ့ထွက်လာသည်ကို သံမဏိမျက်နှာက ချက်ချင်းနားလည်လိုက်သည်။

သူ၏မျက်လုံးအစုံသည် အံ့ဩသည့်အရိပ်အယောင် ဖြစ်ပေါ်လာသည်။

သို့သော်ငြားအောင် ...

သူမက ရန်သူအား အထင်မသေးဝံ့ဘဲ တုံ့ပြန်တိုက်ခိုက်လိုက်သည်။

'ချွမ် ... ချွမ် ... ချွမ်'

ဓားဓားချင်းတိုက်ခိုက်၍ ထွက်ပေါ်လာသော အသံများ

www.burmeseclassic.com

www.burmeseclassic.com



ချွမ်းချွမ်းနှင့် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

နွေသိုင်းကွက်ဟူသည် အပူကို တင်စား၍ ပေးထားသော သိုင်းကွက်နာမည် ဖြစ်သည်။

နွေသိုင်းကွက်သည် သုံးကွက်မျှသာ ရှိသည်။

သို့သော် သိုင်းကွက်တစ်ကွက်တိုင်းမှာ တိုက်ခိုက်သော သိုင်းကွက်သုံးကွက် ထပ်၍ ဆင့်ပွားပါလေသည်။

ထို့ကြောင့် နွေသိုင်းကွက်သုံးကွက်သည် အမှန်အားဖြင့် သိုင်းကွက်ကိုးကွက်တိတိ ရှိလေသည်။

"ချွမ် ... ချွမ် ... ချွမ်"

သံမဏိ၏ဓားမှာလည်း သွက်လက်လှပေသည်။

ဓားစားချင်း ထိခတ်သံများ ရှည်လျားစွာ ထွက်ပြီးနောက် ရပ်တန့်သွားသည်။

လီမှန်ကျင်းက နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်လိုက်လေသည်။ သူက ရှုံးနိမ့်သွားခြင်း မဟုတ်ပါ။

မိုးသိုင်းကွက်ဖြင့် ဆက်လက်တိုက်ခိုက်ရန် အသင့်ပြင်ခြင်း ဖြစ်သည်။



သံမဏိမျက်နှာသည် နောက်သို့ဆုတ်မသွားဘဲ မူလနေရာတွင် ရပ်နေသည်။

သူမ၏မျက်လုံးအစုံတွင် ဖြစ်ပေါ်လာသော အံ့ဩသည့် အရိပ်အယောင်မှာ ပို၍ အားကောင်းလာသည်။

လီမှန်ကျင်း နောက်သို့ဆုတ်သွားသည်နှင့် သူမက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရပ်လိုက်သည်။

အကြောင်းမှာ ...

သူမက အလွန်အံ့ဩနေသောကြောင့် ဖြစ်သည်။

လီမှန်ကျင်း တိုက်ခိုက်လိုက်သောသိုင်းကွက်သည် နွေသိုင်းကွက်ဖြစ်သည်ကို သူ သေသေချာချာ ယုံကြည်လာသည်။

သို့သော် ...

လီမှန်ကျင်း အသုံးပြုလိုက်သော နွေသိုင်းကွက်သည် ညာလက်လက်တစ်ဖက်တည်းသာ အားပြု၍ တိုက်ခိုက်လိုက်သော သိုင်းကွက်ဖြစ်သည်ကိုလည်း သတိထားမိသည်။

သူမ၏စိတ်ထဲတွင်လည်း မေးခွန်းများစွာ ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူရဲ့ဓားပညာဟာ နွေမိုးဆောင်း သိုင်းကွက်ထဲက

သိုင်းကွက်ဖြစ်ရမယ်"

"ဒါပေမဲ့ ... သူက ဘာကြောင့် ဘယ်ဘက်ကို အားမပြု

ညာဘက်ပဲ အားပြုနေရတာလဲ"

သူက မျက်မှောင်ကြုတ်၍ စဉ်းစားနေလေသည်။

"အခုမှ ခက်ပြီ၊ ဒီလူဟာ ဆရာနဲ့မျှား တစ်ကြောင်းမဟု

တစ်ကြောင်း ပတ်သက်နေသလား"

သူမက တွေဝေစဉ်းစားနေစဉ် လီမုန်ကျင်းက စိန်ခေါ်လို

လေသည်။

"ဘာငေးနေတာလဲ၊ ဟော့ဒီမှာ လာပြီ သတိထား"

လီမုန်ကျင်းက မိမိအသုံးပြုနေသော ဓားပညာသည်

မဏိမျက်နှာအား လက်ရည်တူတိုက်ခိုက်သည်ကို သိရှိလိုက်သ

စိတ်ဓာတ်တက်ကြွလာသည်။

ထို့ကြောင့် သူက စိန်ခေါ်ရင်း စတင်တိုက်ခိုက်လိုက်သည

ယခု သူက မိုးသိုင်းကွက်ဖြင့် စတင်တိုက်ခိုက်လိုက်ခြ

ဖြစ်သည်။



"ဖြောက် ... ဖြောက်"

"ဖြောက်"

သူသည် မိုးသိုင်းကွက်ကို အသုံးပြုလိုက်သောအခါ ငွေ

ခမ်းလှုပ်ရှားနေသော ဓားသံမှာလည်း ပြောင်းလဲသွားသည်ကို

သတိထားမိသည်။

သံမဏိမျက်နှာက လီမုန်ကျင်းအပေါ် အထင်မသေးပဲ

ဘော့ပါ။ အာရုံစူးစိုက်စွာဖြင့် တုံ့ပြန်တိုက်ခိုက်လိုက်သည်။

ဓားပညာချင်းတူသည်ဖြစ်သော်လည်း အတွေ့အကြုံ

နည်သေးသော လီမုန်ကျင်းသည် ရှေ့သို့ ဖိ၍မတိုက်နိုင်ဘဲ သံမဏိ

မျက်နှာ၏တိုက်ခိုက်မှုကိုသာ တောင့်ခံနေရသည်။

"ရွှမ် ... ရွှမ်"

"ရွှမ်"

ဓားဓားချင်းထိခတ်၍ ထွက်ပေါ်လာသော အသံများသည်

ခန်းကျင်တစ်ခုလုံးသို့ လွင့်ပျံ့သွားလေသည်။

သံမဏိမျက်နှာသည် အသာစီးမှနေသော်လည်း လီမုန်

ကျင်းအား ရုတ်တရက် အနိုင်ရနိုင်သော အခွင့်အရေး မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမအဖို့ အစွမ်းကုန်တိုက်ခိုက်ခြင်းမပြုသည်မှာ လီမုန်ကျင်း တို့ ကိုက်ခိုက်သော မိုးသိုင်းကွက်သည် ညာဘက်တစ်ဖက်တည်းသာ တိုက်သော သိုင်းကွက်ဖြစ်နေသောကြောင့် ဖြစ်သည်။

အံ့ဩဖွယ်ရာ ...

သစ်ပင်ပေါ်၌ အကဲခတ်ကြည့်နေသော လူနှစ်ယောက်အနက် တစ်ယောက်ကလည်း အံ့လွန်းအံ့ဩနေသည်ကို တွေ့ရမည်ဖြစ်လေသည်။

မနှာလို ဝန့်တိုသော စိတ်များလည်း ဒီရေတက်နေသည့်အလား တဖွားဖွားဖြစ်လာသည်။

"ဒီလူကလည်း ရေနှမိုးဆောင်း သိုင်းကွက်ကို တတ်ထားပါလား"

"ဆရာက ဘာကြောင့် ငါ့ကို တမင်သက်သက် ချန်ထားပြီး သင်မပေးရတာလဲ"

သူက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"မင်းတို့နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့ မင်းတို့အသက်တွေ ငါ့လက်ထဲ ရောက်လာရလိမ့်မယ်"



သူက တွေးရင်းတွေးရင်း ဒေါသကြီးလာသဖြင့် ခန္ဓာကိုယ်က မထိန်းနိုင်သောကြောင့် သစ်ကိုင်းများ လှုပ်ခါသွားသည်။

လီမုန်ကျင်းက မည်သို့မျှ အာရုံမစိုက်မိဘဲ တိုက်ခိုက်မြဲ တိုက်ခိုက်နေသည်။

"ရပ်လိုက်စမ်း"

သံမဏိမျက်နှာက ဟန့်တားလိုက်သည်။

လီမုန်ကျင်းက ကြောင်အမ်းအမ်းဖြင့် ရပ်တန့်လိုက်လေသည်။

ထိုတဒင်္ဂအချိန်တွင် သံမဏိမျက်နှာသည် အပေါ်သို့ ခုန်တက်လိုက်ပြီး လေထဲ ကျွမ်းတစ်ပတ်ပစ်၍ လှုပ်နေသော သစ်ပင်ရှိရာသို့ ပျံသန်းလာလေသည်။

ထိုအချိန်မှာပင် ...

ထိုသစ်ပင်ပေါ်မှ လူရိပ်တစ်ခုသည် မြားတစ်စင်း လျှင်မြန်ခြင်းဖြင့် ထွက်ပြေးကာ အဝေးသို့ ပျံဝဲသွားလေသည်။

သံမဏိမျက်နှာက လက်လျှော့လိုက်သည်။

သစ်ပင်အောက်၌ရပ်၍ ငေးငိုင်စွာ စဉ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ထဲတွင် မေးခွန်း ထွက်ပေါ်လာသည်။

"ဒီလူက ဘယ်သူလဲ"

"ငါ ဒီမှာရှိတယ်ဆိုတာ ဘာကြောင့်သိတာလဲ"

သူမက တွေဝေငေးငိုင်စွာ စဉ်းစားနေစဉ် လီမုန်ကျင်း၏ အသံ ထွက်ပေါ်လာသည်။

"သံမဏိမျက်နှာ ဘာလုပ်နေတာလဲ၊ အရှုံးပေးချင်ပြီလား"

သံမဏိမျက်နှာက ရုတ်တရက် ဒေါသထွက်လာသည်။

သူမက လီမုန်ကျင်းထံသို့ ပြေးသွားပြီး စကားတစ်ခွန်းမှ မပြောဘဲ လီမုန်ကျင်းအား ဖိ၍ တိုက်ခိုက်လိုက်လေတော့၏။

❑

ဤတစ်ကြိမ်တွင် သံမဏိမျက်နှာ၏တိုက်ခိုက်မှုသည် ပြင်းထန်ပြီး လျင်မြန်လှပေသည်။

လီမုန်ကျင်းက ခုခံရင်း တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။



သူက ဆောင်းသိုင်းကွက်ကို အသုံးပြု၍ ခုခံလိုက်သည်။

သို့တိုင်အောင် ...

သူက တဖြည်းဖြည်း ခံနိုင်ရည်မရှိဘဲ အဖိခံနေရသည်။

"ရပ်လိုက်"

လီမုန်ကျင်းက ကမန်းကတန်း ဟန့်တားလိုက်သည်။

သံမဏိမျက်နှာက ရပ်တန့်သွားလေသည်။

"နင် ဘာပြောမလို့လဲ"

သူမက အသံမာမာဖြင့် ပြောလိုက်သည်။

လီမုန်ကျင်းက ...

"ကျုပ်ရင်ထဲမှာ မရှင်းတာ မေးချင်လို့ပါ"

"အရေးထဲ ဘာမေးမလို့လဲ"

"ခင်ဗျားရဲ့ဓားပညာ ဘယ်သူ့ဆီက သင်လာတာလဲ"

သံမဏိမျက်နှာက ခါးထောက်လိုက်သည်။

"ဒီမေးခွန်းက ငါမေးတဲ့ မေးခွန်းလေ၊ နင် မေ့နေပြီလား"

"ခင်ဗျားရဲ့သိုင်းကွက်နဲ့ ကျုပ်သိုင်းကွက်က နည်းနည်းဆင်နေသလို ဖြစ်လို့မေးနေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



“မေးနေစရာမလိုဘူး၊ ဒီကနေ့ နင်နဲ့ငါ သူသေ ကိုယ်သေ
ယှဉ်ပြိုင်နေတာ၊ သိုင်းပညာ ဆွေးနွေးနေတာ မဟုတ်ဘူး”

လီမုန်ကျင်းကလည်း ဒေါသထွက်လာသည်။

“ကောင်းပြီလေ၊ စိန်လိုက်ပေ့ါ”

သူတို့သည် စတင်၍ ပြန်လည်တိုက်ခိုက်ကြလေသည်။

လီမုန်ကျင်းကို နွေမိုးဆောင်း သိုင်းကွက်များကို လှည့်ပ
သုံးကာ သံမဏိမျက်နှာအား တွန်းလှန်တိုက်ခိုက်နေ၏။

သံမဏိမျက်နှာက အစွမ်းကုန် တိုက်ခိုက်နေသော်လည်း
အနိုင်မရဘဲ ဖြစ်နေ၏။

လီမုန်ကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

“ငါတို့ သိုင်းကွက်ချင်း တူနေတယ်၊ ဒါကြောင့် ဘယ်သူ
နိုင်မှာမဟုတ်ဘူး”

သံမဏိမျက်နှာက မဲ့ပြုံးပြုံးလိုက်သည်။

စကားဆုံးသွားသည်နှင့် သူမက ပြန်လည်တိုက်ခိုက်လိုက်
၏။

ဤတစ်ကြိမ် သူမ၏သိုင်းကွက်မှာ အပြောင်းအလဲမရှိပါ



သို့သော် ...

ဘယ်ညာသိုင်းကွက်ကို ပြောင်းလဲလာသည်။

လီမုန်ကျင်းက ရင်ထိတ်သွားသည်။

“ဒီသံမဏိမရဲ့ ဓားပညာက တော်တော်ကြောက်စရာ
ကောင်းပါလား”

သူက ယင်းသို့ ရင်ထဲ၌ ဝေဖန်နေစဉ် ...

“ယိစမ်း”

သူမက ယင်းသို့ အော်လိုက်သည်နှင့် လက်ထဲမှဓားသည်
လီမုန်ကျင်းတိုက်ခိုက်နေသည့် ဓားရိပ်ကြားမှ ထိုးဖောက်ဝင်ရောက်
လာသည်။

လီမုန်ကျင်းက ထိတ်လန့်သွားသည်။

ကမန်းကတန်းလည်း ရှောင်တိမ်းလိုက်သည်။

သို့သော် သံမဏိမျက်နှာ၏ဓားသည် သူ၏လက်မောင်းသို့
တိုးဝင်သွားလေသည်။

လီမုန်ကျင်းက နာကျင်သောဝေဒနာကို အံကြိတ်ခံ၍ အသံ
မထွက်လာပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လည်း ဆုတ်မသွားဘဲ အံကြိတ်၍ တောင့်ခံ
သည်။

သူသည် ကိုယ့်ကိုယ်ကိုယ် သေရတော့မည်ဟု စိတ်
ကျလာလေသည်။

သူ၏လက်တစ်ဖက်မှာ လုံးဝလှုပ်ရှားနိုင်ခြင်းမရှိဘဲ
လန်းတွဲကျနေသည် မဟုတ်ပါလား။

သံမဏိမျက်နှာက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့
သူမက ရပ်၍ လီမုန်ကျင်းအား ကြည့်နေသည်။

သံမဏိမျက်နှာ၏စိတ်ထဲတွင် လီမုန်ကျင်း၏သတ္တိ
ကြိတ်၍ လေးစားနေသည်။

"နင် မသေချင်ရင် ငါ့ကိုတောင်းပန်"

လီမုန်ကျင်းက ...

"ယောကျ်ားဆိုတာ အသက်အသေခံမယ်၊ ဘယ်တော့
မတောင်းပန်ဘူး"

လီမုန်ကျင်းက ပြောပြီး မျက်နှာတစ်ဖက်သို့ လှည့်
လေသည်။



သံမဏိမျက်နှာက လှောင်ပြုံး ပြုံးလိုက်သည်။

"တကယ်သေရမှာ ဟုတ်၊မဟုတ် စမ်းကြည့်ရဦးမယ်"

သူမ၏ဓားသည် တဖြည်းဖြည်းနှင့် ဆန့်လိုက်ရာ ဓားများ
သည် လီမုန်ကျင်း၏ရင်ဝသို့ တိုးလာသည်။

လီမုန်ကျင်းက တုတ်တုတ်မျှမလှုပ်ပါ။

သံမဏိမျက်နှာက ...

"ကဲ ... ဒီနေ့ဆိုရင် နင့်ရဲ့နောက်ဆုံးနေ့လို့ သဘောထား
လိုက်တော့"

လီမုန်ကျင်းသည် သေရတော့မည်ဟု စိတ်ကို တုံးတုံးချ
လိုက်ပြီး မျက်လုံးမှိတ်ထားလိုက်သည်။

"ဖေဖေ ... သား အသုံးမကျလို့ ဖေဖေ့အတွက် လက်စားမ
ချေနိုင်တော့ပါဘူး"

သူ၏ရင်ထဲတွင် ကြိတ်၍ တိုင်ကြားလိုက်သောစကား ဖြစ်
သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်း၏လေသည် တသွေးသွေးတိုက်ခတ်လာလေ
တော့သည်။

ချွေးစို့နေသော လီမုန်ကျင်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာ အေး
စိမ့်၍ လာသည်။

သူသည် လုံးဝလှည့်မကြည့်ဘဲ အတန်ကြာအောင် ရပ်နေ
လေသည်။

သံမဏိမျက်နှာ၏အားသည် သူ၏ရင်ညွှန့်ထဲသို့ ထိုးသွင်း
မလာသေးဘဲ ရှိနေသေးသည်။

အတန်ကြာတော့မှ သံမဏိမျက်နှာ၏အသံ ထွက်ပေါ်လာ
လေသည်။

"မိုးလင်းတော့မယ်၊ နင့်ကို ငါမသတ်ဘူး၊ နောက်နှစ် ဒီအ
ချိန် ဒီနေရာမှာပဲ ပြန်တွေ့မယ်၊ ငါ့ကို ယှဉ်ဖို့ ကြိုးစား"

လီမုန်ကျင်းက လှည့်၍မကြည့်ပါ။

တုံ့ပြန်ခြင်းလည်း မရှိပါ။

ရပ်မြဲရပ်နေသည်။



နေရောင်ခြည် စတင်ထွက်ပေါ်လာသည်။

သံမဏိမျက်နှာ၏အသံဆက်၍ မကြားရတော့ပါ။

သူက မနေနိုင်ဘဲ ကြည့်လိုက်သည်။

သံမဏိမျက်နှာအား လုံးဝမတွေ့ရတော့ပါ။

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် လေးလံသောခြေလှမ်းဖြင့် ထိုနေရာမှ ထွက်ခွာ
သွားလေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

## ယုတ်မာသော အကြံအစည်

ချမ်းအန်းမြို့တော်၏နံနက်သည် အေးချမ်း၍ သာယာလှ
သည်။

သက်ရှိသက်မဲ့အားလုံးတို့သည် အိပ်ပျော်နေကြရာမှ ပြ
လည်နိုးထလာကြသည်။

သူတို့သည် ကိုယ်ရှိသောတာဝန်များကို ဆက်လက်ထ
ဆောင်ရန် လှုပ်ရှားလာကြလေသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ ကြားလိုက်ရသောကြောင့် ငွေကျန်းခုံး
နိုးလာလေသည်။

"ဘယ်သူလဲဟေ့"



"စွမ်းတောင်းပါ"

ငွေကျန်းခုံးက တံခါးဖွင့်ပေးလိုက်သည်။

စွမ်းတောင်းက အခန်းထဲသို့ ရောက်ရှိလာသည်နှင့် စားပွဲပေါ်၌ အသင့်ရှိသော အရက်ကို ထည့်သောက်လိုက်လေတော့သည်။

"မင်း ဘာဖြစ်လာတာလဲ၊ မိုးလင်းမှ ပြန်ရောက်လာတယ်"

ငွေကျန်းခုံးက ပြစ်တင်လိုက်သည်။

စွမ်းတောင်းက ...

"ကျွန်တော်က ပွဲပြီးတဲ့အထိ ကြည့်ပြီးမှ ပြန်လာတာကိုး"

ငွေကျန်းခုံးက အနည်းငယ် အံ့သြသွားသည်။

"သူတို့ ဟိုက်ပွဲက မိုးလင်းအထိ ကြာသွားတယ် ဟုတ်လား"

စွမ်းတောင်းက ...

"ဟုတ်တယ်"

ငွေကျန်းခုံးက ...

"ဟုတ်တယ်"

ငွေကျန်းခုံးက ...

"ဟိုကောင် သေသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းတောင်းက ခေါင်းခါယမ်းလိုက်သည်။

“မသေဘူး၊ ဒဏ်ရာတော့ ရသွားတယ်”

ငွေကျန်းခုံးက မျက်မှောင်ကြုတ်သွားသည်။

“သူ ထွက်ပြေးလွတ်မြောက်သွားတာလား”

စွမ်းတောင်းက ...

“မဟုတ်ဘူး၊ သံမဏိမျက်နှာက သူ့ကို လွှတ်ပေး
တာ”

“ဟင်း”

ငွေကျန်းခုံးက ဒေါသမထိန်းနိုင်ဘဲ လက်ဝါးပြင်ဖြင့် စား
ပုတ်လိုက်သည်။

“သူက ဘာကြောင့် မသတ်ဘဲ လွှတ်လိုက်ရတာလဲ”

စွမ်းတောင်းက ...

“နောက်တစ်နှစ် ချိန်းလိုက်တယ်”

“နောက်တစ်နှစ် သူ့ကို ပြန်တွေ့ကြမယ် ဟုတ်လား”

“ဟုတ်တယ်၊ အချိန်က (၈) လ (၁၅) ရက်ညာ၊ နေ
လည်း နဂိုနေရာပဲ”



ငွေကျန်းခုံးက နှာခေါင်းရှုံ့လိုက်သည်။

“နောက်နှစ် သူ ဘယ်တော့မှ အဲဒီကောင်ကို ပြန်တွေ့နိုင်
မဟုတ်တော့ဘူး”

စွမ်းတောင်းက အံ့သြသွားသည်။

“ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး”

ငွေကျန်းခုံးက ...

“သူက မသတ်တော့ ငါတို့က သတ်ရတော့မှာပေါ့”

❑

ငွေကျန်းခုံးက အရက်တစ်ခွက်ကိုင်ပြီး မော့သောက်လိုက်
ည်။ သူက စွမ်းတောင်းအား စိုက်ကြည့်လိုက်သည်။

“ဒီကောင့်ကို ငါက ဘာကြောင့်သတ်ချင်လဲဆိုတာ မင်း
တော့ဘူးလား”

“ဟုတ်ကဲ့ ... ကျွန်တော် သဘောမပေါက်လို့ပါ”

“ရှီလန်ဟာ ငါနဲ့ဆရာတူအိမ်မှာ အတူနေခဲ့တဲ့ နှစ်အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ၊ သူ့ကို ငါက မေတ္တာရှိနေတာကိုးကွ"

"မေတ္တာရှိရင်လည်း သူ့ကို ယူလိုက်ပေါ့၊ ဘာကြောင့် မ
မဆိုင် ဟိုလူကို သတ်ချင်ရတာလဲ"

ငွေကျန်းခုံးက ...

"လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ဆိုရင် ဒီကိစ္စဟာ လွယ်
လွယ်လေး။ သူကလည်း ငါ့ကို အစ်ကိုကြီးလို ခင်တွယ်ခဲ့ပါတယ်၊
ပေမဲ့ ... ဆရာက ငါ့ကို မောင်းထုတ်တဲ့နောက်ပိုင်းမှာ သူနဲ့ငါ
သွားပြီး တစ်ယောက်နဲ့တစ်ယောက် စိမ်းသွားခဲ့တယ်"

စွမ်းတောင်းက ...

"ဒီအတွက်တော့ အခက်အခဲမရှိပါဘူး၊ သူ့ဆီကို မ
ခဏသွားရင် ပြန်ပြီး ခင်မင်ရင်းနှီးလာမှာပေါ့"

ငွေကျန်းခုံးက ခေါင်းခါယမ်းလိုက်သည်။

"မထင်နဲ့၊ အခြေအနေတွေ မတူတော့ဘူး"

"ဘာဖြစ်လို့လဲ ... ဂိုဏ်းချုပ်ကြီး"

"ဆရာက ငါ့ကို အကျင့်စာရိတ္တမကောင်းဘူးဆိုပြီး တပည်
အနေနဲ့ အဆက်ဖြတ်လိုက်တယ်၊ ပြီးတော့ ... သူ့ကိုလည်း င



မပေါင်းဖို့ မှာကြားသွားတဲ့အပြင် ငါ့ရဲ့လုပ်ရပ်ဟာ ဆရာ့စည်းကမ်းချက်ကို ချိုးဖောက်ရင် ငါ့ကိုတောင် သူက သတ်မှာသတ်မလား မသိဘူးကွဲ့"

စွမ်းတောင်းက ပြုံးလိုက်သည်။

"အခု ဂိုဏ်းချုပ်ကြီးရဲ့ဆရာလည်း မရှိတော့ဘူး၊ သူကလည်း အထီးကျန်ဘဝ ရောက်နေတာ မဟုတ်လား၊ သူ့ဆီကို ကျွန်တော်ပြောသလို မကြာခဏသွားပါ ဂိုဏ်းချုပ်ကြီးရယ်၊ အကျိုးဖြစ်ထွန်းလာပါလိမ့်မယ်"

ငွေကျန်းခုံးက ...

"မင်းပြောတာ ငါလက်ခံတယ်၊ ငါလည်း ဒီလိုစိတ်ကူးထားတယ်၊ ငါ့ကြောင့် သူက တခြားသူနဲ့ မိတ်ဆွေဖြစ်မှာကို ကျုပ်မလိုသားဘူး"

စွမ်းတောင်းက ပြုံးလိုက်သည်။

"ကျွန်တော် သဘောပေါက် နားလည်ပါပြီ ဆရာ"

ငွေကျန်းခုံးက ...

"ဒါကြောင့် မင်းက အဲဒီအကောင် ဘယ်မှာ တည်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေ့ ဘယ်အချိန် ပြန်သွားတယ်ဆိုတာ စုံစမ်းရမယ်"

စွမ်းတောင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါနဲ့ ငါတို့လူတွေ တည်းခိုတဲ့နေရာကို မင်း ရောက်သေး
လား"

"ရောက်ပါတယ် ဆရာ၊ သူတို့ကိုလည်း အစစအရာ
စီစဉ်ပေးထားပါတယ်"

"ကောင်းတယ်၊ အဲဒီလူရဲ့ လှုပ်ရှားမှုကို စုံစမ်းသိရှိလိုက်
နဲ့ ဒီကောင့်ကိုသတ်ဖို့ သူတို့ကို ငါ အမိန့်ပေးလိုက်တယ်လို့ ပြော"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး၊ အမိန့်အတိုင်းပါ"

"ဒီကိစ္စကို မင်းက ဦးဆောင်ရမှာ၊ အောင်မြင်အောင်လည်
တာဝန်ယူရမယ်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

"ရန်သူကို သိပ်အထင်မသေးနဲ့၊ သူ့ရဲ့သိုင်းပညာကို
ကိုယ်တိုင် တွေ့ခဲ့ပါတယ်၊ သူ့ကို နိုင်နိုင်ပါ့မလား"

စွမ်းတောင်းက ပြုံးလိုက်သည်။



"တစ်ယောက်ချင်းအနေနဲ့ ပြောရမည်ဆိုရင် ကျွန်တော်တို့ သူ့ကို မနိုင်ပါဘူး၊ အခု ကျွန်တော်တို့က ခုနစ်ယောက်၊ ဒါကြောင့် အနိုင်ရမှာ သေချာပါတယ်"

ဝေကျန်းခုံးက ...

"နိုင်ပါတယ်ကွာ၊ ဘာဖြစ်လို့လဲဆိုရင် သူ့ရဲ့သိုင်းပညာက ထက်မြက်ပါတယ်၊ ဒါပေမဲ့ သူက အတွေ့အကြုံနုနယ်သေးတယ် ဆိုတာ၊ ငါက အကဲခတ်မိတယ်"

"ဟုတ်ကဲ့ပါ ... ဆရာ"

❑

ဝေကျန်းခုံးသည် အရက်တစ်ခွက်ငှဲ၍ စွမ်းတောင်းအား လှမ်းပေးလိုက်ပြန်သည်။

"ကဲ ... သောက်လိုက်ပါဦး စွမ်းတောင်း၊ တစ်နေ့ ငါ့ရဲ့လုပ်ငန်း အောင်မြင်ခဲ့ရင် မင်းဟာ ငါ့ရဲ့ဂိုဏ်းထဲမှာ ငါကလွဲလို့ အမြင့်ဆုံး နေရာကို မင်း ရမှာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းတောင်းက ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဂိုဏ်းချုပ်ကြီး"

"ကဲ ... မင်း ဘာမေးစရာကျန်သေးလဲ"

"ဟုတ်ကဲ့၊ မေးစရာတစ်ခုတော့ ရှိပါတယ်"

"မေးပါ"

"ကျွန်တော်က ဂိုဏ်းချုပ်ဆီရောက်ခဲ့တဲ့အချိန်ကစပြီး အခု ထိ ရိုလန်ရဲ့မျက်နှာကို မမြင်ဖူးသေးဘူး၊ သူ တော်တော် လှသလား လို့ မေးချင်လို့ပါ"

"သူ ဆရာ့ဆီ ရောက်လာတုန်းကတော့ အသက်ငယ်သေး တယ်၊ ဒါပေမဲ့ လှပါတယ်"

"အခုဆိုရင် သူ တော်တော့်ကိုလှမှာပဲနော်"

"ထင်တာပဲ၊ ဒါပေမဲ့ ... အတပ်တော့ မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး"

"ငါ ဆရာ့ဆီက ထွက်လာတဲ့အချိန်ကစပြီး သူနဲ့ပြန်တွေ့ရ မှာတော့ သူက မျက်နှာဖုံးတပ်ထားဖို့ သူ့မျက်နှာကို ငါက မမြင် တွေ့ခဲ့ရဘူး"



"ဂိုဏ်းချုပ်ကြီး သူ့အိမ်ရောက်ခဲ့တာပဲ၊ သူ့မျက်နှာကို မြင် တွေ့ခဲ့မှာပေါ့"

ငွေကျွန်းခုံးက ခေါင်းခါယမ်းလိုက်သည်။

"သူ့အိမ်ရောက်လို့ ငါတို့ ထွက်တွေ့ချိန်မှာလည်း မျက်နှာ ဖုံးတပ်ထားတယ်ဟ"

စွမ်းတောင်းက အံ့ဩသွားလေသည်။

"အိမ်မှာနေလည်း မျက်နှာဖုံးတပ်ထားတယ် ဟုတ်လား"

ငွေကျွန်းခုံးက ...

"ဟုတ်တယ်"

စွမ်းတောင်းက မျက်မှောင်ကြုတ်သွားလေသည်။

"ထူးတော့ ထူးတယ် ဂိုဏ်းချုပ်ကြီးရဲ့၊ မိန်းကလေးဆိုတာ အလှအပကြိုက်တယ်၊ သူက ဘာကြောင့် မျက်နှာဖုံးတပ်ထားရတာ လဲ၊ ပြီးတော့ သူ့မျက်နှာကို ဘယ်လိုတွေ့အောင် လုပ်မလဲဆိုတာ အကြံထုတ်နေတာပေါ့"

စွမ်းတောင်းက ပြုံးမိလေသည်။

"အကြံထုတ်စရာ ဘာလိုလို့လဲ ဂိုဏ်းချုပ်ကြီး၊ ဆရာတူ

www.burmeseclassic.com

www.burmeseclassic.com



မောင်နှမပဲ၊ သူ့ကို ရှင်းရှင်းဘွင်းဘွင်းပဲ မျက်နှာဖုံးချွတ်ခိုင်းဖေါ့"

ဇော်ကျန်းနုံးက ခေါင်းညိတ်လိုက်သည်။

"မင်းပြောတာလည်း ဟုတ်တယ်၊ ငါ သူ့ဆီကို တစ်ခေါက် သွားဦးမယ်၊ မင်းကိစ္စသာ စီမံပါ"

စွမ်းတောင်းက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် အခုပဲ လှုပ်ရှားစ တော့မယ်"

သူက မတ်တတ်ရပ်၍ နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကို သွားခွင့်ပြုပါ ဂိုဏ်းချုပ်ကြီး"

❑❑❑



## အခန်း (၁၇)

## စကားလက်ဆောင်

နံနက်။

ကျန်ချောင်းတံတား။

ကျန်ချောင်းတံတားသည် ဈေးဟောင်းကံတားတစ်ခုမျှသာ ဖြစ်သည်။

သို့သော် ...

နံနက်ပိုင်းတစ်ချိန်၊ ညနေပိုင်းတစ်ချိန် ကျန်ချောင်းတံတား နေရာသည် ချန်အန်းမြို့တွင် အစည်ကားဆုံးသော နေရာတစ်ခု ဖြစ် သည်။

အဘယ်ကြောင့်နည်း။

ကျန်ချောင်းတံတားနေရာသည် နံနက်ဈေးနှင့် ညဈေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်နေသောကြောင့် ဖြစ်သည်။

နံနက်ပိုင်းတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သား

ပုစွန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ ရောင်းဝယ်ဖောက်ကားနိုင်သေ

နေရာဖြစ်သည်။

ချမ်းအန်းမြို့တွင် နေထိုင်ကြသော အိမ်ရှင်မများတို့သည်

သူမတို့လိုအပ်သော ဟင်းလျာများနှင့် မီးဖိုချောင်သုံးပစ္စည်းမျ

လာရောက်ဝယ်ခြမ်းကတ်ကြသောကြောင့် ဖြစ်သည်။

ညနေပိုင်းမှာ ထိုနေရာတွင် ပျံကျစားသောက်ဆိုင်မျာ

ဝေးနေသော ဈေးကွက်တစ်ကွက်ဖြစ်သည်။

ဤနေရာတွင် ရောင်းချသော စားသောက်ဆိုင်ကဘေ

များမှာ ဈေးချိုသည်။

ထို့ပြင် ...

စားသောက်ဖွယ်ရာများလည်း စုံလင်သည်။

ထို့ကြောင့် ...

လက်လုပ်လက်စားများသည် ညနေအလုပ်နားချိန်ရော

သောအခါ ...



ဤနေရာသို့လာရောက်၍ အနားယူရင်း ဈေးချိုချိုနှင့် ဝယ်နိုင်သော စားသောက်ဖွယ်များကို စားသောက်တတ်ကြလေသည်။

❑

ယခုအချိန်သည် နံနက်အချိန်ဖြစ်သည်။

အိမ်ရှင်မများတို့သည် ဈေးတောင်းကိုယ်စီဖြင့် ဈေးထဲတွင် ဘားပန်းခတ်၍ မိမိလိုချင်သောပစ္စည်းများကို ဝယ်ခြမ်းနေကြလေသည်။

လူတစ်ယောက်သည် တံတားပေးမှနေ၍ ဈေးဝယ်သူများဆီသို့ သူ၏မျက်လုံးများက လှုပ်ရှားရှာဖွေနေ၏။

ထိုလူမှာ စွမ်းတောင်းပင် ဖြစ်သည်။

သူသည် တုံးတုံးအား တွေ့လိုတွေ့ငြားဟူသော မျှော်လင့်ချက်ဖြင့် လူကြားထဲ၌ ရှာဖွေနေခြင်း ဖြစ်သည်။

တုံးတုံးဆိုသည်မှာ မိန်းကလေးတစ်ယောက်၏အမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိမျက်နှာ (၀၁) ရိုလန်၏အိမ်ဖော်လေးယော

အနက် တစ်ယောက်ဖြစ်လေသည်။

စွမ်းတောင်းသည် တုံးတုံးနှင့် ငယ်စဉ်ကပင် သိကျွမ်း

သည်။

ကြီးပြင်းလာသောအခါ ...

စွမ်းတောင်းက အလုပ်ရှာရန် ရွာမှထွက်ခွာသွားရာ ...

သူက တစ်နေ့ တုံးတုံးနှင့် ပြန်လည်တွေ့ဆုံမည်ဟု တုံး

အား ပြောမှာခဲ့လေသည်။

ယခု တုံးတုံးနှင့်ရိုလန်တို့ ချန်အန်းမြို့တော်သို့ ရောက်ရှိ

သည်ကို သူက သတင်းရရှိခဲ့သဖြင့် တုံးတုံးအား တွေ့လိုသောကြော

လိုက်၍ ရှာဖွေရာမှ ဤကျန်ချောင်းတံတားဈေးသို့ တုံးတုံးအား

ရန် မျှော်လင့်ချက်ဖြင့် လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူသည် ကျန်ချောင်းတံတားရှိရာသို့ သူများထက်ဦးစွာ

ရောက်ရှိလာခြင်း ဖြစ်သည်။

ယခုအချိန်ထိ တုံးတုံး၏အရိပ်ကိုပင် မတွေ့ရသေးပါ။

သူက စိတ်ဓာတ်ကျလာသည်။



ဒီလောက်များတဲ့ လူအုပ်ထဲမှာ သူ့ကို ရှာတွေ့ဖို့ဆိုတာ

လွယ်ဘူး။ ပြီးတော့ သူက လာတယ်၊ မလာတယ်ဆိုတာလည်း

သိဘူး။

သူက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"ငါ့မှာလည်း တခြားအလုပ်ရှိသေးတယ်၊ သူ့ကို စောင့်နေ

ရို့ မဖြစ်တော့ဘူး"

သူက ဤသို့ဆုံးဖြတ်လိုက်ပြီး ကျန်ချောင်းတံတားမှ ဆင်း

သည်။

သူက ခြေလှမ်းသုံးလေးလှမ်းမျှသာ လှမ်းရသေးသည်။

တစ်ရက် ခြေလှမ်းများ ရပ်တန့်သွားသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် တုံးတုံးက ခြင်းတောင်းဆွဲကာ

ကျန်ချောင်းတံတားပေါ်သို့ တက်လာသည်ကို မြင်တွေ့လိုက်ရလေ

သည်။

တုံးတုံးကမူ သူ့အား မတွေ့ပါ။

ခေါင်းငုံ့ကာ တစ်လှမ်းချင်း တက်လာခြင်းဖြစ်သည်။

"တုံးတုံး"

www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်တရက်ခေါ်လိုက်သဖြင့် တုံးတုံးက ဗိုတ်ခနဲဖြစ်ပြီး ခြေလှမ်းရပ်တန့်သွားသည်။

တုံးတုံးက မော့ကြည့်လိုက်ရာ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်သွားသည်။

"ဟယ် ... အစ်ကိုစွမ်းတောင်း"

စွမ်းတောင်းက အလွန်ဝမ်းသာသွားသည်။

"နင့်ကို ငါ လာစောင့်နေတာဟ"

တုံးတုံးက အံ့ဩသွားလေသည်။

"ကျွန်မ ဒီကိုလာမယ်ဆိုတာ အစ်ကို ဘယ်လိုလုပ်သိသလဲ"

"နင့်သခင်မလေး ဒီကိုရောက်နေတာ ငါတွေ့ခဲ့တယ်"

"ဪ ... ဟုတ်လား၊ ဒါနဲ့ ဘာဖြစ်လို့ ကျွန်မတို့ဆီ မလာတာလဲ"

"နင်တို့ ဘယ်မှာတည်းတယ်ဆိုတာ ငါမှမသိဘဲ"

သူက စကားဆက်လိုက်သည်။

"ဒီကို နင်လာကောင်း လာလိမ့်မယ်လို့ စိတ်ကူးမိတာနဲ့ လာစောင့်တာ၊ ကံကောင်းချင်လို့ အခု နင်နဲ့တွေ့ရတာ"



တုံးတုံးက ...

"အစ်ကို အခု ဘယ်မှာလဲ"

"ရွှေကျွားသစ်ဂိုဏ်းမှာ ငါနေရာရတယ်လေ"

"အဲဒီဂိုဏ်းက ဘာအရောင်းအဝယ် လုပ်နေတာလဲ"

"ဒါတွေကို ငါ နောက်မှပြောပြပါ့မယ်၊ လောလောဆယ် သိချင်တာက နင်တို့ ဘယ်တော့ပြန်မှာလဲ"

"မသိဘူး သခင်မလေးက ပြောလို့မရဘူး၊ သူပြန်ချင်ရင် ထပြန်သွားတာပဲ"

"ကျွန်းကျင်း ပြန်မှာလား"

တုံးတုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

စွမ်းတောင်းက ...

"တစ်နေ့ အချိန်ရရင် လာခဲ့မယ်"

တုံးတုံးက ခေါင်းညိတ်လိုက်သည်။

"လာပါ ရပါတယ်၊ ကျွန်မ သွားမယ်"

သူမသည် စကားဆုံးသွားသည်နှင့် တံတားပေါ် ပြတ်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ ကူးသွားလေတော့သည်။

❑

ညနေ ...

ကျုန်ချောင်းတံတား၏မြင်ကွင်းသည် နံနက်ပိုင်းမြင်ကွင်း
နှင့် တခြားစီဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

နံနက်ဈေးကွက်မှာ အမျိုးသမီးများကိုသာ အများဆုံး တွေ့
ရမည်ဖြစ်သည်။

ညနေဘက်တွင်မူ ယောကျ်ားများ၏ကမ္ဘာ ဖြစ်လာ
သည်။

စားသောက်ဆိုင်ငယ်များ၊ အရက်ဆိုင်ငယ်များတို့မှာ ပြည့်
ကျပ်လျက်ရှိသည်။

သူတို့သည် ကိုယ့်အဖွဲ့နှင့်ကိုယ် ဝိုင်းဖွဲ့စားသောက်ရင်း
ထွေရာလေးပါးပြောဆိုကာ ရယ်မောပျော်ရွှင်နေကြလေသည်။

ကျုန်းချောင်းတံတားနှင့် အနည်းငယ် နီးကပ်သောနေရာ



တစ်ခုတွင် အရက်နှင့် စားသောက်ဆိုင်ငယ်တစ်ဆိုင် ရှိသည်။

ထိုနေရာသည် တခြားဆိုင်နှင့် အနည်းငယ်ဝေးပြီး လူရှင်း
သည်။

ဆီအထပ်ထပ်ပေကျံနေသော စားပွဲပေါ်၌ အရက်ခွက်များ
လေးငါးစုံခန့် ရှိသည်။

လူငါးယောက်သည် စားသောက်ရင်း အရက်သောက်နေ
ကြသည်။

ထိုလူများအနက် စွမ်းတောင်းတစ်ယောက် ပါရှိနေသည်ကို
တွေ့ရလေသည်။

သူတို့သည် အသံကျယ်လောင်စွာ ပြောဆိုနေရာမှ ရုတ်တ
ရက် အသံတိုးတိုးအဖြစ် ပြောင်းသွားလေသည်။

စွမ်းတောင်းက ...

"မင်းတို့ရထားတဲ့ သတင်းတွေ တိကျမှန်ကန်ရဲ့လား"

နှုတ်ခမ်းမွေးရှိသော လူတစ်ယောက်က ...

"ကျုပ်တို့ ဂိုဏ်းချုပ်အကြောင်းကို ကောင်းကောင်းသိကြ
သားပါ။ သတင်းမမှန်ဘဲနဲ့တော့ မပြောရဲပါဘူး အစ်ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းတောင်း၏မျက်နှာပေါ်တွင် ကျေနပ်သည့် အရိပ်အ ယောင်များ ပေါ်လွင်နေသည်။

"ယူပါတယ် ... ဗျာ"

နှုတ်ခမ်းမွှေးနှင့်လူက ...

"ဂိုဏ်းချုပ်ကြီးအမိန့် ပါလာလို့လား"

စွမ်းတောင်းက ...

"ပါပါတယ်"

နှုတ်ခမ်းမွှေးအနီးတွင် ထိုင်နေသော လူတစ်ယောက်က

"ကောင်းပြီလေ၊ ကျွန်တော်တို့ ဘာလုပ်ပေးရမယ်ဆိုတာ တစ်ခါတည်း ပြောလိုက်ပါ"

ထိုအခါ ...

စွမ်းတောင်းက ...

"ကျုပ်က တိုရှင်းပြောလိုက်မယ်၊ မင်းတို့က အဲဒီလူကောင် ကို ထက်ကြပ်မကွာ ခြေရာခံလိုက်ရမယ်၊ သင့်တော်မယ့်နေရာမှာ သူ့ကို ကိစ္စတုံးလိုက်"

နှုတ်ခမ်းမွှေးနှင့်လူက ...



"ဒါတော့ စိတ်ချ၊ ဘယ်သူက ခေါင်းဆောင်လဲဆိုတာကို အမိန့်ရှိပါဦး"

စွမ်းတောင်းက ...

"ပြောစရာလိုသေးလား၊ နှုတ်ခမ်းမွှေးပဲ ခေါင်းဆောင်ရမှာ ပေါ့"

နှုတ်ခမ်းမွှေးက ရင်ကော့လိုက်သည်။

"စိတ်ချ၊ ကျွန်တော် တာဝန်ယူတယ်"

စွမ်းတောင်းက ...

"ကဲ ... ကျန်တဲ့နှာခေါင်းကြီး၊ ခေါင်းကြီး၊ နားရွက်ကာတို့ သုံးယောက်ကို တစ်ခါတည်း ပြောလိုက်မယ်၊ မင်းတို့သုံးယောက် စလုံး နှုတ်ခမ်းမွှေးရဲ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာရမယ်"

ခေါင်းကြီးတို့ သုံးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်လေ သည်။

"ဟုတ်ကဲ့ပါ ... အစ်ကိုကြီး"

စွမ်းတောင်းက သူ့အတွင်းအိတ်ထဲမှ အထုပ်ကလေးတစ် ထုပ်ကို စားပွဲပေါ်တွင် ချထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ဒီမှာ ဆရာပေးလိုက်တဲ့ငွေ၊ တစ်ယောက် ငါးဆယ်ကျပ်သား ရမယ်၊ ကိစ္စပြီးရင် နောက်ထပ် တစ်ရာကျပ်သား ရဦးမယ်"

နှုတ်ခမ်းမွေးတို့လူစုက ဝမ်းသာသွားကြသည်။

စွမ်းတောင်းက ...

"ကိစ္စပြီးတာနဲ့ ဒီကို ပြန်မလာရဘူး၊ ကိုယ့်စခန်းကို ကိုယ်အမြန်ဆုံး ပြန်လာပြီး သတင်းပို့ရမယ်"

နှုတ်ခမ်းမွေးတို့လေးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

စွမ်းတောင်းက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ... ငါသွားမယ်၊ ငါတို့စခန်းမှာ ပြန်တွေ့ကြတာပေါ့"

❑

စွမ်းတောင်း ထွက်ခွာသွားသည်နှင့် နှာခေါင်းကြီးတို့သည်



ငွေထုပ်ကလေးကို ဦးအောင်လုကြသည်။

"မလုပ်နဲ့ ထားစမ်း"

နှုတ်ခမ်းမွေးက ဟန့်တားလိုက်တော့မှ ခေါင်းကြီးတို့သည် ငြိမ်လည်ထိုင်ချကြသည်။

နှုတ်ခမ်းမွေးက ငွေထုပ်ကို ဖြေလိုက်သည်။

ထို့နောက် ...

လေးပုံခွဲ၍ တစ်ယောက်တစ်ပုံ ပေးလိုက်သည်။

"ကဲ ... ငါတို့ လုပ်စရာ တစ်ပုံကြီး ကျန်သေးတယ်၊ ပြန်ကြရင် ကောင်းမယ်"

နှုတ်ခမ်းမွေးက ပြောပြီး ထွက်သွားရာ ခေါင်းကြီးတို့ သုံးယောက်တလည်း မနေဝံ့ကြပါ။

သူ့နောက်သို့ လိုက်သွားကြလေသည်။

သူတို့ထိုင်၍ စားသောက်နေသော ဆိုင်၏ညာဘက်တွင် နံ့ပဲသရေစာများ ရောင်းချသော ဆိုင်တစ်ဆိုင်ရှိသည်။

မိန်းကလေးတစ်ယောက်က သူတို့အား ကျောပေး၍ ရှည်းဝယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းတောင်းနှင့် နှုတ်ခမ်းမွေးတို့ ရှေ့ဆင့်နောက်ဆင့် ထွက် ပြီးမှ သူတို့အား လှည့်ကြည့်လိုက်သည်။

ထိုမိနစ်ကလေးမှာ သံမဏိမျက်နှာ၏အိမ်ဖော်မလေး တုံး တုံးပင် ဖြစ်လေသည်။

❑

တုံးတုံးသည် တည်းခိုခန်းထဲသို့ လှမ်းဝင်လိုက်သည်။

ထို့နောက် သူမ အခန်းရှိရာသို့ ခြေလှမ်းလျှင်မြန်စွာဖြ လျှောက်သွားသည်။

“ဒေါက် ... ဒေါက် ... ဒေါက်”

တုံးတုံးက အခန်းတံခါးကို ခေါက်လိုက်သည်။

“ဝင်ခဲ့”

သံမဏိမျက်နှာ၏အသံ ထွက်ပေါ်လာသည်။

တုံးတုံးက တံခါးတွန်းဖွင့်ပြီး ဝင်သွားသည်။

သံမဏိမျက်နှာက ဆီး၍ပြစ်တင်လိုက်သည်။



“ညည်း ဘယ်ကိုသွားနေတာလဲ”

တုံးတုံးက ...

“ကျွန်မ ဈေးဝယ်ရင်း မကြားချင်တဲ့စကားကို ကြားလိုက်ရတဲ့အတွက် နားထောင်နေတာနဲ့ အချိန်ကြာသွားတာပါ သခင်မလေး”

သံမဏိမျက်နှာက ...

“ဘယ်သူက ဘာတွေနေလို့လဲ၊ ညည်းက ဘာသတင်း ကြားခဲ့တာလဲ”

တုံးတုံးက ...

“ရွှေကျားသစ်ဂိုဏ်းက လူလေးယောက်”

“သူတို့ဂိုဏ်းချုပ်ပါသေးလား”

“မပါဘူး”

“သူတို့က ဘယ်သူတွေလဲဆိုတာ မသိဘူးလား”

“သူတို့က နာမည်မပြောကြဘူး၊ နှုတ်ခမ်းမွေး၊ နှာခေါင်းကြီး၊ နားရွက်ကားလို့ ခေါ်ကြတာပဲ”

“ဟုတ်ပြီ၊ သူတို့က ဘာအကြံအစည်တွေ ပြောနေကြတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို ပြောနေတာပဲ၊ ဘယ်သူမှန်းတော့ မ
ဘူး"

သံမဏိမျက်နှာက လက်ဖွေ့ယမ်းပြလိုက်သည်။

"ရွှေကျားသစ်ဂိုဏ်းကတော့ တစ်နေ့တခြား အကျင့်
လာတယ်၊ လူတစ်ယောက်သတ်ဖို့က သူတို့အတွက် ထမင်းစား
သောက်သလောက်ပဲထားတယ်"

တုံးတုံးက မကျေမနပ် ဖြစ်သွားလေသည်။

"သူတို့က လူတစ်ယောက်အသက်ကို ဘာကြောင့် သ
ချင်ရတာလဲ"

"ငွေလေ၊ သူတို့က ငွေရရင် ဘာမဆိုလုပ်တယ်"

တုံးတုံးက ...

"ဟုတ်တယ်၊ သူတို့က ငွေလေးပုံ ပုံပြီး ခွဲယူကြတာ
တယ်"

သံမဏိမျက်နှာက သက်ပြင်းချလိုက်သည်။

"ဒီလိုသတင်းမျိုး ငါ မကြားချင်ဘူး၊ သယ်မလာနဲ့"

တုံးတုံးက ပါးစပ်ပိတ်ထားလိုက်သည်။



ထိုအချိန်တွင် ...

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်နေသော ချွန်းချွန်းက ကြားဝင်
လိုက်သည်။

"သခင်မလေး သူတို့သတ်မယ့်လူ ဘယ်သူလဲဆိုတာ ကျွန်မ
စိတ်ထဲမှာ နည်းနည်းသိလာတယ်"

သံမဏိမျက်နှာက ...

"ညည်းက ဘယ်သူထင်လို့လဲ"

ချွန်းချွန်းက ...

"သခင်မလေး စိန်ခေါ်ခဲ့တဲ့လူလေ"

သံမဏိမျက်နှာက ပါးစပ်ပိတ်ထားလိုက်သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

## ရွှေဟောင်းလမ်း

'ကုတောက်'ဆိုသည့် အဓိပ္ပာယ်မှာ 'ရွှေဟောင်းလမ်းလေး' ဟု အဓိပ္ပာယ်ရလေသည်။

သို့မဟုတ် ...

'လမ်းတို' ဟူ၍လည်း အဓိပ္ပာယ်ရသည်။

ဤနေရာသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ့နှစ်ရာခန့်[...] တည်းက တည်ဆောက်ထားသော လမ်းကလေးဖြစ်သည်။

ထိုလမ်းသည် ...

လီပေါင်းသုံးလီခန့်သာရှည်သည်။

ဤလမ်းကို ဆောက်လုပ်ရခြင်းမှာ ချန်အန်းမြို့တော်[...] အခြားမြို့သို့ သွားလာသောလမ်းအဖြစ် အသုံးပြုခြင်းဖြစ်၏။



ချန်အန်းမြို့တော်၏လမ်းမအတိုင်း သွားရမည့်သုံးရက်ခရီးသည် ဤကုတောက်စခန်းမှဖြတ်လျှင် တစ်နေ့တာ ခရီးခန့်သာ ကြန့်ကြာသည်။

လမ်းတစ်လျှောက်ဖုံးမှာ ညီညာပြီး လှပသော ကျောက်များဖြင့် ခင်းထားသောကြောင့် နှစ်ပေါင်းတစ်ရာနှစ်ရာကြာသွားသော်လည်း ယနေ့တိုင် ကောင်းမွန်သေးသည်။

သို့သော် ...

ယခုမှာမူ နှစ်ပေါင်းအတန်ကြာ သွားလာသူမရှိသောကြောင့် လမ်းတစ်ခုလုံး ကျူရွက်များက ဖိတ်ပေါင်းကာရုံထားသည်ကို တွေ့ရမည်ဖြစ်သည်။

လမ်း၏တစ်ဖက်တစ်ချက်တွင်လည်း တောနက်ကြီးက ရှိ[...]ခြိန်သဖြင့် မြင်ကွင်းတစ်ခုလုံးမှာ ခြောက်သွေ့ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဤလမ်းသည် သွားလာရာ၌ အလွန်လွယ်ကူသော လမ်းတစ်လမ်းဖြစ်နေ၏။

ဤအချက်ကို လူတိုင်းက သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ထိုလမ်းကို မည်သူတစ်ဦးတစ်ယောက်ကမှ အသုံးမပြ
တော့ပါ။

အကြောင်းမှာ ...

ဤလမ်းသည် တဖြည်းဖြည်းနှင့် ဓားပြ၊ လူဆိုးများ ကျက်
စားနေသော နေရာတစ်ခုဖြစ်လာသောကြောင့် ခရီးသည်များနှ
ကုန်သည်ပွဲစားတို့သည် စိတ်ချသော လမ်းခရီးရှည်ကိုသာ သွားလာ
နေကြသောကြောင့် ဖြစ်သည်။

❑

နံနက် ...။

နေရောင်ခြည်ပင် မမြင်တွေ့ရသေးပါ။

ထာဝရတိတ်ဆိတ်နေသော လမ်းအိုကလေးသည် ယခု
အခါမှာ မြင်းခွာသံများ မကြားစဖူး ကြားလာရလေသည်။

ဤနှစ်ပေါင်းကြာမြင့်စွာ လမ်းသွားလမ်းလာများ မရှိသော



ဤလမ်းတိုကလေးသည် ယနေ့နံနက် မည်သူက ဤလမ်းကလေး
သို့ ဝင်ရောက်လာနေပါသနည်း။

နှင်းမြူများ ဝေနေသည့်ကြားမှ လူတစ်ယောက်နှင့် မြင်း
တစ်ကောင်သည် အရှိန်မှန်ဖြင့် ထိုလမ်းကလေးပေါ်တွင် ပြေးလွှား
နေသည်။

မြင်းပေါ်၌ ပါလာသူမှာ လီမုန်ကျင်းပင် ဖြစ်လေသည်။

သူက အဘယ်ကြောင့် လူအများသွားသောလမ်းကို မသွား
ဘဲ ဤလမ်းကလေးကိုမှ ရွေးချယ်ပြီး လာရပါသနည်း။

လီမုန်ကျင်းသည် ယင်းလမ်းကလေးကို ရွေးချယ်ရခြင်းမှာ
အကြောင်းသုံးခုရှိလေသည်။

ပထမအကြောင်းမှာ ...

ဤလမ်းကလေးသည် ဖြတ်လမ်းတစ်ခုဖြစ်နေသော
ကြောင့် ဖြစ်သည်။

သုံးရက်သွားရမည့်ခရီးကို တစ်ရက်တည်းနှင့်ရောက်နိုင်
သည် မဟုတ်ပါလော။

ဒုတိယအကြောင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်တစ်ဖက်တွင် ဒဏ်ရာရထားသောကြောင့် ဖြ
သည်။

အကယ်၍ အခြားလမ်းကသွားလျှင် မိမိအတွက် အန္တရာ
ရှိမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်သည်။

တတိယအကြောင်းမှာ နွေမိုးဆောင်း ဘယ်ဖက်သိုင်း
ကွက်ကို ဤနေရာတစ်ဝိုက်၌ တွေ့ကောင်းတွေ့မည်ဟု မျှော်လ
ထားသောကြောင့်ဖြစ်သည်။

□

လီမုန်ကျင်းသည် လမ်းအိုကလေး၏တစ်ဝက်ခန့်သို့ ရော
ရှိလာသောအခါ သူ၏သွားလမ်းတည့်တည့်တွင် လူလေးဦးသည
တန်းစီ၍ ရပ်နေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြော
ဖြစ်သည်။

သူက ထိုလူရှေ့ မြားတစ်ပတ်ခန့်အကွာတွင် မြင်းကို အ
ရပ်လိုက်သည်။



"မိတ်ဆွေ လမ်းဖယ်ပေးပါ ခင်ဗျာ"

ထိုလူလေးယောက်အနက် နှုတ်ခမ်းမွေးကားကားရှိသော
သူတစ်ယောက်က ရယ်မောလိုက်သည်။

"ငါတို့က လမ်းဖယ်ပေးဖို့လာတာ မဟုတ်ဘူး"

လီမုန်ကျင်းသည် ထိုလူ၏ရန်လိုစကားကို ကြားလိုက်ရ
သောအခါ ဒေါသတောင်းခနဲ ထွက်လာလေသည်။

သို့သော် သူက ဒေါသကို ထိန်းချုပ်လိုက်သည်။

"ဒါဖြင့် ဘာအလိုရှိလို့လဲ ပြောပါ"

နှုတ်ခမ်းမွေးကားကားရှိသောလူက လီမုန်ကျင်း၏ရင်ဝကို
ညှိုးထိုးပြလေသည်။

"မင်းရဲ့အသက်"

လီမုန်ကျင်းက သည်းမခံနိုင်တော့ပါ။

မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး ဓားကို ထုတ်လိုက်
သည်။ တစ်ဆက်တည်း ...

"ဝှီး"

သူက ဓားကို လေထဲ၌ တစ်ချက်ဝှေ့ယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အသက်ကို ရမလားဆိုတာ ကျုပ်ဓားကို မေးကြ
ဦးလေ"

နှုတ်ခမ်းကားကားရှိသောသူနှင့် သူ့လူများသည် ရယ်
ဖွယ်စကားကို ကြားရသည့်အလား တဟားဟား ရယ်မော
သည်။

"ဟား ဟား ဟား ဟား"

သူတို့၏ကျယ်လောင်သော ရယ်မောသံကြောင့် အနီး
ဝိုက်သစ်ပင်များပေါ်ရှိ ငှက်များပင် ထိတ်လန့်တုန်လှုပ်ကာ
သွားကြလေသည်။

လီမုန်ကျောင်းက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလ
တော့သည်။

"အားရပါးရ ရယ်ကြပါ၊ ပြီးရင် ကျုပ်ဓားအစွမ်းကို သိရ
မယ်"

"ဟား ဟား ဟား"

နှုတ်ခမ်းမွေးတို့၏ရယ်မောသံများ ပို၍ကျယ်လောင်
သည်။



တစ်ခဏကြာမှ ရယ်သံများ ရပ်သွားသည်။

"ငါတို့နာမည်ကို မင်း မကြားဖူးဘူးနဲ့တူတယ်"

လီမုန်ကျောင်းက ...

"ဟုတ်ကဲ့ ... တဆိတ်လောက် ပြောပြပါ"

နှုတ်ခမ်းမွေးကားကားရှိသောလူက သူတို့၏နာမည်များကို
တစ်ယောက်ချင်း ပြောပြကြသည်။

"နှုတ်ခမ်းမွေး"

"ခေါင်းကြီး"

"နားရွက်ကား"

"နာခေါင်းကြီး"

လီမုန်ကျောင်းသည် ... သူတို့၏နာမည်မဟုတ်သော နာမည်
ကို ကြားမိသောအခါ မနေနိုင်တော့ဘဲ ရယ်မောလိုက်မိလေတော့
သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သိုင်းလောကတွင် ထိုလူလေးယောက်၏ အမည်ကို ကောင်းစွာကြားခဲ့ပြီး ဖြစ်လေသည်။

သူတို့သည် အသေခံဝံ့သူများဖြစ်သဖြင့် တစ်ဖက်သား တိုက်ခိုက်ရာ၌ ကိုယ့်အသက်ပဓာနမထားဘဲ အစွမ်းကုန်တိုက်ခိုက် တတ်သောကြောင့် အချို့သိုင်းသမားကပင် သူတို့အား 'သေ တမန်တော်များ' ဟုပင် အမည်ပေးထားကြသည်။

သို့သော် ...

လီမုန်ကျင်းသည် ငယ်ရွယ်သူဖြစ်သည်။

အတွေ့အကြုံမှာလည်း နုနယ်သေးသောကြောင့် ထို များအကြောင်းကို မကြားဖူးပါ။

ထို့ကြောင့် ...

သူတို့၏နာမည်ကို ပြောပြသောအခါ သူက မရယ်ဘဲ နေ နိုင်တော့ပါ။

ထိုအခါ ...

နှုတ်ခမ်းမွေးက ဒေါသခြောင်းခြောင်းထွက်လာ သည်။



"ငါတို့လေးယောက်ကို မလေးမစား လုပ်တဲ့ကောင် အခု သေရမယ်"

သူ၏စကားဆုံးသွားသောအခါ လူလေးယောက်၏လက် များ ပြိုင်တူလှုပ်ရှားသွားသည်။

တစ်ယောက်၏လက်ထဲတွင် တစ်ပေခွဲခန့်ရှိသော ဓားတစ် လက်စီပါလာလေသည်။

"ဘိုက်ကြဟေ့"

နှုတ်ခမ်းမွေးက အမိန့်ပေးလိုက်သည်နှင့် ကျန်သုံးယောက် က ပြိုင်တူတိုက်ခိုက်ကြသည်။

လီမုန်ကျင်းက ပြန်လည်တိုက်ခိုက်လေသည်။

❑

"ချွမ် ... ချွမ်"

ဓားချင်း ထိတွေ့သံများ အဆက်မပြတ် ထွက်ပေါ်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား ယိ"

"အု"

နွတ်ခမ်းမွေး လူလေးယောက်သည် အားမာန်အပြည့်ပြ
လေးဖက်လေးတန်မှ တိုက်ခိုက်ရာ လီမုန်ကျင်းက လက်တစ်ဖက်
လည်း ဒဏ်ရာရရှိထားသောကြောင့် ဆက်လက်ခုခံနိုင်ခြင်း မရှိ
နောက်သို့ တဆုတ်တည်း ဆုတ်နေရသည်။

နွတ်ခမ်းမွေးတို့လေးယောက်က နည်းနည်းမှ အလျှော့
မပေးဘဲ ဖိ၍တိုက်ခိုက်နေသည်။

သူတို့သည် လီမုန်ကျင်းအား အသေသတ်ရန်မှာ သေ
နေသည်။

ထိုအချိန်မှာပင် ...

"ဝှး ဝှး"

အချက်ပေးသံတစ်သံ စူးရှစွာ ထွက်ပေါ်လာသည်ကို ကြ
လိုက်ရလေသည်။

❑



နွတ်ခမ်းမွေးတို့လူလေးယောက်သည် ခုခံနိုင်စွမ်းအား ကျ
သောလီမုန်ကျင်း ထွက်မပြေးနိုင်ရန် လေးဖက်လေးတန်မှ ဝိုက်၍
တိုက်ခိုက်နေစဉ် ...

ထိုအသံကို ကြားလိုက်ရခြင်းဖြစ်လေသည်။

နွတ်ခမ်းမွေးတို့က အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွား
သည်။

တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ အဝတ်အစားများ ဝတ်ဆင်
ထားသော မိန်းကလေးတစ်ယောက်သည် သူတို့၏စက်ကွင်းထဲသို့
ဝင်လာလေသည်။

❑

မိန်းကလေးတစ်ယောက်ဖြစ်သည်။

အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



လိုလှပသောမျက်နှာပေါ်တွင် မာန်မာနအပြည့်ပါသော အငွေ့အသက်များ ဖြစ်ပေါ်နေသည်။

သူမ၏လှပသော မျက်ဝန်းအစုံမှာလည်း အလွန်အေးစက်သော အငွေ့အသက်များ ပေါ်လွင်နေသည်။

သူမလက်ထဲတွင် အရောင်ဝင်းလက်နေသော ဓားတစ်လက် ပါရှိလေသည်။

နှုတ်ခမ်းမွှေးတို့က တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

နှုတ်ခမ်းမွှေးက မေးရန် ပါးစပ်ဟလိုက်သည်။

မိန်းကလေးက ဆီး၍အော်လိုက်လေသည်။

"နင်တို့ ထွက်သွားကြမယ်ဆိုရင် ငါက မသတ်တော့ဘူး ... နို့မဟုတ်ရင် ..."

နှုတ်ခမ်းမွှေးက ဒေါသထောင်းထောင်း ထွက်လာသည်။

"ဒီမိန်းမယုတ်ကို သတ်လိုက်"

သူကပြောရင်း မိန်းကလေးအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကျန်သုံးယောက်လည်း လေးဘက်လေးတန်မှ နေရာယူ၍



မိန်းကလေးအား အပြင်းထန်ဆုံးတိုက်ခိုက်လိုက်သည်။

မိန်းကလေးက လုံးဝမမှုပါ။

"နင်တို့ သေချင်ပြီနဲ့ တူတယ်"

သူမက အော်ငေါက်ရင်း ဓားကို သွက်လက်စွာ လှုပ်ရှားလိုက်သည်။

"ချွမ် ... ချွမ်"

"ချွမ်"

ဟူသော အသံများ ထွက်ပေါ်လာသည်။

နှုတ်ခမ်းမွှေးတို့လေးယောက်၏ဓားများ ထက်ပိုင်းကျိုးသွားသည်ကို အံ့သြစွာ တွေ့မြင်လိုက်လေသည်။

နှုတ်ခမ်းမွှေးက ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ပါ။

သို့သော် ...

သူက ဘဝင်မကျဘဲ လက်စားချေနိုင်ရန် နာမည်မေးလိုက်လေသည်။

"ကျုပ်တို့ ရှုံးသွားပါပြီ၊ နောက်တွေ့ရင် သိအောင် နာမည်လေး တဆိတ်လောက် ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားဆုံးသည်နှင့် မိန်းကလေးက သူမ၏အမည်
တစ်လုံးချင်း ပြောလိုက်လေသည်။

"ဓား ... ဓားက ... လျှာ"

ပထမပိုင်း ပြီး

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှု

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄-ခုနှစ်

ပထမအကြိမ်၊ အုပ်ရေ-၄၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်တင်တင်အေး၊ (ရွက်စိမ်းစာပေ)
အမှတ် ၄၃(အေ)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၅၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁၉)

### ဓားကလျာ

ဓားကလျာ ... ဟူသောအမည်ကြောင့် နှုတ်ခမ်းမွှေးတို့လူ
သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြလေသည်။

ထို့နောက် ...

သူတို့သည် စကားမပြောကြတော့ဘဲ ထိုနေရာမှ ထွက်ခွာ
သွားကြလေသည်။

လီမုန်ကျင်းသည် အသက်အန္တရာယ်လွတ်မြောက်လာ
သော်လည်း ဝမ်းသာခြင်း မရှိပါ။

မိမိသည် ယောကျ်ားတစ်ယောက်ဖြစ်သည်။

ကိုယ်ကသာလျှင် သူများကို ကူညီပေးရမည်။

ယခုမှာမူ ...

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အသက်ကို သူစိမ်းတစ်ရံဆံမိန်းကလေးတစ်ယော

က ကယ်တင်ခဲ့သည်။

မိမိအဖို့ အလွန်ရှက်ဖွယ်ကောင်းသည်ဟု ရင်နာစွာ တွေ

လေသည်။ မိန်းကလေးက သူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်သည်

"ရှင်က ရန်သူကို မနိုင်လို့ ရှက်နေသလား"

မိန်းကလေး၏ပွင့်ပွင့်လင်းလင်း မေးသံကြောင့် သူ

လည်း မဖုံးကွယ်ဘဲ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မိန်းကလေးက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ရှင့်အယူအဆ လွဲနေပြီ"

သူမက ဆက်၍ ရှင်းပြလိုက်သည်။

"သိုင်းသမားတစ်ယောက်ဆိုတာ နိုင်ချင်တဲ့အချိန်မှာ

မယ်၊ ရှုံးတဲ့အခါ ရှုံးမှာပဲ၊ ဘယ်သူမှ အမြဲနိုင်မယ်လို့ မရှိခဲ့ပါဘူး"

လီမှန်ကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ဗျားပြောတာကတော့ ဟုတ်ပါပြီ၊ ကျုပ်ကတော့ အ

နဲ့ပဲ ရင်ဆိုင်ခဲ့တယ်"



မိန်းကလေးက ...

"စိတ်ရှည်ရှည်ထားပါ၊ ကိုယ့်ရဲ့အရည်အချင်းကို ကြိုးစား

မြှင့်ပါ၊ တစ်နေ့ အနိုင်ရမယ်လို့ ကျွန်မ ပြောရဲပါတယ်"

သူမက ပြောပြီး နောက်သို့ ချာခနဲလှည့်လိုက်သည်။

"ခဏနေပါဦးခင်ဗျာ"

လီမှန်ကျင်းက ကမန်းကတန်း ဟန့်တားလိုက်သည်။

မိန်းကလေးက ခြေလှမ်းရပ်တန့်လိုက်ပြီး နောက်သို့ ပြန်

လှည့်လိုက်သည်။ လီမှန်ကျင်းက လက်နှစ်ဖက်ဆုပ်၍ အရိုအသေ

ပေးလိုက်သည်။

"ကျုပ်အသက်ကို ကယ်တဲ့အတွက် ကျေးဇူးတင်ပါတယ်"

မိန်းကလေးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မလိုပါဘူးရှင်၊ တစ်နေ့နေ့ တစ်ချိန်ချိန် ဒီစကားကို သူများ

ရှင့်ကို ပြောလာလိမ့်မယ်လို့ ကျွန်မ ယုံကြည်တယ်"

လီမှန်ကျင်းက ...

"ကျေးဇူးရှင်ရဲ့နာမည် တဆိတ်လောက်ဗျာ၊ ကျွန်တော်က

တော့ လီမှန်ကျင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက …

"ကျွန်မကို ဓားကလျှာလို့ ခေါ်ကြပါတယ်"

"ကျွန်တော် မှတ်ထားပါ့မယ် ခင်ဗျာ"

❑

"ဓားကလျှာ"

ဇော်ကျွန်းခိုးက မျက်မှောင်ကြုတ်၍ …

"ဓားကလျှာဆိုတာ ဘယ်သူလဲ"

နှုတ်ခမ်းမွှေးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်လည်း မသိဘူး"

ဇော်ကျွန်းခိုးက မျက်မှောင်ကြုတ်သွားပြန်သည်။

"ဒီကုတောက်စခန်းကို တစ်လနေလို့ တစ်ခေါက်ဖြတ်တဲ့ မရှိဘူး၊ ဘယ့်နှယ် အရေးထဲကျမှ ဓားကလျှာဆိုတာက ပေါ်လာ ငါတို့အကြံအစည်ကို ချေဖျက်ရတာလဲ"

နားရွက်ကားက တစ်စုံတစ်ခုကို သတိရလာသည်။



"မဟုတ်မှလွဲရော ကျွန်တော်တို့သတင်း ပေါက်ကြားသွားတယ်ထင်တယ် … ဂိုဏ်းချုပ်ကြီး"

ဇော်ကျွန်းခိုးက …

"ဒီကိစ္စကို မင်းတို့လေးယောက်ပဲ သိတယ်၊ ပေါက်ကြားစရာရှိရင် မင်းတို့လေးယောက်ထဲက တစ်ယောက်ဆီကပဲ ဖြစ်မယ်"

ခေါင်းကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့လေးယောက် တစ်ယောက်နဲ့တစ်ယောက် ခွဲခွာခဲ့တာမှ မရှိဖူးပဲ"

ဇော်ကျွန်းခိုးက ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာ၏။

"ဓားကလျှာဆိုတာ သူပဲဖြစ်ရမယ်၊ ငါကိုယ်တိုင် သွားစုံစမ်းမယ်"

နှုတ်ခမ်းမွှေးက …

"ဘယ်သူလဲ ဆရာ"

ဇော်ကျွန်းခိုးက …

"သံမဏိမျက်နှာ … ရိုလန်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

## ရုပ်ဆိုးမလေး

သံမဏိမျက်နှာနှင့် အိမ်ဂေဟာရှေ့တွင် ဧည့်သည်နှ... ယောက် ရောက်လာသည်။ ဝေ့ကျွန်းခုံးနှင့် စွမ်းတောင်းတို့ ဖြစ်... သည်။

ဝေ့ကျွန်းခုံးက ခြံတံခါးရှိ သံကွင်းကို ခေါက်ပြီးသည်... စွမ်းတောင်းဘက်သို့လှည့်၍ အသံတိုးတိုးဖြင့် ...

"ဒီကနေ့တော့ ငါတို့ အချိန်မပေးဘဲ အတင်းပင်သွား... ဒါမှလည်း ရိုလန်နဲ့ နဂိုမူလမျက်နှာကို တွေ့ရမှာ"

စွမ်းတောင်းက ...

"ကောင်းတယ် ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်က အိမ်ဖော်... ထိန်းထားမယ်၊ ဂိုဏ်းချုပ် တည့်တည့်သာ ဝင်သွား"



ထိုအချိန်မှာပင် အစိမ်းရောင်ဆင်တူဝတ်ဆင်ထားသော ...ကောင်မလေးတစ်ယောက် ထွက်လာသည်။

"ဂိုဏ်းချုပ်ကြီးပါလား"

သူမက ပြောပြီး ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

"ဟုတ်တယ်၊ မင်းတို့ သခင်မလေးရှိလား"

မိန်းကလေးက ...

"ရှိပါတယ်၊ ဧည့်ခန်းထဲမှာပါ"

ဝေ့ကျွန်းခုံးက ခြံတံခါးကို တွန်းဖွင့်လိုက်ပြီး တိုးဝင်သွား...သည်။ မိန်းကလေးက ကမန်းကတန်း ဟန့်တားလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ခဏနေပါဦး၊ ကျွန်မ သွားပြီ အကြောင်း...ဦးမယ်"

ဝေ့ကျွန်းခုံးက ...

"မလိုပါဘူး၊ ငါတို့က မောင်နှမတွေပဲ"

သူက ပြောရင်း ခြေလှမ်းကျဲကျဲဖြင့် အိမ်ဂေဟာရှိရာသို့ ...သွားပြီး တံခါးဆွဲဖွင့်၍ ဝင်သွားသည်။

မိန်းကလေးက ဟန့်တားသော်လည်း မမီတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝေကျန်းခိုးသည် အိမ်ထဲသို့ လှမ်းဝင်သွားသည်နှင့် ဧည့်ခန်းထဲ၌ မိန်းကလေးတစ်ယောက်ထိုင်၍ ရေနွေးကြမ်းနှင့်မုန့်စားနေသည်ကို တွေ့ရသည်။

ထိုမိန်းကလေးသည် စားသောက်ရင်း မဖျော်လင့်ဘဲ ဝေကျန်းခိုးအား တွေ့လိုက်ရသဖြင့် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ဝေကျန်းခိုးက ခြေလှမ်းရပ်တန့်လိုက်သည်။

"ရိုလန် ဘယ်မှာလဲ"

သူက ယင်းသို့မေးရင်း မိန်းကလေးအား အကဲခတ်ကြည့်လိုက်သည်။

ထိုမိန်းကလေးမှာ ကိုယ်လုံးကိုယ်ထည် လှပကျော့ရှင်းသော်လည်း မျက်နှာတွင် ကျောက်ပေါက်မာများ ဖြစ်နေသဖြင့် ရုပ်ဆိုးလှပေသည်။

မိန်းကလေးက မတုန်မလှုပ်ဘဲ သူ့ထိုင်ခုံနောက်ရှိ မှန်ကြွယ်တွင် ချိတ်ထားသော မျက်နှာဖုံးတစ်ခုအား တပ်ဆင်လိုက်သည်။

"သံမဏိမျက်နှာ"



ထိုမိန်းကလေးသည် ရိုလန် (ဝါ) သံမဏိမျက်နှာပင် ဖြစ်နေသည် မဟုတ်ပါလား။

ဝေကျန်းခိုးက မယုံကြည်နိုင်လောက်အောင်ဖြစ်ကာ ကြက်သေသေလျက် ရပ်နေသည်။ သံမဏိမျက်နှာက ...

"ထိုင်လေ၊ တောတောစီးစီး ဘာကိစ္စရောက်လာတာလဲ"

ဝေကျန်းခိုးက ...

"နင်က ရိုလန် ဟုတ်မဟုတ်ရဲ့လား"

သံမဏိမျက်နှာက ...

"အစ်ကိုကြီး ဘာဖြစ်နေတာလဲ၊ ကျွန်မကို သံမဏိမျက်နှာ အတုလို့ ဆိုချင်တာလား"

ဝေကျန်းခိုးက ...

"နင်က ရိုလန်ဆိုတာ ငါမယုံဘူး"

"ဘာဖြစ်လို့လဲ"

ဝေကျန်းခိုးက ...

"နင်နဲ့ငါ ငယ်ငယ်ကတည်းက အတူနေတော့ သိတာပေါ့။ ချော်တော်လှတဲ့ မိန်းကလေးပါ၊ အခုတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



သံမဏိမျက်နှာက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်

"အစ်ကိုကြီးပြောတာ ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မက ကံဆိုး တော့ ကျောက်ပေါက်ရောဂါရပြီး အနုလိုဖြစ်သွားတာ၊ ဒါကြော ကိုယ့်ကိုယ်ကိုယ် ရှက်လို့ ဒီသံမဏိမျက်နှာဖုံးကို တပ်ထားရတာပေ

ဝေကျွန်းခုံးက မည်သို့ဆက်ပြောရမှန်းမသိဘဲ အတန်ကြာ ပါးစပ်ပိတ်ထားလေသည်။ သံမဏိမျက်နှာကလည်း စကားမပြော ဘဲ ငြိမ်နေ၏။ အတော်ကြာတော့မှ ဝေကျွန်းခုံးက ထရပ်လိုက်သည်

သံမဏိမျက်နှာက ...

"အစ်ကိုကြီး ပြန်တော့မလို့လား"

ဝေကျွန်းခုံးက စိတ်ပျက်စွာဖြင့် ခေါင်းညိတ်လိုက်သည်

သံမဏိမျက်နှာက ...

"အစ်ကိုကြီး လာတဲ့ကိစ္စကိုလည်း ပြောပါဦးလေ"

ဝေကျွန်းခုံးက ...

"စကားတစ်ခွန်းပဲ မေးချင်ပါတယ်"

သံမဏိမျက်နှာက ...

"မေးပါလေ"



ဝေကျွန်းခုံးက ...

"ဟိုကောင့်ကို နင် ဘာကြောင့် မသတ်တာလဲ"

"ဘယ်သူ့ကို ပြောနေတာလဲ"

"နင့်ရဲ့ရန်သူလေ"

သံမဏိမျက်နှာက သက်ပြင်းချလိုက်သည်။

"ကျွန်မ လူမသတ်ချင်တော့ဘူး"

"နင်က သူ့ကိုမသတ်ချင်ပေမယ့် သူက နင့်ကို သတ်မှာ"

"ကံတရားပေါ့လေ၊ သူတို့မိသားစုနဲ့ ကျွန်မမိသားစုဟာ သူက သတ်လိုက်၊ ငါက သတ်လိုက်နဲ့ ဒီသံသရာထဲကနေ ဘယ်တော့ လွတ်နိုင်မှာလဲ"

ဝေကျွန်းခုံးက မဲ့ပြုံးပြုံးလိုက်သည်။

"စောင့်ကြည့်ရသေးတာပေါ့၊ သူ့အလှည့်ကျရင် နင့်ကို ချမ်း သာပေးမလားဆိုတာ"

သူသည် စကားဆုံးသွားသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် အိမ် ထဲမှ ထွက်လာခဲ့လေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

## အကြံအစည်

ယနေ့သည် ထူးထူးခြားခြား ဝေကျန်းစုံးက အိပ်ရာမှ စော
စောထသည်။

သူက အစည်းအဝေးရှိသည်ဟု အကြောင်းကြားေ
ကြောင့် သူ့လူများသည် ခန်းမထဲ၌ စုရုံးရောက်ရှိနေကြပြီဖြစ်သည
နှုတ်ခမ်းမွေးတို့လူများသည် ဝေကျန်းခုံးအား စောင့်
ရင်း အချင်းချင်း ဤသို့ဝေဖန်ကြလေသည်။

"အစ်ကိုကြီးစွမ်းတောင်း ... ဒီနေ့ ဂိုဏ်းချုပ်က ဘာကြေ
ထူးထူးခြားခြား အစည်းအဝေးခေါ်ရတာလဲ"

နှုတ်ခမ်းမွေးက မေးလိုက်ခြင်း ဖြစ်သည်။

စွမ်းတောင်းက ခေါင်းခါယမ်းလိုက်သည်။



"ကျုပ်လည်း မသိဘူး"

လက်ယာရံ တန်းတောင်းက ...

"ထူးတော့ ထူးတယ်၊ ဂိုဏ်းချုပ်ကြီးက ဘယ်တော့မှ အခု
လို စောစောစီးစီး မခေါ်ဘူး"

ခေါင်းကြီးက ...

"ဖကွ ရိုလန်နဲ့ပတ်သက်တဲ့ကိစ္စ ပြောမလို့နဲ့တူတယ်"

လက်ယာရံတန်းတောင်းက ...

"သူတို့နှစ်ယောက်က လမ်းခွဲနေပြီပဲ၊ ဘာကိစ္စရှိလို့လဲ"

ခေါင်းကြီးက ...

"အစ်ကိုကြီးတို့က ဂိုဏ်းချုပ်ကြီးနားမှာနေပြီး သူ့စိတ်သ
ဘာကိုမှ နားမလည်ကြပဲ"

"မင်းကကော ဘာတွေသိကားလို့လဲ"

"ငါတို့ဂိုဏ်းချုပ်ကြီးက ရိုလန်ကို တစ်ဖက်သတ် ကြိုက်နေ
သယ်ဆိုတာ အကဲမခတ်တတ်ကြဘူးလား"

တန်းတောင်းက ...

"ဘာကို အကဲခတ်တတ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးက ...

"ဂိုဏ်းချုပ်ကြီးဟာ ရိုလန်ကို မုန်းသွားပြီလေ"

သူ၏စကားကြောင့် အားလုံးက အံ့သြကုန်သည်။

တန်းတောင်းက ...

"မင်း ဘာကြောင့် ပြောနိုင်တာလဲ"

ခေါင်းကြီးက ...

"ဟိုတစ်နေ့တုန်းက ကျုပ် ကိစ္စတစ်ခုရှိတာနဲ့ ဂိုဏ်းချုပ် အခန်းထဲ ရောက်သွားတယ်၊ အဲဒီအခန်းနံရံမှာ ချိတ်ထားတဲ့ ရိုလန်ရဲ့ ငယ်ငယ်တုန်းက ရေးဆွဲထားတဲ့ ပုံတူပန်းချီကို ဆွဲပြဲထားတာ တွေ့ရ တယ်"

အားလုံးက စကားမပြောကြတော့ဘဲ ဆိတ်ဆိတ်နေလိုက် ကြတော့သည်။ အကြောင်းမှာ သူတို့သည် ခြေသံတစ်ချက်ကို ကြား လိုက်ရသောကြောင့် ဖြစ်သည်။

ဝေကျန်းခုံးသည် ခန်းမထဲသို့ လှမ်းဝင်လာလေသည်။

အားလုံးက ထင်ထားသည်မှာ ဝေကျန်းခုံးမှာ စိတ်အနေအထား အယုတ်ဖြစ်နေသည်ဟု ထင်ထားကြလေသည်။



သို့သော် သူတို့ထင်ထားသည့်အတိုင်းနှင့် ဆန့်ကျင်နေ သည်။ ဝေကျန်းခုံး၏မျက်နှာတစ်ခုလုံးမှာ ပြုံးပြုံးရွှင်ရွှင် တက်တက် ကြွကြွရှိနေသည်။

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်ခင်ဗျာ"

အားလုံးက ပြိုင်ဂါရဝပြုကြလေသည်။

ဝေကျန်းခုံးက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မင်္ဂလာပါ၊ အားလုံးထိုင်ကြပါ"

ကနေ့မြင်တွေ့ရသော ဝေကျန်းခုံးသည် ဖော်ဖော်ရွေရွေ ဖြစ်နေသည်ကို သတိပြုမိကြသည်။

ထို့ကြောင့် ယနေ့ခေါ်တွေ့သော အစည်းအဝေးမှာ ခက်ခဲ သော လုပ်ငန်းများကို အမိန့်ပေးလိမ့်မည်ဟု အားလုံးက ခန့်မှန်း ထားသည်။

သူတို့ထင်ထားသည့်အတိုင်း ဝေကျန်းခုံး၏မိန့်ကြားသည့် စကားများမှာ အားလုံးအတွက် စိတ်တက်ကြွဖွယ်ရာ စကားများပင် ဖြစ်သည်။

"သွေးသောက်တို့"

www.burmeseclassic.com

www.burmeseclassic.com



ငွေကျွန်းခုံးက ရင်းရင်းနှီးနှီးဆိုလိုက်သည်။

"ဒီနေ့ သွေးသောက်တို့ကို ခေါ်ရတဲ့အကြောင်းက ရှေ့ စွာ သတင်းကောင်းပါးချင်လို့ပါ"

အားလုံးက ငြိမ်သက်စွာ နားစွင့်နေကြသည်။

ငွေကျွန်းခုံးက ...

"ကျုပ်က ရွှေကျားသစ်ဂိုဏ်းကို လျှမ်းလျှမ်းတောက် ဂိုဏ်း တစ်ဂိုဏ်းဖြစ်လာအောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်"

သူက ဤသို့ နိဒါန်းပျိုးလိုက်ပြီးနောက် ...

"ဒီကနေ့အချိန်ကစပြီး ကျုပ်က လုပ်ငန်းအတွက် အချက် ငါးချက်ကို ချမှတ်ပေးလိုက်တယ်"

အားလုံးက လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

ငွေကျွန်းခုံးက ...

"ပထမအချက်ကတော့ ငါတို့ဟာ လူသစ်တွေစုပြီး သေ နက်နဲ့မြင်းတွေ ဝယ်ရမယ်"

သူက ဆက်၍ ...

"ဒုတိယအချက်ကတော့ ငါတို့ဟာ လူသစ်တွေနဲ့ သက်နက်နဲ့ မြင်းတွေ ဝယ်ရမယ်"



အားလုံးက ခေါင်းတညိတ်ညိတ်ဖြင့် နားစွင့်နေ၏။

ငွေကျွန်းခုံးက ...

"တတိယအချက်ကတော့ ရွှေကျားသစ်ဂိုဏ်းအတွက် တစ် နှစ်အတွင်း လူတိုင်း လူတိုင်း သိထားတဲ့ နာမည်တစ်ခုဖြစ်အောင် လုပ်ပြရမယ်"

သူ ဆက်၍ ...

"စတုတ္ထအချက်ကတော့ လူသစ်ခေါ်ယူရမယ့် တာဝန်ကို အားလုံးက ယူရလိမ့်မယ်"

အားလုံးက ခေါင်းညိတ်လိုက်ကြလေသည်။ ငွေကျွန်းခုံးက

"နောက်ဆုံးအချက်ကတော့ အလွန်အရေးကြီးတယ်၊ အဲဒါ ဘာလဲဆိုရင် ရန်ပုံငွေကို အမြန်ဆုံးရှာဖွေရမယ်"

သူက ခေတ္တရပ်ပြီးမှ အသံကို လေးလေးနက်နက်ထား၍ ဆက်ပြောလိုက်သည်။

"ရန်ပုံငွေရမှသာလျှင် အထက်က ပြောပြခဲ့တဲ့ အချက်အား လုံးကို အောင်မြင်အောင် လုပ်နိုင်မယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ခေါင်းညိတ်လိုက်သည်။

"မှန်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဝေကျန်းခုံးက ပြုံးလိုက်သည်။

"ကောင်းပြီ၊ ငါတို့ ရန်ပုံငွေ ဘယ်လိုရှာကြမလဲဆိုတာ အကြံပေးကြပါ"

အားလုံးက ပါးစပ်ပိတ်ထားကြလေသည်။ ဝေကျန်းခုံးက သူတို့အားလုံးကို တစ်ယောက်ချင်း ကြည့်လိုက်သည်။

အသံမထွက်ကြပါ။

သို့သော် ... အားလုံးက ခေါင်းခါယမ်းပြကြသည်။

"ဟား ဟား ဟား"

ဝေကျန်းခုံးက အားရပါးရ ရယ်မောလိုက်လေသည်။

အားလုံးက တုတ်တုတ်မျှ မလှုပ်ကြပါ။

ဝေကျန်းခုံးက ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။ အားလုံးက ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြလေသည်။ ဝေကျန်းခုံးက ဓား ထောင်ပြလိုက်သည်။

"အဲဒါကို ဘာလို့ခေါ်လဲ"



အားလုံးက တိတ်ဆိတ်နေကြရာမှာ စွမ်းတောင်းက ...

"ဓားပါ ဂိုဏ်းချုပ်ကြီး"

ဝေကျန်းခုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဓား ... ဒီဓားကို ဘာလုပ်ရင်ရမလဲ"

စွမ်းတောင်းက ...

"လူသတ်လို့ ရပါတယ်"

ဝေကျန်းခုံးက ...

"ဟုတ်တယ်၊ မင်း တော်တယ်"

သူက ဆက်၍မေးလိုက်သည်။

"တခြား ဘာသုံးလို့ရသေးသလဲ"

စွမ်းတောင်းက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး၊ ဂိုဏ်းချုပ်ကြီး"

ဝေကျန်းခုံးက စကားတစ်လုံးချင်း ပြောလိုက်သည်။

"ဓားပြ လုနေတဲ့ ရန်ပုံငွေလည်း ရှာလို့ရတယ်"

ထိုနေ့မှစ၍ ရွှေကျားသစ်ဂိုဏ်း၏လုပ်ရှားမှုသည် စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားသစ်ဂိုဏ်း၏ဓနိမှာလည်း ယခင်ကဲ့သို့ ခြောက်ခြောက်သွေ့သွေ့ မဟုတ်တော့ပါ။ အလွန်အင်အားကြီးကျယ်ပြီး ခမ်းနားလှသော စခန်းအဖြစ်သို့ ပြောင်းလဲသွားလေသည်။

မူလ အင်အားငါးဆယ်မျှသာရှိသော ဂိုဏ်းသားများသည် ယခုအခါမှာ နှစ်ရာတိတိ တက်လာလေသည်။ တိုးတက်လာသော သုံးလအတွင်း ရန်ပုံငွေမှာလည်း ခန့်မှန်းထားသည်ထက် ပို၍ ရရှိလာလေသည်။ ငွေကျန်းခုံးသည် စီမံလုပ်ငန်းအောင်မြင်လာသည်ကို တွေ့ရသောအခါ ပျော်၍မဆုံး တပြုံးပြုံး ဖြစ်လာလေတော့သည်။

တစ်နေ့တွင် စွမ်းတောင်းနှင့် ငွေကျန်းခုံးတို့သည် ဆက်လက်လုပ်မည့်လုပ်ငန်းကို ဆွေးနွေးပြီးနောက် စွမ်းတောင်က တစ်ခုကို သတိရလာသည်။

"ဂိုဏ်းချုပ်ကြီးကို သတိတစ်ခု ပေးချင်တယ်၊ မှားရင်လည်း ခွင့်လွှတ်ပါ"

ငွေကျန်းခုံးက ...

"ပြောစရာရှိတာကိုပြော၊ မင်းနဲ့တန်းတောင်းတို့နှစ်ယောက်က ငါ့ရဲ့အားထားရတဲ့လက်ရုံးတွေပါ"



စွမ်းတောင်းက ...

"ဒီလိုပါ၊ အခုတလောဂိုဏ်းချုပ်ကြီးက ရိလန်ကို မွေ့နေပြီနဲ့ တူတယ်"

ငွေကျန်းခုံးက ...

"ဟုတ်တယ်၊ ငါ သူ့ကို မွေ့သွားလိုက်ပြီ"

စွမ်းတောင်းက ...

"သူဟာ ဂိုဏ်းချုပ်ကြီးရဲ့တစ်ဦးတည်းသော သမီးဖြစ်တယ်၊ နောက်ကြာ လာပြီး ရန်ရှာရင် ဘယ်လိုလုပ်မလဲ"

ငွေကျန်းခုံးက ...

"အရင်တုန်းကဆိုရင် သူ့ကို နည်းနည်းလျှော့ပေးထားရတယ်၊ အခုတော့ သူလာရင် ဒုက္ခရောက်သွားမယ်"

စွမ်းတောင်းက ...

"သူ့ကို ရန်သူတစ်ယောက်အနေနဲ့ ထားမယ့်အစား သူ့ကို သည်းရုံးသိမ်းသွင်းလိုက်ပါလား၊ ဂိုဏ်းအတွက် အင်အားပိုတောင့်တာပေါ့"

ငွေကျန်းခုံးက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့လုပ်ငန်းကို သူ ကြိုက်မှာမဟုတ်ဘူး"

စွမ်းတောင်းက ...

"ကိုဏ်းချုပ်က သူ့ကို မေ့လိုက်ပါလား။ ဒါဆိုရင် အား အေးချမ်းသွားတယ်"

ငွေကျန်းခုံးက ...

"ရိုလန်ဟာ ငါတို့ရဲ့ အန္တရာယ်တစ်ခု ဖြစ်တယ်ဆိုတာ နားလည်တယ်၊ သူ့ကို ယူဖို့လည်း စိတ်ကူးမိသေးတယ်"

စွမ်းတောင်းက ...

"ဒါဖြင့် ကိုဏ်းချုပ်ကြီးက ဘာလို့စိတ်ထားပြောင်းသွား တာလဲ"

ငွေကျန်းခုံးက ...

"သူက ရှင် တော်တော်ဆိုးလို့"

စွမ်းတောင်းက ပါးစပ်ပိတ်ထားလိုက်သည်။ ငွေကျန်းခုံး

"ဒါနဲ့ တစ်ချိန်တုန်းက ခေါင်းကြီးတို့ကို တိုက်ခိုက်ထား ဓားကလျာက ဘယ်သူလဲဆိုတာ မင်းတို့ စုံစမ်းလို့ ရရဲ့လား"

"မသိသေးဘူး ကိုဏ်းချုပ်ကြီး"



ငွေကျန်းခုံးက ...

"ဘာမှမကြားပါဘူး ကိုဏ်းချုပ်ကြီး"

ငွေကျန်းခုံးက အနည်းငယ်စဉ်းစားလိုက်သည်။

"ငါထင်တာကတော့ ဓားကလျာဆိုတာ မိန်းကလေးသိုင်း သမားတစ်ယောက်က လမ်းကြုံရင်းနဲ့ ငါတို့ကိစ္စကို ဝင်နှောင့်ယှက် သွားတာနဲ့တူတယ်"

စွမ်းတောင်းက ...

"ဒီအယူအဆက သဘာဝကျပါတယ် ကိုဏ်းချုပ်ကြီး"

ငွေကျန်းခုံးက လက်ဝဲစ်ချက် ငွေ့ယမ်းလိုက်သည်။

"မင်း သွားနိုင်ပြီ"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

## အပ်နှံခြင်း

လီမုန်ကျင်းသည် သမားတော်ကြီး မုယုံထံသို့ ပြန်လည် ရောက်ရှိလာသည်။

အမြဲတမ်း စောင့်မျှော်နေသော မုယုံဟွာသည် လီမုန်ကျ ပြန်လသည်ကို တွေ့မြင်လိုက်သောအခါ ဝမ်းသာပျော်ရွှင်သွားသည်။

"အစ်ကိုမုန်ကျင်း ပြန်လာပြီ"

သူမက နှုတ်ဆက်ရင်း ခြံတံခါးပြေး၍ ဖွင့်ပေးလိုက် သည်။

သို့သော် မြင်းပေါ်မှ လီမုန်ကျင်း၏ကိုယ်နေဟန်ထား ရှုံ့မဲ့နေသောမျက်နှာကို မြင်တွေ့ရသောအခါ ရင်ထဲမှာ ထိတ် ဖြစ်သွားသည်။



"ဟင် ... ဒဏ်ရာရလာပြန်ပြီ"

သူမက အိမ်ဖော်များကိုခေါ်၍ လီမုန်ကျင်းအား မြင်းပေါ်မှတွဲ၍ အောက်သို့ ဆင်းလာသည်။

ထို့နောက် အိပ်ခန်းထဲသို့ မနိုးသွားပြီး ကွပ်ပျစ်ပေါ်သို့ ချ ထားလိုက်သည်။

မုယုံဟွာသည် လီမုန်ကျင်း၏လက်တစ်ဖက်၌ ခြောက်သွေ့ နေသောသွေးများကို မြင်တွေ့ရသောအခါ ရင်ထဲမှာ မချိအောင် ခံစားလိုက်ရသည်။

"အစ်ကိုမုန်ကျင်းရယ် ဘယ်လိုဖြစ်လာရတာလဲ"

လီမုန်ကျင်းက ဖျစ်ညှစ်၍ ပြုံးပြလိုက်သည်။

"ညီမလေးဆီ ရောက်အောင်လာနိုင်ပြီဆိုတော့ အစ်ကို သေနိုင်တော့ပါဘူး"

မုယုံဟွာက ခေါင်းကို ဘွင်တွင်ကုတ်လိုက်သည်။

"ခက်တာပဲ၊ ဘိုးဘိုးက ထွက်သွားတာ သုံးရက်တောင်ရှိပြီ၊ အခုထိ ပြန်မလာသေးဘူး"

လီမုန်ကျင်းက မချိပြုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း မစိုးရိမ်ပါနဲ့၊ လက်တစ်ဖက် ပျက်စီးသွားတာ ကလွဲလို့ အသက်မသေနိုင်ပါဘူး"

ထိုအချိန်မှာပင် အပြင်ဘက်မှ အိမ်ဖော်များ၏အသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"သခင်ကြီး ပြန်လာပြီဟေ့"

မယ်ယုံဟွာသည် ထိုအသံကို ကြားလိုက်ရသောအခါ မျက်နှာ တစ်ခုလုံး ပြုံးရွှင်သွားလေသည်။

"ဘိုးဘိုး ပြန်လာပြီ"

သူမသည် သွက်လက်စွာ ပြေးလွှားသွားသည်။

"မင်း ဒီကနေ့ ငါသာပြန်ရောက်မလာရင် မင်းလက် ဖြတ်လိုက်ရုံပဲ ရှိတော့တယ်"

သမားတော်ကြီးမယ်ယုံသည် လီမုန်ကျင်း၏ဒဏ်ရာကို ကြည့် ရင်း ယင်းသို့ မှတ်ချက်ချလိုက်လေသည်။

သမားတော်ကြီး၏စကားကို ကြားလိုက်ရတော့မှ လီမုန် ကျင်းက စိတ်သက်သာရာရသွားသည်။

"ကျွန်တော် သမားတော်ကြီးကို ဒုက္ခပေးသလို ဖြစ်နေပါပြီ"



သမားတော်ကြီးမယ်ယုံသည် မပြောမဆိုဘဲ လက်ညှိုးတစ် ချောင်းဖြင့် လီမုန်ကျင်း၏ 'လင်းထိုင်' သွေးကြောနေရာကို ထောက် လိုက်ရာ လီမုန်ကျင်းက မျက်လွှာချလိုက်ပြီး သတိမေ့သွားသည်။

သမားတော်ကြီးက အကျိုးပင် မလဲနိုင်တော့ဘဲ လီမုန်ကျင်း ၏ဒဏ်ရာကို မဆိုင်းမတွ ကြိုးစားကုသပေးလေတော့သည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သမားတော်ကြီး၏အစွမ်းထက်သော ကုသမှုကြောင့် လီမုန်ကျင်း၏လက်တစ်ဖက်သည် ပကတိအတိုင်း ပြန်လည်ကောင်း မွန်လာသည်။

သို့သော် သုံးလအတွင်း ဓားလုံးဝမကိုင်ရဟု သမားတော် ကြီးက လေးလေးနက်နက် သတိပေးထားသောကြောင့် လီမုန်ကျင်း က မကယ်နိုင်တော့ဘဲ လက်လျှော့ထားရသည်။

သုံးလဟူသောအချိန်သည် သူ့အဖို့ သုံးနှစ်ခန့် အချိန်ကြာ သည်ဟု ခံစားနေရသည်။

မယ်ယုံဟွာမှာမူ အချိန်မှာ အလွန်တိုတောင်းသည်ဟု ခံစား နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ ...

သုံးလဟူသောအချိန်သည် ကုန်ဆုံးသွားလေပြီ။

လီမုန်ကျင်းသည် သူ၏လုပ်ငန်းကို ပြန်လည်စတင်ဆော မည်ဖြစ်သည်။

သုံးလအတွင်း မယ်ပုံက သူ့အပေါ် ရင်းရင်းနှီးနှီး ပြုစုဆော ရှောက်ခဲ့သည်။ မြေပုံကိုလည်း နှစ်ယောက်သား ခေါင်းချင်းဆိုင် ကြည့်ရှုလေ့လာကြသည်။

ထို့ကြောင့် သုံးလအတွင်း၌ သူတို့၏မေတ္တာသံယော နှောင်ကြိုးသည် ပို၍ခိုင်မာလာလေသည်။

သုံးလပြည့်သောနေ့တွင် လီမုန်ကျင်းက သမားတော်ကြီး အား ကျေးဇူးတင်စကားပြောရင်း ဂါရဝပြု၍ နှုတ်ဆက်လိုက်လေ သည်။

"ကျွန်တော့်အနေနဲ့ သမားတော်ကြီးပေးတဲ့အသက်ပဲ ရှိ တော့တယ်၊ ဒါကြောင့် သမားတော်ကြီးရဲ့ ကျေးဇူးကို ဘယ်တော့ မမေ့ဘူးလို့ ပြောပြပါရစေ"

သမားတော်ကြီး မယ်ပုံက ...



"သမားတော်ကြီးတစ်ယောက်ဆိုတာ မိတ်ဆွေပဲဖြစ်ဖြစ်၊ ရန်သူပဲဖြစ်ဖြစ် အသက်ကယ်ရမယ့် အခွင့်အလမ်း ရှိလာရင် သမား တော်ကြီးရဲ့တာဝန်ကို ထမ်းဆောင်ရမှာပဲ၊ ဒါကြောင့် ကျေးဇူးတင်ဖို့ မလိုပါဘူး"

"သမားတော်ကြီးရဲ့မြင့်မြတ်တဲ့စိတ်ထားကို လေးစားပါ တယ်၊ ဘာပဲဖြစ်ဖြစ် သမားတော်ကြီးရဲ့ကျေးဇူးကို ဘယ်မမေ့လို့ ရနိုင် မလဲ"

သမားတော်ကြီးက သူ့အား တစ်ချက်ကြည့်လိုက်ပြီး အနီး တွင် ဒူးတုပ်၍ထိုင်နေသော မယ်ပုံဟွာအား မသိမသာ တစ်ချက်ကြည့် လိုက်သည်။

"ကျုပ်ကတော့ ကျေးဇူးလာဆပ်တိုင်း လက်ခံလေ့မရှိပါ ဘူး ဒါပေမဲ့ ... မောင်ရင်ရဲ့ ရိုးသားဖြောင့်မတ်ပုံနဲ့ ယောကျ်ားပီသ ကို သဘောကျတဲ့အတွက် ခင်ဗျားကို အကူအညီတစ်ခုတောင်းရမှာပဲ"

လီမုန်ကျင်းက ...

"ကျေးဇူးတင်ပါတယ် သမားတော်ကြီး၊ ကျွန်တော် ဘာကူ ညီရမလဲဆိုတာ အမိန့်ရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



"ငါဟာ အသက်ကြီးလာပြီ၊ ငါ့မြေးကျတော့ ငယ်ငယ်ရွ
ရွယ်ရှိသေးတယ်၊ ငါမရှိတဲ့နောက်မှာ သူ့အတွက် ရင်လေးနေ
တယ်"

သူက သက်ပြင်းချ၍ စကားဆက်လိုက်သည်။

"ခက်တာက ငါတို့မှာ ဆွေမျိုးရှားတယ်၊ ရှိတဲ့ဆွေမျိုး
လည်း ဝေးကွာလံတဲ့နေရာမှာ ရှိကြတယ်၊ ဒါကြောင့် ကျ
ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ မင်းက ငါ့ကို ကျေးဇူးဆပ်မယ်ဆို
ငါ့မြေးလေးကို ကိုယ့်ဆွေမျိုးလိုပဲဖြစ်ဖြစ်၊ ကိုယ့်အိမ်သားလိုပဲဖြ
အသိအမှတ်ပြုစောင့်ရှောက်ပေးရင် ငါဟာ စိတ်ချမ်းသာ၊ ကိုယ်
သာ ဖြစ်ပါတယ်"

လီမုန်ကျင်းက ...

"စိတ်ချပါ သမားတော်ကြီး၊ ကျွန်တော် သွားရောက်
ဆောင်ရမယ့်တာဝန်ဟာ အသက်အန္တရာယ် ရှိနိုင်ပါတယ်၊ တ
လို့ ကျွန်တော့်အသက် မသေဘူးဆိုရင် ကျွန်တော်ဟာ ဆွေ
မျိုးမရှိလို့ ဒီရွာ ဒီအိမ်ကိုပဲ ပြန်လာပြီး ညီမလေး မုယုံဟွာရဲ့သ
အတိုင်း ကျွန်တော် သူ့ကို တစ်သက်လုံး စောင့်ရှောက်သွားမေ



တတိပေးပါတယ်"

သမားတော်ကြီး၏မျက်နှာတစ်ခုလုံး ပွင့်လန်းရွှင်မြူးသွား
လေသည်။

"မင်းတတိပေးတာကို ကြားရတဲ့အတွက် ဒီနှစ်ပေါင်း များ
ာထဲမှာ ဒီတစ်ခါလောက် စိတ်ပျော်ရွှင်မှု မရခဲ့ပါဘူး၊ ငါ ဝမ်းသာ
တယ်ဟေ့"

မုယုံဟွာက ခေါင်းငုံ့ထားလေသည်။

သူ၏မျက်နှာတစ်ခုလုံး ပန်းနုရောင်သမ်းသွားသည်။

သူမ၏မျက်ဝန်းအစုံသည် ရွှန်းလက်တောက်ပသွားလေ
သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

## ရေတံခွန်

လီမှန်ကျင်းသည် မြင်းကို မှန်မှန်မောင်းနှင်၍ ဝါးကိုးဆ...

တောင်ရှိရာသို့ ဦးတည်သွားနေသည်။

သွားနေရာသည် မုယုံပွှာက မြေပုံကို အကြိမ်ကြိမ်ကြည့်...

ထောက်ပြထားသောနေရာဖြစ်သည်။

မုယုံပွှာသည် သိုင်းမတတ်သော်လည်း အလွန်ဉာဏ်...

ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သူ့အား များစွာ အထောက်အကူပေးနိုင်သည်...

မဟုတ်ပါလော။ သူသည် မြင်းသွားရာသို့ လိုက်ပါသွားရင်း ...

ထွက်လာခဲ့စဉ်က မုယုံပွှာက လမ်းမအထိ လိုက်လံပို့ဆောင်...

သည့် မြင်ကွင်းကို မြင်ယောင်လာသည်။



သူက အတန်းဝေးဝေးရောက်သည့်တိုင်အောင် သူမက မပြန်သေးဘဲ လက်နှစ်ဖက်မြှောက်၍ ဝေ့ယမ်းပြနေပုံကို သူ၏ အသည်းနှလုံးထဲ၌ မမေ့နိုင်အောင် ရှိနေသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ ကြိုးစားမယ်၊ ရန်သူကို အနိုင်တိုက်မယ်၊ သူတို့ မြေး ...ဘိုးဆီကို မရောက်နိုင်အောင် ကြိုးစားရမယ်"

သူက ယင်းသို့ သန္နိဋ္ဌာန်ချပြီးနောက် မြင်းကို လျှင်မြန်စွာ ...မောင်းနှင်ထွက်ခွာသွားလေသည်။

အလွန်သပ်ရပ်သော ခြံတစ်ခု၏နောက်ဘက်တွင် မြေကွက် ...တစ်ခုပေါ်၌ မိန်းကလေးတစ်ယောက်သည် ဓားပညာကို လေ့ကျင့် ...သည်။ ထိုမိန်းကလေးမှာ ရှိဟန်ပင်ဖြစ်သည်။

ယခုတလော ဝေ့ကျန်းခိုးနှင့်ပတ်သက်သော သတင်းသည် ...ဆန်းအောင်ပင် သူမက ကြားသိပြီးဖြစ်သည်။

သူက ဆရာခုံးခုံးအပေါ်တွင် ပို၍လေးစားလာသည်။

တစ်နေ့နေ့ တစ်ချိန်ချိန် ဝေ့ကျန်းခိုးသည် ဆရာ၏ဆုံးမသြ...ကို မနာခံဘဲ ထင်ရာစိုင်းလုပ်လာလိမ့်မည်ဟု ဆရာက ကြိုတင်...

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ထားလေသည်။

ထို့ကြောင့် သူ့အား တပည့်အဖြစ်မှ ဖြုတ်တောက်လိုက်ပြီ နှင်ထုတ်လိုက်လေသည်။

သူ မကျွယ်လွန်မီ ငွေကျန်းခုံးက အကယ်၍ ဆိုးသွမ်းလာ၍လျှင် သူ့အား မညှာဘဲ ရှင်းပစ်ရမည်ဟု ရိလန်အား မှာကြားခဲ့ခြင်း ဖြစ်သည်။

ယခု ဆရာဟောကိန်းထုတ်ခဲ့သည်မှာ သွေးထွက်အောင် ရန်းကန်နေသည့်အပြင် ဆရာထင်ထားသည့်အတိုင်းပင် ဆိုးသွမ်း လာသည့် သတင်းကို သူမက အဆက်မပြတ် ကြားခဲ့ရလေသည်။

သူမက ဆရာမှာကြားထားသည့်အတိုင်း မနှိမ်နင်းဘဲ လွှတ်ထားလိုက်လျှင် အပြစ်မဲ့သော လူသားများစွာ၏အသက် ဆုံးရှုံးသွားမည်မှာ သေချာသလောက်ဖြစ်သည်ဟု သူမက ရှုမြင်ထား သည်။

သူမသည် ငွေကျန်းခုံးအား ချေမှုန်းရန် ဆုံးဖြတ်လိုက်သော သည်။ ငွေကျန်းခုံးအား ချေမှုန်းရာ၌ ယခင်ကဲ့သို့မဟုတ်ဘဲ များစွာ အခက်အခဲရှိမည်ဟု သူမက ကောင်းစွာနားလည်ထားသည်။



သူမသည် ဆရာသင်ကြားပေးထားသော နွေမိုးဆောင်း သိုင်းကို ပြီးမြောက်အောင်မြင်စေရန် မအားမလပ် ကြိုးစားနေခြင်း ဖြစ်သည်။

လီမုန်ကျင်းသည် ဝါးကိုးဆန်းတောင်အနီးသို့ ချဉ်းကပ် ရောက်ရှိလာပြီ ဖြစ်သည်။

ဝါးကိုးဆန်းတောင်နယ်ထဲသို့ ဝင်ရောက်လာမိသည်နှင့် လူ နေအိမ်ခြေများ တဖြည်းဖြည်းကျဲသွားပြီး နောက်ဆုံး လူနေအိမ်ခြေ ဟူ၍ လုံးဝမတွေ့ရတော့ပါ။

တဖြည်းဖြည်းနှင့် အလွန်ခေါင်လွန်သောဒေသသို့ ရောက်ရှိ လာလေသည်။

သူက စိတ်မပျက်ပါ။ သုံးရက်သုံးည နားနားနေနေဖြင့် ဆက်လက်ဝင်သွားသောအခါ အလွန်မြင့်မားသော တောင်ခြေရင်း တစ်ခုသို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တောင်တက်လမ်းသို့ လိုက်လံရှာဖွေလေသည်။

နေ့တစ်ဝက်ခန့် အချိန်ကုန်သွားတော့မှ လူတစ်ရပ်ခန့်မြင့်သော ကျောက်ပြားတစ်ပြားကို မြင်လိုက်ရသည်။

ကျောက်ပြားပေါ်၌ ...

"ဝါးကိုးဆန်းတောင်"

ဟု ရေးသွင်းထားသည်ကို မြင်တွေ့လိုက်ရလေသည်။

လီမုန်ကျင်းသည် မြင်းပေါ်မှ ဆင်းလိုက်လေသည်။

သူက မြင်းကိုဆွဲ၍ တောင်တက်လမ်းအတိုင်း တက်သွားလေသည်။

တောင်တက်လမ်းမှာ မြေညီလမ်းဖြစ်သည်။

သို့သော် ခြေလှမ်းတစ်ရာ နှစ်ရာခန့် လှမ်းမိသောအခါ တောင်တက်လမ်းဟူ၍ မရှိတော့ပါ။

ထိုနေရာတွင် မြေကွက်လပ်တစ်ခု ဖြစ်သည်။

မြေကွက်လပ်အနီးတစ်ဝိုက်မှာလည်း သစ်ပင်ဝါးပင်မှလွဲ၍ လူနေအိမ် လုံးဝမရှိပါ။ လီမုန်ကျင်းက အတန်ကြာစဉ်းစားလိုက်ပြီး တောင်ပေါ်သို့တက်ရန် ဖြစ်သည့်နည်းနှင့် ဆုံးဖြတ်လိုက်သည်။



သူက မြင်းကို မြေကွက်လပ်တွင် လွတ်လပ်စွာထားပြီး ရေဘူးနှင့် ဓားကိုယူကာ တောင်ပေါ်သို့ စတင်တက်သွားလေသည်။

သူ အသုံးပြု၍ တက်သွားသောအရာမှာ အဖုအထစ်များရှိသော ကျောက်တုံးများကိုနင်း၍ တက်သွားခြင်း ဖြစ်သည်။

သူက တောင်တစ်ဝက်ခန့် တက်မိလာသောအခါ ရှေ့သို့ ဆက်တက်ရန်မှာ ခြေချရန်မရှိဘဲ တောင်ပေါ်မှ မတ်စောက်နေသည်ကို တွေ့ရသည်။

သို့သော် တောင်နံရံမှ လက်မောင်းခန့်ရှိသော နွယ်ပင်များ တွဲလောင်းကျနေသည်ကို တွေ့ရသည်။ သူက အားတက်သွားသည်။

နွယ်ပင်များကို အားယူ၍ ဆက်လက်တက်သွားလေသည်။

အပေါ်သို့ရောက်ခါနီးလေလေ နွယ်ပင်အလုံးအပတ်မှာ သေးသွယ်လာလေလေဖြစ်သည်။

သူက အောက်သို့ ငုံ့ကြည့်လိုက်သည်။

အပေါ်နှင့်အောက်မှာ အလွန်နက်ရှိုင်းသည်ကို တွေ့ရ၏။

အကယ်၍ ခြေချော်လက်ချော်ကျသွားခဲ့လျှင် အရိုးအသားပင် ရှာ၍တွေ့နိုင်မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူက အားမလျှော့ပါ။

ဆက်လက်တက်သွားသည်။

နောက်ဆုံးတွင် တောင်ထိပ်သို့ ရောက်သွားသည်။

ကောင်းကင်ပေါ်၌ နေလုံးကြီးလည်း ပျောက်ကွယ်သွားလေသည်။

တောင်ထိပ်မှာ အလွန်ကျယ်ဝန်းသော မြေပြန့်တစ်ခု ဖြစ်သည်။

တောင်ထိပ်သို့ ရောက်သွားသည်နှင့် သူ့နားထဲတွင် အလွန်ကျယ်သောအသံများ တဝုန်းဝုန်းကျနေသည်ကို ကြားရလေသည်။

သူက သေသေချာချာ နားစွင့်လိုက်သည်။

မည်သည့်အသံကို ခန့်မှန်းနိုင်စွမ်း မရှိပါ။

သူက ဆက်လက်လျှောက်သွားလေသည်။

အသံများမှာ ပို၍ပို၍ ကျယ်လောင်လာသည်။

သူက နားနှစ်ဖက်ကို ပိတ်၍ ဆက်လက်လျှောက်သွား

ခြေလှမ်းခြောက်ရာခန့် လျှောက်လာမိသောအခါ အသံ နားမခံသာအောင် ကျယ်လောင်လာသည်။



သူ့မျက်လုံး အစုံမှာလည်း ဒိုင်းစက်ပြူးကျယ်သွားသည်။

အကြောင်းမှာ ...

သူနှင့်မျက်နှာချင်းဆိုင်တွင် အလွန်အားကောင်းသော ရေတံခွန်တစ်ခုကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ရေကျသံ ယင်းသို့ကျယ်လောင်ရခြင်းမှာ ရေတံခွန်မှာ အလွန်မြင့်မားသောကြောင့် ဖြစ်သည်။

သူက အလွန်ပင်ပန်းနွမ်းနယ်လာသဖြင့် ဆူညံသောအသံကို ဂရုမစိုက်နိုင်တော့ဘဲ မြေပေါ်သို့လဲချလိုက်ရာ ချက်ချင်းအိပ်ပျော်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

### ငွေရောင်ငှက်ကလေး

မည်သည့်အချိန် ကြာသွားမှန်းမသိ။ အိပ်မောကျနေသော

လီမုန်ကျင်း ရုတ်တရက် လန့်နိုးလာသည်။

သူသည် သတိရလာသောအခါ ဝန်းကျင်တစ်ခုလုံး တိ

ဆိတ်ခြင်းမက ထူးထူးခြားခြား တိတ်ဆိတ်နေသည်ကို တွေ့လိုက်

သည်။

ဆူညံနေသော ရေတံခွန်ကျသံသည် လုံးဝပျောက်ကွ

တိတ်ဆိတ်နေသည်။ သူက အမှတ်မထင် ရေတံခွန်ဘက်သို့ လှ

ကြည့်လိုက်လေသည်။ မျက်လုံးများ ပြူးကျယ်သွားသည်။

အံ့ဩလွန်း၍ ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ ရေတံခွ

လည်း မရှိတော့ပါ။



ရေတံခွန်တွင် စီးဆင်းနေသောရေများသည် အဘယ်ကြောင့် ရပ်တန့်သွားရပါသနည်း။ ကောင်းကင်တစ်ခုလုံးတွင် တိမ်တိုက်တိမ်လိပ်များ ကင်းရှင်းနေသည်။

လပြည့်ည ဖိုးလမင်းကြီးက ထိန်ထိန်သာနေသည်။

လရောင်အောက်တွင် ဖက်ထောက်နေသော ရေတံခွန်ကျောက်နံရံအား ထင်တင်ရှားရှား မြင်တွေ့နေရသည်။

ကျောက်နံရံပေါ်တွင် အစိမ်းရောင်ရေညှိများ ဟိုတစ်ကွက်သည်တစ်ကွက် ပေါက်နေသည်ကိုလည်း တင်ရှားစွာ တွေ့မြင်လိုက်ရသည်။

ထိုအချိန်မှာပင် ငှက်ကလေးတစ်အုပ်က ပျံသန်းရောက်ရှိလာသည်။ ထိုငှက်ကလေးများမှာ ငွေရောင်ငှက်ကလေးများ ဖြစ်ကြလေသည်။

သူတို့သည် ကျောက်နံရံပေါ်မှ ငြိတွယ်ကပ်ပေါက်နေသောရေညှိများကို အားရပါးရ ဖြုတ်ယူစားသောက်နေကြသည်။ ကျောက်နံရံတစ်ခုလုံးမှာ ငွေရောင်သမ်းလျက် လှပ၍နေသည်။ လီမုန်ကျင်းသည် ကြည့်ရင်းကြည့်ရင်း တစ်ချက်လှုပ်ရှားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုငွေရောင်ငှက်ကလေးများ နားခို၍နေရာ တွယ်ကပ်

သော ရေညှိပုံစံအတိုင်း ရှိနေသည်ကို သေသေချာချာ ကြည့်လို

သောအခါ ငွေရောင်စားကိုးလက်သဏ္ဍာန်ဖြစ်နေသည်ကို တွေ့

လိုက်ရသောကြောင့် ဖြစ်သည်။

ကံကောင်း၍လားမသိ။

သူက ထိုစားကိုးလက်သည် နွေမိုးဆောင်းစားထဲမှ စား

ကွက်ဖြစ်ရမည်ဟု ယုံကြည်လာသည်။

သူက ချက်ချင်းပင် လှုပ်ရှားလိုက်သည်။

မြေကြီးကိုလက်ဖြင့် ညှပ်လိုက်ပြီး အကိုင်းတစ်ကိုင်း

ချိုး၍ နံရံပေါ်၌ထင်ဟပ်နေသော ငွေရောင်စားကိုးလက်၏အ

အထားအတိုင်း အလျှင်အမြန် ရေးဆွဲလိုက်၏။

ထို့နောက် ရေတံခွန်ဆီသို့ ဂရုတစိုက် အာရုံစူးစိုက်စွာ ကြ

လိုက်လေသည်။

ငွေရောင်ငှက်ကလေးများတို့သည် ငြိတွယ်နေသော ရေ

များကို စားသောက်ရင်း လှုပ်ရှားသွားရာ လီမုန်ကျင်းအနေနှင့် ဆ

တစ်လက်လှုပ်ရှားမှုအသွင်သို့ ပြောင်းလွဲမြင်တွေ့လိုက်လေသ



ထို့ကြောင့် ထိုလှုပ်ရှားမှုကိုလည်း ဘစ်ပါတည်း ဖြည့်စွက်

ကူးရေးလိုက်သည်။

ပြီးနောက် ထပ်မံကြည့်လိုက်ရာ ငွေရောင်ငှက်ကလေးများ

ရုတ်တရက် အဝေးသို့ ထပျံသွားသည်။ ငွေရောင်ငှက်ကလေးများ

ထပျံသည့် တဒင်္ဂအချိန်အတွင်းမှာပင် ...

“ဝေါ”

ဟူသော အသံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာတော့

သည်။ အလွန်အားကောင်းလှသော ရေတံခွန်သည် ဝေါခနဲ ဆင်းလာ

ခဲ့သည်။ လီမုန်ကျင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ငါ ကံကောင်းလိုက်တာ၊ ဒီအခွင့်အရေးရလို့”

သူက အလွန်ဝမ်းသာပျော်ရွှင်သွားသည်။

လီမုန်ကျင်းသည် တောင်ထိပ်ပေါ်တွင် နေထိုင်ရ၏။

အကြောင်းမှာ ထိုစားကွက်များကူးယူရန် စဏ္ဍာနှင့်စုတ်တံ

၍ ဖြစ်ပေသည်။

သူသည် သူရေးဆွဲထားသောပုံကိုကြည့်ပြီး စတင်လေ့ကျင့်

တော့သည်။

www.burmeseclassic.com

တောင်ပေါ်၌ စားသောက်ဖွယ်ရာများမရှိသော်လည်း သ
သီးဝလံများ ပေါကြွယ်ဝပေသည်။

ထိုသစ်သီးဝလံများသည် သူစားဖူးခဲ့သော သစ်သီးဝလံမျာ
လည်း ရှိသည်။

သူ တစ်ခါမှ မတွေ့ဖူး၊ မစားဖူးသော သစ်သီးများလည်း
ရှိသည်။

ထိုသစ်သီးများသည် စား၍ရနိုင်မည်လော။

လူက ဂရုမစိုက်နိုင်ပါ။

ဗိုက်ဝအောင် ဖြည့်နိုင်မှသာလျှင် စားပညာကို ကောင်း
လေ့ကျင့်နိုင်မည် မဟုတ်ပါလား။

ယခု သူသည် ထိုစားသိုင်းကိုးကွက်ကိုသာ မရရအေ
လေ့ကျင့်မည်ဟူသော အတွေးတစ်ခုသာ ရှိနေသည်။

အခြားမည်သည့်အတွေးမှ ဝင်မလာတော့ပါ။

❑❑❑



## အခန်း (၂၅)

## ထူးဆန်းသောအသီး

သုံးလဟူသောအချိန်သည် လီမုန်ကျင်းအဖို့ လျှပ်တစ်ပြက်
သာရှိသည်ဟု ခံစားမိလေသည်။

သူသည် စိတ်ရောကိုယ်ပါ လိုရတောင့်ရခဲသော စားပညာ
ကို မနားမနေ ကြိုးစားခဲ့ရသည် မဟုတ်ပါလား။

တောင်ထိပ်မှာရှိသော သီးပင်များ၏အသီးများသည် တစ်
လုံးတလေမျှပင် မကျန်တော့ပါ။

လီမုန်ကျင်းက တောင်ထိပ်ပေါ်တွင် ဆက်လက်နေရန်
သင့်တော်တော့သည်ကို သူက နားလည်လိုက်သည်။

ဝမ်းဗိုက်အစာမဝလျှင် မည်သည့်အရာကိုမျှ လုပ်နိုင်မည်
မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူက မြေပေါ်မှာရေးထားသော ပုံများကို ချေဖျက်လိုက်လေ၏။

ထို့နောက် တောင်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်ရာ သူဆင်းမည့်နေရာတွင် သီးပင်တစ်ပင် ကျန်နေသေးသည်။

အသီးမှာ နို့ဥအရွယ်မျှသာ ရှိသည်။

ဤအသီးကို သူက စားဖူးခဲ့သည်။

အသီးမှာ အနီရောင်ဖြစ်ပြီး တောင်ပေါ်တစ်ခုလုံးတွင် တစ်ပင်မျှသာ ရှိသည်။

အခြားသီးပင်များက ပင်လုံးကျွတ်အသီးများ သီးနေသော်လည်း ထိုအနီးရောင်အသီးမှာ တစ်ပင်တွင်တစ်လုံးမျှသာ သီးသည်။

အရသာလည်း အလွန်ထူးခြားသည်ကို သူက သိရှိထားလေသည်။

ထိုအသီးကို သူက နှစ်လုံးစားဖူးခဲ့ပြီးဖြစ်သည်။

ယခု သူသည် တောင်နှုတ်ခမ်းတွင်ရှိသော ထိုအသီးကို ထပ်မံရရှိလိုက်သဖြင့် မဆိုင်းမတွပင် ခူး၍ စားသောက်လိုက်သည်။

ယခင် သူစားသောက်စဉ်က မည်သည့်သစ်သီးက နှိုင်းသည်



ချဉ်သည်ဟု အာရုံမစိုက်နိုင်ဘဲ ဗိုက်ပြည့်ရန်အတွက်သာ စားသောက်ခဲ့ခြင်း ဖြစ်သည်။

ယခုမှာမူ ထိုအသီးကို စားမိလိုက်သည်နှင့် အနံ့အသက်က မွှေးကြိုင်ပြီး အရည်ရွှမ်းနေသည်ကို အရသာခံစားခဲ့လေသည်။

သူသည် တောင်ပေါ်မှ အောက်သို့ နွယ်ပင်များကို ဆွဲ၍ ဆင်းသွားလေတော့သည်။ လီမုန်ကျွင်းသည် အောက်သို့ ရောက်ရှိလာပြီဖြစ်သည်။ သူ၏မြင်းသည် သူ့အား မြင်တွေ့လိုက်သည်နှင့် ခုန်ပေါက်ကာ ရောက်ရှိလာလေသည်။

သူက မြင်း၏လည်ပင်းကိုဖက်ကာ တောင်ထိပ်ကိုမော့ကြည့်ပြီး လက်ညှိုးထိုးပြလိုက်သည်။

"ငါ တောင်ထိပ်ပေါ်မှာနေခဲ့တာ သုံးလကြာသွားပြီ၊ မင်းက ဒီမှာ ငါ့ကိုစောင့်နေတာကိုး၊ ငါ တကယ် ကျေးဇူးတင်လိုက်တာဟယ်"

ရုတ်တရက် သူသည် တစ်စုံတစ်ခုကို သတိရလာသည်။

မြင့်မားသောတောင်ထိပ်မှ သူဆင်းလာသည်မှာ တစ်ခဏသာ ကြာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချွေးလည်းမထွက်။

ပင်ပန်းမှုလည်း လုံးဝမရှိ။

"ငါ တောင်ပေါ်ကနေ ဘယ်လိုဆင်းလာမှန်းတောင် သ
မထားမိပါလား"

သူက ယင်းသို့ညည်းညူပြီး မြင်းပေါ်သို့ လှားခနဲ ခုန်လို
သည်။

သူက အံ့သြရပြန်သည်။

သူ မြင်းပေါ်သို့ အားပြု၍ ခုန်တက်လိုက်သောအခါ မြ
ပေါ်သို့မရောက်ဘဲ အနီးရှိ သစ်ကိုင်းပေါ်သို့ ဦးခေါင်းနှင့်တိုက်မိလို
သည်။ အောက်သို့ ပြုတ်ကျလာသည်။

သို့တိုင်အောင် သူ၏ခန္ဓာကိုယ်သည် သစ်ရွက်တစ်ရွက်
ပေါ့ပေါ့ပါးပါးကျလာသည်ကို တွေ့ရသည်။

သူ့ကိုယ်သူ အလွန်အံ့သြသွားသည်။

"ငါ ဘယ်လိုဖြစ်တာပါလိမ့်"

သူက အတန်ကြာ စဉ်းစားတော့မှ အဖြေတစ်ခုရလာ
သည်။



"ဟုတ်ပြီ၊ ငါ ဟိုအနီရောင်အသီးကို စားမိလို့ ငါ့တစ်ကိုယ်
လုံး အခုလို ပေါ့သွားတာ ဖြစ်ရမယ်"

သူက ခေါင်းတညိတ်ညိတ်ဖြင့် ကိုယ့်အတွေးနှင့်ကိုယ် မှန်
ကန်သည်ဟု ယုံကြည်လာလေသည်။

"ဒါကြောင့် ... ငါတောင်ပေါ်က ဆင်းတာ မြန်ပြီးထင်လာ
မိမှန်းတောင် မသိဘူး"

သူက ဝမ်းမြောက်ဝမ်းသာဖြင့် လက်သီးလက်မောင်းတန်း
လိုက်သည်။

"ဒါကွ ဟင်း ... ဒီတစ်ခါတော့ သံမဏိမျက်နှာကို ကောင်း
ကောင်းနိုင်မှာ သေချာတယ်"

သူက ယင်းသို့ ကြုံးဝါး၍ မြင်းပေါ်သို့ အသာတက်ကာ
ညီးညင်းစွာ ခမောင်းနှင်ထွက်ခွာသွားလေသည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

## မုန်တိုင်း

မုန်တိုင်း။

လေမုန်တိုင်း မဟုတ်ပါ။

မီးသတ်မုန်တိုင်း မဟုတ်ပါ။

အေးချမ်းနေသော သိုင်းလောက ငြိမ်သက်နေရာ ခြောက်လအတွင်း တိုက်ခိုက်နေသော သိုင်းလောကမုန်တိုင်း ဖြ သည်။

ဝေကျွန်းစုံ ဦးဆောင်သော ရွှေကျားသစ်ဂိုဏ်းသည် ဤ ခြောက်လအတွင်း ပြုလုပ်ခဲ့သော သွေးမုန်တိုင်းဟု ဆိုနိုင်ပေသည်

ရွှေကျားသစ်အဖွဲ့သည် လမ်းသွားခရီးသည်များကို ဓ ယက်သည်။



အာမခံဌာနများကိုလည်း ကြားဖြတ်လုယက်သည်။

နာမည်ကြီးသော ငွေတိုက်များကိုလည်း လုယက်သည့် အပြင် တောင်သူလယ်သမားများကိုပါမကျန် ဆက်ကြေးကောက်ခံ သည်။

သူတို့သည် ငွေကြေးလုယူရုံမျှမက လူအသက်ကိုပင် ချမ်း သာမပေးဘဲ သတ်ဖြတ်ခဲ့သည်။

သက်ဆိုင်ရာ အာဏာပိုင်တို့၏မှုခင်းများမှာပင် ရွှေကျား သစ်ဂိုဏ်း၏သောင်းကျန်းမှုကြောင့် အာမခံဌာနမှလူများ ငွေတိုက် အစောင့်များနှင့် မြို့စောင့်ရဲမက်တို့ များဖွာ သေကြေခဲ့ရသောမှုခင်း များက အခြားအမှုများထက် ပိုများသထက် ပိုများနေသည်။

ယို့ကြောင့် အာဏာပိုင်များက ရွှေကျားသစ်ဂိုဏ်းကို နှိမ် နင်းနိုင်ရန် စစ်ကူတောင်းခံရလေသည်။

သို့တိုင်အောင် ရွှေကျားသစ်ဂိုဏ်းသားတို့သည် လမ်းမှဖြတ် ၍ ချုံခိုတိုက်ခိုက်ကြသောကြောင့် နေပြည်တော်မှ စေလွှတ်လိုက် သော ရဲမက်နှစ်ဆယ်ခန့်လည်း အသက်ဆုံးရှုံးခဲ့ရလေသည်။ ထို သတင်းကို ကြားသိလိုက်ရသောအခါ နေပြည်တော်က အလျှံ့အလွှန်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသအမျက်ထွက်ရှိလာကြသည်။

ထို့ကြောင့် ဗိုလ်မှူးကလေးတစ်ဦး ဦးဆောင်သော မြင်းသည်တော် နှစ်ဆယ်ခန့် စေလွှတ်လိုက်ပြန်သည်။

ဗိုလ်မှူးကလေး ဦးဆောင်သော မြင်းသည်တော်တို့သည် နယ်မကျွမ်းသောကြောင့် ရွှေကျားသစ်ဂိုဏ်း၏ချုံခိုတိုက်မှုတို့ ခံလိုက်ရပြီး ရှုံးနိမ့်သွားလေသည်။

ထို့ကြောင့် ရွှေကျားသစ်ဂိုဏ်း၏အမည်သည် တစ်နေ့ခြား လျှမ်းလျှမ်းတောက်ကျော်ကြားလာသည်။

သိုင်းလောကရှိ ထိပ်တန်းဂိုဏ်းများ၏ဂိုဏ်းချုပ်များက သူ့အား သတိပြုလာကြသည်။

ရွှေကျားသစ်ဂိုဏ်းက သိုင်းလောကသားများနှင့် ထိပ်တိုက် မတွေ့ရလေအောင် ပါးနပ်စွာ ရှောင်တိမ်းလိုက်သောကြောင့် သိုင်းလောကရှိ ဂိုဏ်းသားတို့သည် အခြေအနေကို လက်ပိုက်ကြည့်နေကြရသည်။

လက်ပိုက်၍ ကြည့်မနေနိုင်သောလူတစ်ယောက် ရှိလေသည်။



သူမသည် တစ်ယောက်တည်း မြင်းတစ်ကောင်နှင့် တောင်စန်းတောင်ရှိရာသို့ ရဲရဲဝံ့ဝံ့ထွက်ခွာသွားလေသည်။

❑

သံမဏိမျက်နှာ။

သူမသည် ရွှေကျားတစ်ဂိုဏ်းက အလွန်သောင်းကျန်းလာသည့် သတင်းကို မကြာမကြာ ကြားခဲ့ရသည်။

သူမက လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

သူမဆရာပေးထားသောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးရမည် မဟုတ်ပါလော။

အမှန်တော့ သူမသည် ဖွေကျန်းခုံး စတင်သောင်းကျန်းလာကတည်းက သုတ်သင်ချေမှုန်းရန် ဖြစ်သည်။

သို့သော် သူမသည် မိန်းကလေးဖြစ်သည်။ ဆရာတူ မောင်နှမဖြစ်သော ဝေ့ကျန်းခုံးအား သတ်ဖြတ်နိုင်သော အရည်အချင်းရှိသော်လည်း သူမက မသတ်ရက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ပြုပြင်ပြောင်းလဲလာလိမ့်မည်ဟု မျှော်လင့်ထားမိသည်။

ယခုတော့ သူမက လက်ပိုက်၍ မနေနိုင်တော့ပါ။

ဝေကျွန်းခုံးအား သတ်ရန် တစ်ကိုယ်တည်း တောင်ငေးတောင်သို့ တက်လာရခြင်းဖြစ်သည်။

သက်ဆိုင်ရာ အာဏာပိုင်တို့ကပင် အနိုင်မရခဲ့သော ရူးကျားတစ်ဂိုဏ်းကို သူမတစ်ယောက်တည်းနှင့် ဖြိုခွဲနိုင်ပါမည်လော

သံမဏိမျက်နှာက ဤအချက်ကို စဉ်းစားခြင်း မပြုပါ။

လုပ်ရမည့်တာဝန်ကိုသာ အသက်နှင့်လဲ၍ လုပ်ဆောင်မည် မဟုတ်ပါလား။

❑ ❑ ❑



အခန်း (၂၇)

တစ်ကွက်မှားသောကျား

ဝေကျွန်းခုံး။

ယနေ့ ဝေကျွန်းခုံးသည် ယခင် ဝေကျွန်းခုံးမဟုတ်တော့ပါ။

တိုတောင်းသော တစ်နှစ်အတွင်း သူ၏အမည်မှာ ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ယခု သူက တိုက်တိုင်းအောင်သော စစ်သူကြီးတစ်ယောက်နှင့် တူလှပေသည်။

သူ့ကိုယ်သူလည်း အကျော့နပ်ကြီး ကျေနပ်ခဲ့လေသည်။

မကြာခဏ သူ၏အားထားရသော ဂိုဏ်းသားများနှင့် အတူ ပျော်ပျော်ရွှင်ရွှင် အရက်သောက်၍ နောက်လှမ်းမည့်ခြေလှမ်းကို တိုင်ပင်ဆွေးနွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစောင့်တစ်ယောက်က ခြေလှမ်းကျဲကျဲဖြင့် ဝင်ရောက်လာသည်။

သူက ဦးညွှတ်၍ သတင်းပို့လေသည်။

"ဂိုဏ်းချုပ်ကြီး အပြင်မှာ ဧည့်သည်တစ်ယောက်တွေ့ချင်လို့ ရောက်နေပါတယ်"

ဇေ့ကျွန်းခုံးက မော့၍ပင် မကြည့်ပါ။

"မအားဘူးလို့ ပြန်ပြောလိုက်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

အစောင့်က ပြန်လည်ထွက်သွားသည်။

တစ်ခဏအကြာတွင် ...

အပြင်ဘက်မှ ဆူညံသံများ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

တိုက်ခိုက်အော်ဟစ်သံများ ဖြစ်သည်။

ဇေ့ကျွန်းခုံးက ဆတ်ခနဲ ထရပ်လိုက်သည်။

"ရာရာစစ ငါတို့စခန်းမှာ လာပြီးသောင်းကျန်တဲ့ ခွေးကောင် သေပေတော့"



သူက သူ၏အားထားရသော လူလေးယောက်အား အမိန့်ပေးလိုက်သည်။

"မင်းတို့လေးယောက် သွားကြည့်စမ်း အရှင်လတ်လတ်ဖမ်းလာခဲ့"

ထိုလူလေးယောက်က ပြိုင်တူ ထရပ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ထိုလူလေးယောက်သည် ဓားကိုယ်စီဆွဲကာ ပြန်လည်ထွက်သွားလေတော့သည်။

ဇေ့ကျွန်းခုံးက ပြန်လည်ထိုင်ချလိုက်သည်။

သူက စွမ်းတောင်းတို့လူစုနှင့် ဆက်လက်တိုင်ပင်ပြောဆိုနေသည်။

"ဂိုဏ်းချုပ်ကြီး ... လာတဲ့လူက ဘယ်သူမှန်းမသိဘူး၊ သူတို့လေးယောက်ကို လွှတ်လို့ စိတ်ချရပါ့မလား"

ဇေ့ကျွန်းခုံးက ပြုံးလိုက်သည်။

"သူတို့လေးယောက်ကို အထင်မသေးနဲ့၊ သူတို့က တစ်ချိန်တုန်းက ကျော်ကြားတဲ့လူသတ်သမားတွေ၊ ဒါကြောင့် ... သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်တာ"

စွမ်းတောင်းက ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလိုက်ေ သည်။

ထိုအချိန်မှာပင် ငွေကျန်းခုံး စေလွှတ်လိုက်သော လူ ယောက်သည် မျက်နှာရှုံ့မဲ့စွာဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဒဏ်ရာများကို ကိုယ်စီကိုယ်ငှ ရရှိထားသည်။

အပြင်ဘက်တွင်လည်း တိုက်ခိုက်သောအသံများ ဝို၍ ဆူညံစွာ ထွက်ပေါ်လာသည်။

ငွေကျန်းခုံးသည် မိမိကိုယ်တိုင် မထွက်လျှင် မဖြစ်မှန်း နား လည်လိုက်သည်။

"ဘယ်သူများပါလိမ့်"

သူက စွမ်းတောင်းနှင့်တန်းတောင်းတို့အား ခေါင်းညိတ် လိုက်သည်။

"မင်းတို့ လိုက်ခဲ့"

စခန်းရှေ့ မြေကွက်လပ်ဘွင် တိုက်ပွဲတစ်ခု ပြင်းပြင်းထ ထန် ဖြစ်ပွားနေ၏။



ဂိုဏ်းသားနှစ်ဆယ်ခန့်တို့သည် သံမဏိမျက်နှာဖုံး တပ် ဆင်ထားသော မိန်းကလေးတစ်ယောက်နှင့် တိုက်ခိုက်နေသည်။

ထိုဂိုဏ်းသားနှစ်ဆယ်မှာလည်း ငွေကျန်းခုံးကိုယ်တိုင် လေ့ ကျင့်ပေးထားသော လူသတ်သမားများ ဖြစ်သည်။

ငွေကျန်းခုံးက သူတို့အား အယုံအကြည်ထားသည်။

ယခုမှာမူ ထိုဂိုဏ်းသားနှစ်ဆယ်တို့မှာ သံမဏိမျက်နှာအား ဟန့်တားနိုင်စွမ်းမရှိဘဲ နောက်သို့ တဖြည်းဖြည်း ဆုတ်နေရသည်။

"ရပ်လိုက်"

ငွေကျန်းခုံး၏အသံ ဟိန်းထွက်သွားသည်။ ဂိုဏ်းသားနှစ် ဆယ်တို့က တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး နောက်သို့ဆုတ်သွား သည်။ ငွေကျန်းခုံးက ခါးထောက်၍ သံမဏိမျက်နှာအား စိုက်ကြည့် လိုက်သည်။

"မင်းကိုး"

သံမဏိမျက်နှာ ...

"ဟုတ်ပါတယ်၊ နင့်ကို တွေ့ချင်လို့လာတာ၊ သူတို့က တား နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ငွေကျွန်းခုံးက ...

"ဩော် ... နင်က ငါ့ကို အစ်ကိုကြီးလို့တောင် မခေါ်တော့ဘူးကိုး"

"အခုချိန်ကစပြီး နင်နဲ့ငါဟာ ဆရာတပည့်မောင်နှမ မဟုတ်တော့ဘူး"

"ဘာလဲ ... နင်က ဆရာ့ရဲ့အမိန့်ကို ရထားတယ်ဆိုပြီး ငါ့ကို ဆုံးမဖို့လာတာလား"

"နင်သိချင်ပြီးတာပဲ"

ငွေကျွန်းခုံးက ခေါင်းမော့၍ ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

သံမဏိမျက်နှာက ခါးထောက်၍ သူ့အား ကြည့်နေ၏။

ငွေကျွန်းခုံးက ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"နင်က ငါ့ကို သတ်လို့ရမယ်ထင်သလား"

သံမဏိမျက်နှာက ...

"ဒါတွေ ပြောမနေနဲ့၊ ငါက ဆရာပြောတဲ့တာဝန်ကို ကျေအောင် လုပ်ရမှာပဲ၊ ဒါကြောင့် ... ဒီကိစ္စ ဘယ်သူမှ မသိပါစေနဲ့၊ နင်ရယ်၊ ငါရယ်၊ နှစ်ယောက်တည်း စာရင်းရှင်းမယ်၊ နင် ငါ့ကို သတ်နိုင်ရင်သတ်၊ ဒါမှမဟုတ် ငါက သတ်မယ်"



ငွေကျွန်းခုံးက ပြုံးမြဲ ပြုံးလိုက်သည်။

"နင်က ငါ့ကို စကားနဲ့ချည်မထားနဲ့၊ နင့်ကိုလည်း ငါကိုယ်တိုင် တစ်ယောက်တည်းယှဉ်မယ်၊ ဘယ်သူမှ မပါစေရဘူး"

သံမဏိမျက်နှာက ...

"ကောင်းပြီ ... ပြောပါ၊ ဘယ်နေ့ ဘယ်အချိန်၊ ဘယ်နေရာလဲ"

ငွေကျွန်းခုံး အနည်းငယ် စဉ်းစားလိုက်သည်။

"ကောင်းပြီ၊ နေရာကတော့ နေလတောင်ကြား"

သံမဏိမျက်နှာက ...

"ကောင်းပြီလေ၊ ဒီတောင်ကြားကို ငါသိတယ်၊ ဘယ်နေ့ ဘယ်အချိန်လဲ"

ငွေကျွန်းခုံးက ...

"လာမယ့် (၁၅) ရက်၊ ညနက် နေထွက်ချိန်"

"ကောင်းပြီ၊ သုံးရက်ဆိုတာ အချိန်လောက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောပြီး သူမ၏မြင်းရှိရာသို့ လျှောက်သွားပြီး ခုန်တက်လိုက်သည်။

ထို့နောက် ... နှုတ်ပင်မဆက်တော့ဘဲ မောင်းနှင်ထွက်ခွာသွားလေသည်။

ဝေကျန်ခဲ့က ...

သူမ၏နောက်ကျောအား ပျောက်ကွယ်သွားသည်အထိ စိုက်ကြည့်နေသည်။

သူ၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်ပြီး ကော ကျစ်စဉ်းလဲသော အရိပ်အယောင်များ ထွက်ပေါ်နေလေတော့သည်

❑

(၁၅) ရက်။

နံနက် ...

နေရောင်ခြည်ပင် ထွက်မလာသေးပါ။

ဝန်းကျင်တစ်ခုလုံး မြူမှုန်များ လွှမ်းမိုးထားသည်။



အရာရာမှာ ပိုးတဝါးနိုင်လှပေသည်။

ဤနေရာသည် နေလတောင်ကြားပင် ဖြစ်သည်။

ထိုတောင်ကြားသည် အရှေ့နှင့်အနောက်ဘက်သို့ သွားရာ ဖြတ်လမ်းတစ်ခုဖြစ်သည်။

သို့သော် ...

ထိုနေရာသည် လူနေအိမ်ခြေလုံးဝမရှိဘဲ အလွန်ခေါင်လွန်းနေသဖြင့် ကုန်သည်ပွဲစားများ၊ ခရီးသည်များတို့သည် ဤတောင်ကြားလမ်းကို မဖြတ်ကြဘဲ လမ်းခရီးဝေးသော်လည်း ပိုမိုစိတ်ချရသော လမ်းမကြီးမှ ဖြတ်ကျော်သွားလာကြရလေသည်။

ထို့ကြောင့် ...

ဤတောင်ကြားလမ်းတွင် တစ်နေ့တခြား ဖြတ်သန်းသွားလာသူ မရှိသလောက် ဖြစ်ခဲ့ရပေသည်။

"ခွပ် ခွပ် ခွပ်"

မြင်းခွာသံများ ရုတ်တရက် ထွက်ပေါ်လာသောကြောင့် တစ်ပင်ပေါ်မှ နားခိုနေကြသော ငှက်ကလေးများတို့သည် အထိတ်တလန့်ဖြစ်ကာ ပျံသန်းထွက်ပြေးသွားကြလေ၏။

www.burmeseclassic.com



တစ်ခဏအကြာတွင် တောင်ကြားလမ်းထဲသို့ လူ

ယောက်နှင့် မြင်းတစ်ကောင် ဝင်ရောက်လာသည်။

သံမဏိမျက်နှာပင်ဖြစ်သည်။

သံမဏိမျက်နှာသည် တောင်ကြားထဲသို့ လှမ်းဝင်လို

သည်နှင့် အခြေအနေမဟန်မှန်း သိလိုက်သည်။

အကယ်၍သာ ဇေကျွန်းခိုး ကတိမတည်ခဲ့လျှင် အသ

အန္တရာယ်ရှိမည်ကို စိုးရိမ်မိသည်။

သူမ၏မျက်လုံးအစုံသည် ကျိုးကန်းတောင်းမှောက် တော

ကြားတစ်ခုလုံးကို ဝေ့ယမ်းရှာဖွေမိသည်။

လူရိပ်ဟူ၍ တစ်ယောက်မျှမတွေ့ရပါ။

တဖြည်းဖြည်းနှင့် တောင်ကြားလမ်းအလယ်သို့ ရောက်

လာသည်။

ထိုနေရာတွင် ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု ရှိသည်

စိုးရိမ်သောစိတ်များ ပို၍ဖြစ်ပေါ်လာသည်။

"သူတို့က ငါတို့လူအများနဲ့ ခိုင်းထားမယ်ဆိုရင် ငါ့အဖို့ မျှော်

လင့်ချက်မရှိတော့ဘူး"



သူမသည် အခြေအနေမဟန်လျှင် ထွက်ပြေးနိုင်ရန် ပတ်

န်းကျင်အခြေအနေကို လေ့လာအကဲခတ်ကြည့်လိုက်သည်။

တောင်ကြားနံရံတစ်ဖက်မှ အမြစ်တွယ်နေသော နွယ်ပင် များ

ဆိုးထိုးထောင်ထောင် ရှိနေသည်ကို တွေ့ရသည်။

ထိုနွယ်ပင်များသည် တောင်ထိပ်ပေါ်ထိ တွယ်ကပ်နေ

သည်ကို တွေ့ရှိလိုက်သည်။

သူက အကဲခတ်ကြည့်ရှုနေစဉ် အနီရောင် ခေါင်းစည်းနှင့်

အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသော သိုင်းသမားနှစ်

ဆယ်တို့သည် ပုန်းကွယ်နေရာမှ အလျှိုလျှို ထွက်လာကြပြီး သံမဏိ

မျက်နှာအား ဝိုင်းရံထားလိုက်သည်။

သံမဏိမျက်နှာက ထိတ်လန့်ဟန်လုပ်ခြင်းမရှိတော့ပါ။

"ငါထင်ထားတဲ့အတိုင်းပဲ တော်တော့်ကို ယုတ်မာတဲ့ ဇေ

ကျွန်းခိုး"

သူမက အော်ပြောရင်း မြင်းကို ရပ်တန့်လိုက်၏။

ထိုသူများကိုလည်း တစ်ချက်ဝေ့ကြည့်လိုက်သည်။

"မင်းတို့ဂိုဏ်းချုပ်ရော"

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားတစ်ယောက်က ...

"စိတ်ချ ... သူ အခု လာပါလိမ့်မယ်"

ထိုအချိန်မှာပင် မြင်းငါးကောင်သည် အရှိန်မှန်မှန်ဖြင့်ပေါ်ရောက်လာသည်။

ငွေကျန်းခုံးနှင့် သူ၏အားထားရသော တပည့်လေးယောက်ဖြစ်သည်။

သံမဏိမျက်နှာက မြင်းပေါ်မှ ဆင်းလိုက်သည်။

"ကဲ ... ငွေကျန်းခုံး ဆင်းခဲ့ပါ"

သူမက စိန်ခေါ်လိုက်သည်။

ငွေကျန်းခုံးက ခေါင်းခါယမ်းလိုက်သည်။

"နင့်ကို ငါ ယှဉ်စရာမလိုဘူး။ ငါ့တပည့်တွေက ညှိခံပါလိမ့်မယ်၊ သူတို့ရှုံးသွားတော့မှ ငါကိုယ်တိုင်လာမယ်"

သံမဏိမျက်နှာက ဒေါသခြောင်းခြောင်း ထွက်လာသည်။

"နင်က တစ်နေ့တခြား ယုတ်မာလာတယ်"

သူမ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရာ ငွေကျန်းခုံးက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်။



ဓားသမားနှစ်ဆယ်တို့သည် သံမဏိမျက်နှာအား ဝိုင်း၍ တိုက်ခိုက်လိုက်လေတော့သည်။ သံမဏိမျက်နှာက ငွေကျန်းခုံးအား စူးစိုက်စွာဖြင့် ကြည့်လိုက်လေသည်။

"နင် ဒီလောက် ယုတ်မာစဉ်းလဲပြီး ရက်စက်မှန်း သိရင် စောစောကတည်းက နင့်ကို သတ်လိုက်ပါရဲ့"

"ဟား ဟား ဟား"

ငွေကျန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။

"မင်း နားလည်အောင် ပြောရဦးမယ်၊ ယောက်ျားဆိုတာ ကိုယ်သွားရမယ့်လမ်းရဲ့ အတားအဆီးတွေကို နည်းအမျိုးမျိုးနဲ့ ရှင်းပစ်မယ်ဆိုတာပဲ"

သူက ဆက်လိုက်သည်။

"လောကပေါ်မှာ ငါ့ရဲ့အတွင်းရေးသိတာဆိုလို့ နင်တစ်ယောက်တည်းပဲ ရှိတယ်"

"ဒါကြောင့် နင်က ငါ့ကို နှုတ်ပိတ်ချင်တယ် ဆိုပါတော့"

"ဟုတ်လား၊ ပြီးတော့ ... ငါ့ကို ဒုက္ခပေးနိုင်တာလည်း နင်တစ်ယောက်ပဲ ရှိတယ်၊ ဒါကြောင့် ... ဒီနေ့ ငါ့ကို ရက်စက်တယ်

www.burmeseclassic.com



ပြောပြော၊ ကောက်ကျစ်စဉ်းလဲတယ်ပဲပြောပြော နင့်ကို အပြတ်ရှင်းနိုင်းမှသာ ငါစိတ်ချရမယ်”

“ငါသေရင်လည်း နင့်ကို အဖော်ခေါ်သွားမယ်”

စကားဆုံးသွားသည်နှင့် သူမက လှံပ်တစ်ပြက် ဝေကျန်းခုံထံသို့ ပြေးဝင်ပြီး တိုက်ခိုက်လိုက်သည်။

ဝေကျန်းခုံးက ကမန်းကတန်း ရှောင်တိမ်းလိုက်သည်။

သို့တိုင်အောင် သူ၏ညာဘက်လက်မောင်းတွင် သံမဏိမျက်နှာ၏ဓားက ရှပ်၍ထိမှန်သွားလေသည်။

စွမ်းတောင်းနှင့်တန်းတောင်းတို့က ကမန်းကတန်း သံမဏိမျက်နှာ၏တိုက်ခိုက်မှုကို ခုခံလိုက်သည်။

ဝေကျန်းခုံးအဖို့ သက်သာရာရသွားသည်။

“ဟိတ် … မင်းတို့က ဘာလုပ်နေကြသလဲ၊ ဒီမိန်းမယုတ်ကို သတ်လိုက်”

ဝေကျန်းခုံး၏ဒေါသသံသည် ဟိန်းထွက်သွားသည်။

ဓားသမားနှစ်ဆယ်တို့က သံမဏိမျက်နှာအား ဝန်းရံထားပြီး သဲသဲမဲမဲ တိုက်ခိုက်ကြလေသည်။



ဝေကျန်းခုံး၏အထူးလေ့ကျင့်ထားသော သိုင်းသမားနှစ်ဆယ်တို့သည် ထိပ်တန်းသိုင်းသမားမဟုတ်ကြပါ။

တစ်ယောက်ချင်းအနေဖြင့် သူတို့၏သိုင်းပညာမှာ သာမန်ရဲမက်တစ်ယောက်၏အဆင့်မျှသာ ရှိသည်။

သို့သော် သူတို့သည် စုပေါင်းတိုက်ခိုက်သောအခါ အလွန်ကြောက်မက်ဖွယ်ကောင်းသော ဓားသမားအဖြစ်သို့ ရောက်ရှိသွားကြသည်။

သံမဏိမျက်နှာသည် ထိုဓားသမားနှစ်ဆယ်အကြောင်းကို မသိပါ။

သူတို့ကိုလည်း အထင်မကြီးပါ။

သူမသည် လက်တွေ့ရင်ဆိုင်တိုက်ခိုက်လိုက်သောအခါ မိမိ၏အယူအဆမှားယွင်းနေသည်ကို ချက်ချင်းသိလိုက်သည်။

သို့သော် သူမသည် အခြေအနေမှန်ကို သိရှိလာသောအခါ နောက်ကျသွားလေပြီ။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

## အလှည့်ကျတိုက်ကွက်

စားသမားနှစ်ဆယ်သည် သံမဏိမျက်နှာအား ဝိုင်း

တိုက်ခိုက်နေကြသည်။

အမှန်တော့ စားသမားနှစ်ဆယ်ယောက်က အုပ်တိုက်

တိုက် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ကျန်ဆယ်ယောက်မှာမူ ရန်သူမျက်စိနောက်စေရန် ဟ

တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

သူတို့သည် တစ်ခဏကြာမျှ တိုက်ခိုက်ပြီးနောက် ဟန်

ပြစားသမားတို့သည် ဖိဖိစီးစီးအားနှင့်မာန်နှင့် တိုက်ခိုက်လိုက်သ

တကယ်တိုက်ခိုက်နေကြသော သိုင်းသမားဆယ်ယော

ဟန်ရေးပြတိုက်ခိုက်သော နည်းဗျူဟာကို ပြောင်းလဲသွားလေသ



ဤတိုက်ခိုက်သော နည်းဗျူဟာမှာ စားသမားနှစ်ဆယ်တို့က ဆယ်ယောက်စီခွဲ၍ ရန်သူအား အလှည့်ကျ တိုက်ခိုက်ပြီး အနားယူသော ဗျူဟာပင် ဖြစ်သည်။

ဤနည်းဗျူဟာသည် ရန်သူမှာ သိုင်းပညာမည်မျှတော်ပါမူ နောက်ဆုံးတွင် မောဟိုက်၍ ခြေကုန်လက်ပန်းကျသွားသော တိုက်ခိုက်နည်းတစ်မျိုးပင် ဖြစ်သည်။

သံမဏိမျက်နှာသည် စားသမားများ၏နည်းဗျူဟာကို လုံးပမရိပ်မိလိုက်ပါ။

ထို့ကြောင့် အချိန်ကြာလာသောအခါ သူမ မောဟိုက်လာသည်။ တဖြည်းဖြည်းနှင့် ခြေကုန်လက်ပန်းကျလာလေသည်။

ငြိမ်သက်စွာ ရပ်ကြည့်နေသော ငွေကျန်းခိုးက ကျေနပ်အားရသွားလေသည်။

"ကြိုးစားကြဟေ့၊ သိပ်မကြာပါဘူး၊ သူဟာ မင်းတို့ရဲ့ စားအောက်မှာ အသက်ပျောက်ဖို့ သေချာနေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားလိုက်ရသော သံမဏိမျက်နှာသည် ဓားသ
မားနှစ်ဆယ်တို့၏ပရိယာယ်ကို ရိပ်မိလာလေသည်။

အကယ်၍ အစကတည်းက သိလာမည်ဆိုလျှင် သူမ
သမားရိုးကျ တိုက်ခိုက်မည်မဟုတ်ပါ။

ဓားသမားတို့၏တိုက်ခိုက်မှုကိုသာ ချေဖျက်မည်သာ ဖြ
သည်။

ယခု သူမက သိရှိလိုက်သော်လည်း အချိန်မှာ နောက်ကျ
သွားလေပြီ။ တဖြည်းဖြည်းနှင့် ခြေကုန်လက်ပန်းကျလာသည်။

"ဟား ဟား ဟား"

ငွေကျွန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။

"မင်း ဘယ်ပြေးမလဲ မိန်းမယုတ်"

သံမဏိမျက်နှာသည် ထိုစကားကို ကြားရသောအခါ အကြံ
တစ်ခုရလာလေသည်။

"ငါ ခွန်အားမကုန်ခင် ပြေးနိုင်မှဖြစ်မယ်"

သူမက ယင်းသို့တွေးရင်း သူမ၏ခန္ဓာကိုယ်သည် ရုတ်တ
ရက် အပေါ်သို့ ထောင်တက်သွားသည်။



လေထဲသို့ ကျွမ်းပြန်သွားသည်။

မြေပေါ်တွင်ရှိသော နွယ်ကြိုးနွယ်ပင်များကို ဖမ်းဆွဲထား
လိုက်သည်။

"ဟော ... ထွက်ပြေးဖို့ သူ ကြိုးစားနေပြီ"

ဓားသမားတစ်ယောက် အော်ဟစ်လိုက်သည်။

ငွေကျွန်းခုံးက ကမန်းကတန်း သံမဏိမျက်နှာ၏နောက်မှ
နွယ်ကြိုးများကို ဆွဲ၍လိုက်သွားလေသည်။

သံမဏိမျက်နှာက ခြေနှစ်ဖက် လက်နှစ်ဖက်ကို အသုံးပြု
ပြီး တောင်နံရံပေါ်သို့ အစွမ်းကုန်ကြိုးစား၍ တက်သွားလေသည်။

ငွေကျွန်းခုံးကလည်း ထက်ကြပ်မကွာ လိုက်သွားသည်။

သူ့လူများသည် အောက်မှနေ၍ ခေါင်းမော့ကာ ငွေကျွန်း
ခုံးအား အားပေးကြလေသည်။

"ဂိုဏ်းချုပ်ကြီး မီအောင်လိုက်"

ငွေကျွန်းခုံးက မည်သည့်အသံမှ မကြားဘဲ သံမဏိမျက်နှာ
နောက်သို့သာ သဲသဲမဲမဲ လိုက်သွားသည်။ နောက်ဆုံး သံမဏိမျက်
နှာသည် တောင်နံရံထိပ်ပေါ်သို့ ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေနှစ်ရာခန့်ရှိသော တောင်နံရံပေါ်သို့ အသက်လု၍ ခြေ… တက်လာခဲ့ရသည့်အတွက် အင်အားကုန်ခမ်းသလောက် ခံစားလာ… သည်။

သူမက တောင်ပေါ်သို့ လှမ်းတက်မိသည်နှင့် တစ်ပြိုင်နက်… ငှေကျွန်းခုံး၏ဓားက သူ့ခြေထောက်ပေါ်သို့ ခုတ်ချလိုက်သည်။

သံမဏိမျက်နှာက ထိတ်ခနဲဖြစ်သွားသည်။ သူမက ဓား… ဖြင့် ကမန်းကတန်း ကာကွယ်လိုက်သည်။

"ချွမ်း"

ငှေကျွန်းခုံး၏ရိုက်ချက်က အလွန်ပြင်းထန်သည်။

သံမဏိမျက်နှာက လိုက်လံဖမ်းဆီးရန် ကြိုးစားသေ… လည်း သူမ၏ဓားသည် တောင်ကြားထဲသို့ ကျသွားလေသည်။

ထိုအချိန်မှာပင် ငှေကျွန်းခုံးက တောင်ပေါ်သို့ ရောက်… လာသည်။

သံမဏိမျက်နှာက နောက်သို့ ဆုတ်သွားလေသည်။

"ဟား ဟား ဟား"

ငှေကျွန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။



"ရိုလန် … ငါ နင့်ကို မသတ်ချင်ပါဘူး၊ ဒါပေမဲ့ …"

သူက စကားဆက်လိုက်သည်။

"ငါက နင့်ကိုမသတ်ရင် နင်က ငါ့ကိုသတ်မှာ"

အကယ်၍သာ …

နှစ်ယောက်ချင်း စတင်တိုက်ခိုက်ကြမည်ဆိုလျှင် သံမဏိ… မျက်နှာမှာ ဓားမရှိသော်လည်း ငှေကျွန်းခုံးအား မှုမည်မဟုတ်ပါ။

ယခုမှာမူ သံမဏိမျက်နှာက ဓားသမားနှစ်ဆယ်၏ အလှည့်ကျ တိုက်ခိုက်ခြင်း ခံလိုက်ရသဖြင့် ခြေကုန်လက်ပန်းကျ… သွားသည်။

တစ်ဖန် တောင်ပေါ်သို့ ကြိုးစား၍ တက်လာရသဖြင့် သူမ… သည် ငှေကျွန်းခုံးအား ယှဉ်ရန် အားမရှိတော့ပါ။

သူမက သက်ပြင်းချလိုက်သည်။

"ဆရာ … ဆရာပေးတဲ့တာဝန်ကို အချိန်မီ မလုပ်ခဲ့လို့ … ခုလို တာဝန်မကျေတာကို ခွင့်လွှတ်ပါ"

"ဟား ဟား ဟား"

ငှေကျွန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိလန် … နင် မကြာမီ ဆရာနဲ့တွေ့ရတော့မှာပဲ၊ အဲဒီကျ ပဲ သေချာပြောပြပေါ့ ဟုတ်လား"

သူက ဓားကို သံမဏိမျက်နှာ၏ရင်ဝသို့ ချိန်ရွယ်ထားရင်း ရှေ့သို့ တစ်လှမ်းချင်း လှမ်းလာသည်။

သံမဏိမျက်နှာက နောက်သို့ တစ်လှမ်းချင်း ဆုတ်သွား လေသည်။ သူ့နောက်တွင် ဆုတ်စရာ မြေမရှိတော့ပါ။

ကျောက်နံရံ၏နှုတ်ခမ်းသို့ ရောက်ရှိနေလေသည်။

နက်ရှိုင်းလှသော ကျောက်နံရံအောက်တွင် အလွန်ကျ ဝန်းသော မြစ်တစ်သွယ် ရှိလေသည်။

မြစ်ရေများသည် တသွယ်သွယ် စီးဆင်းနေ၏။

သံမဏိမျက်နှာသည် ငြိုးစားခြင်းပင် မပြုတော့ ကောင်းကင်ပေါ်သို့ ခေါင်းမော့၍ အော်လိုက်သည်။

"ဆရာရေ … တပည့်လိုက်ခဲ့မယ်"

ငွေကျန်းခုံးက ရှေ့သို့ တစ်လှမ်းချင်း တိုးလိုက်သည်။

"ဒါပဲလား ဘာပြောချင်သေးလဲ"

သံမဏိမျက်နှာက …



"နင်က သိပ်ပြီး ကြီးကျယ်မနေနဲ့၊ တစ်နေ့နေ့ တစ်ချိန်ချိန် နင့်ကို သတ်မယ့်လူ ပေါ်လာပါလိမ့်မယ်"

သူမသည် စကားဆုံးသွားသည်နှင့် မြစ်ထဲသို့ ခုန်ချလိုက် လေသည်။

ငွေကျန်းခုံးက ရုတ်တရက် ကြောင်အမ်းအမ်းဖြစ်ကာ ရပ် တန့်သွားသည်။ သူက မြစ်ထဲသို့ ငုံ့ကြည့်လိုက်သည်။

သံမဏိမျက်နှာသည် ပေါ်ချည်တစ်ခါ မြုပ်ချည်တစ်လှည့် နှင့် မြစ်ရေထဲသို့ မျောပါသွားသည်ကို တွေ့မြင်ရလေသည်။

သူသည် မိမိအား အန္တရာယ်ပြုနိုင်သည့် သံမဏိမျက်နှာ ခုကဲ့သို့ ဇာတ်သိမ်းသွားသည်ကို တွေ့ရသည့်အခါ ဝမ်းသာပီတိ ဖြစ်သွားလေသည်။

သူက ဓားကို မြှောက်၍ အော်လိုက်လေသည်။

"အောင်ပြီကွ၊ ငွေကျန်းခုံးရဲ့နာမည်ကို သိုင်းလောက တစ် ဆုံးက သိရစေမယ်"

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

## အကြံအစည်

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

(၈) လ၊ (၁၅) ရက်သို့ ရောက်ရှိလာပြန်လေသည်။

ကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်လိပ်များ စိုးစိ
ပါ။ လဝန်းသည် ခါတိုင်းညထက် များစွာ လင်းထိန်နေသည်ကို
ရမည်ဖြစ်သည်။

ချန်အန်းမြို့တစ်ခုလုံးမှာ ရောင်စုံမီးများထွန်းကာ
ရာသီပွဲတော်ညကို လှပစွာ မွမ်းမံပြင်ဆင်ထားလေသည်။

တဖြည်းဖြည်းနှင့် ညဦးနက်လာလေသည်။

ခါတိုင်းဆိုလျှင် ဤအချိန်သည် မြို့တော်တစ်ခုလုံး အ
ကျသောအချိန်ဖြစ်သည်။



ယနေ့ညမှာ မြို့တော်တစ်ခုလုံး ထိန်ထိန်လင်းနေသည်။

မြို့တော်သူမြို့တော်သားများတို့သည် လမန့်ရာသီပွဲကို ပျော်ရွှင်စွာ ကျင်းပနေကြသည်။

ထိုအချိန်တွင် မြင်းတစ်ကောင်နှင့် လူတစ်ယောက်သည် ထိုလမန့်ရာသီပွဲတော်ကို ကျောခိုင်း၍ နတ်သမီးတောင်ကုန်းရှိရာသို့ ဖြည်းညင်းစွာ မောင်းနှင်သွားသည်။

လရောင်အောက်တွင် မြင်းပေါ်၌ပါလာသူမှာ လူငယ်တစ်ယောက်ဖြစ်သည်ကို တွေ့ရလေသည်။

မည်းနက်သော မျက်ခုံးမွေး၊ ယောကျ်ားပီသသောရုပ်ရည်၊ သန့်စွမ်းကြံ့ခိုင်သော ခန္ဓာကိုယ်ရှိသည်။

အထူးသဖြင့် သူ၏မျက်လုံးအစုံသည် ခါတိုင်းနှင့်မတူဘဲ နူးရှတောက်ပသော အရောင်များ ထွက်နေသယောင် ထင်ရသည်။

ထိုလူငယ်မှာ လီမုန်ကျင်းပင် ဖြစ်သည်။

ယနေ့ညတွင် သူက သံမဏိမျက်နှာနှင့် ယှဉ်ပြိုင်ရန် ချိန်းဆိုထားသောညဖြစ်၍ သူက အချိန်မီရောက်ရှိလာခြင်း ဖြစ်သည်။

နတ်သမီးတောင်ကုန်းသို့ ရောက်ရှိလာသည်နှင့် သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ရောက်မလာသေးသည်ကို တွေ့ရသဖြင့် မြင်းပေါ်မှ ဆင်းလာသည်။

ထို့နောက် အနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်၍ စောင့်နေလိုက်သည်။

လီမုန်ကျင်းသည် ဤတစ်ကြိမ်တွင် သူက သံမဏိမျက်နှာကို အနိုင်ရလိမ့်မည်ဟု သေချာစွာ ယုံကြည်ထားသည်။

"ဒီညတော့ ငါ နိုင်မှာသေချာတယ်"

"ငါ သူ့ကို နိုင်ရင် ကလဲ့စားချေနိုင်ပါပြီ"

သူက ယင်းသို့စဉ်းစားရင်း ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး၊ ငါ သူ့ကို သတ်လို့ ကရားပွဲမလား"

"သူနဲ့ငါနဲ့ ယှဉ်ပြိုင်တိုင်းမှာ ငါ ဒဏ်ရာသာရရှိသွားတယ် ငါ့ကို သူက မသတ်ဘူး"

"သူက ဘာကြောင့် ငါ့ကို မသတ်ရတာလဲ"

သူသည် စဉ်းစားရင်း သမားတော်ကြီး မုယုံဟွာ၏စကားကို ပြန်လည်သတိရလာသည်။

"ဒီဓားသမားဟာ ဓားပညာ တော်တော်အဆင့်မြင့်တယ်"



"မင်းကိုမသတ်ချင်လို့ မင်းမသေနိုင်အောင် သူ့ဓားချက်ကို အနေတော်ပဲ ခုတ်လိုက်တာ"

လီမုန်ကျင်းက သက်ပြင်းချလိုက်သည်။

"သမားတော်ကြီးပြောတာ ဟုတ်မှ ဟုတ်ရဲ့လား"

သူက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြန်သည်။

"သူက သံမဏိမျက်နှာကို လက်စားမချေအောင်လို့ ငါ့ကို နှစ်သိမ့်စကားပြောနေတာများလား"

"မဖြစ်နိုင်ဘူး"

သူက ခေါင်းခါယမ်းလိုက်သည်။

"သံမဏိမျက်နှာကို သမားတော်ကြီးက သိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ သူ့ဘက်က လိုက်ပြောစရာလည်း အကြောင်းမရှိဘူး"

"ဒီအတိုင်းဆိုရင် သံမဏိမျက်နှာက ငါ့ကို ဘာကြောင့် မသတ်ရတာလဲ"

လီမုန်ကျင်းက စဉ်းစားရင်း စဉ်းစားရင်း အဖြေတစ်ခုပေါ် လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေက သူ့ကိုမသတ်ဘဲ ဝါစ်ဒန်မှာ လက်စားချေ အခွင့်အရေးပေးခဲ့တယ်၊ ဒါကြောင့် သူက ငါ့ကို မသတ်ဘဲ သူ့ လက်စားချေနိုင်ဖို့ အခွင့်အရေးပေးတာပဲ ဖြစ်ရမယ်"

သူက ခေါင်းခါယမ်းလိုက်သည်။

"ဒါလည်း မဖြစ်နိုင်ဘူး၊ သူ ငါ့ကို တစ်ခါ ညှာညှာတာ အခွင့်အရေး ပေးလိုက်ပြီပဲ"

သူက ခေါင်းကို ကုတ်လိုက်သည်။

"နောက်တစ်ခါ အခွင့်အရေးထပ်ပေးတာ မဖြစ်နိုင်ဘူး၊ ဒါဖြင့် ဘာကြောင့် မသတ်ရတာလဲ"

သူက စဉ်းစားရင်း ခေါင်းရှုပ်သွားလေသည်။

အတန်ကြာမှ သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘာပဲပြောပြော ဒီမိန်းကလေးဟာ ကြောက်စရာကော တဲ့ သံမဏိမျက်နှာဖုံး တပ်ဆင်ထားပေမယ့် သူ့စိတ်ထားဟာ အလွန်မြင့်မြတ်ပြီး အခြားသိုင်းသမား အကျော်အမော်တွေထက် တောင် စိတ်ကောင်းရှိတာ ငြင်းလို့မရဘူး"

သူသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။



"အခု ငါ သူ့ကိုနိုင်ဖို့ သေချာပြီ၊ ဒါပေမဲ့ သူ့ကို မသတ်တော့ဘူး၊ လူတစ်ယောက်ဟာ အမှားအမှန်သိရမယ်၊ ကျေးဇူးလည်း သိတတ်ရမယ်"

သူက ယင်းသို့ ဆုံးဖြတ်ပြီးနောက် ကောင်းကင်ပေါ်သို့ ကြည့်လိုက်သည်။

လဝန်းသည် အနောက်ဘက်သို့ အနည်းငယ်ရွေ့လျားသွားသည်ကို တွေ့ရသည်။

"အချိန်တောင်ကုန်သွားပြီ၊ သူ ဘာကြောင့် မလာသေးတာ ပါလိမ့်"

သူက ထိုင်ရာမှထပြီး ဟိုဟိုဒီဒီ ခြေဆန့်ရင်း ရှာဖွေမိသည်။ အဲဒီအချိန်မှာပင် သူက အရိပ်တစ်ခုကို တွေ့မြင်လိုက်သည်။

"သူရောက်လာပြီ"

သို့သော် လူရိပ်သည် တစ်ခုတည်း မဟုတ်ပါ။

လူရိပ်များ ရွေ့လျားလာသည်ကို တွေ့ရသည်။

သူက မျက်မှောင်ကြုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို လေးစားမိတာ များသွားပြီ၊ သူက ငါ့ကို ဒီ
ခါ အသေသတ်ဖို့ လူစုလူဝေးတော်င ခေါ်လာနေပါလား"

သူက မဲ့ပြုံး ပြုံးလိုက်သည်။

"လာစမ်းပါစေ၊ ငါ့အားနဲ့ တွေ့သွားမယ်"

သူက မြေကွက်လပ်အလယ်သို့ လျှောက်သွားလိုက်သည်။

ထို့နောက် ပြေးလွှားနေသော လူရိပ်များကို ခါးထောက်
အကဲခတ်ကြည့်လိုက်သည်။

လူဆယ်ယောက်တစ်ကိုယ်လုံး အနက်ရောင်ဆင်တူ
ဆင်ထားကြသည်။

ဦးခေါင်းပေါ်တွင်လည်း အနီရောင်ပဝါဖြင့် ခေါင်း
ထားသည်။

သူတို့၏ခန္ဓာကိုယ်များသည် တောင့်တင်းစွာ ရှိနေသည်

လရောင်အောက်တွင် သူတို့လက်ထဲမှ ဓားများသည်
လက်တောက်ပနေသည်။

ထိုလူများသည် လက်မရွံ့ဓားသမားများ ဖြစ်ကြသည်
လိမ့်ကျင်းက ကောင်းစွာ အကဲခတ်မိသည်။



ယခင်အချိန်ကဆိုလျှင် ထိုလူများ၏ဓားချက်ဖြင့် မိမိမှာ
ခုချသေနိုင်မည်မှာ ယုံမှားဖွယ်ရာမရှိပါ။

ယခုမှာမူ ...

သူ၏ဓားပညာသည် သူမတုံ့အောင် အစွမ်းထက်လာလေ
သည်။

ထိုအမည်မသိသော အနီရောင်အသီးများကို စားသောက်
ပြီးမှ သူ၏ကြံ့ခိုင်နေသော ကိုယ်ခန္ဓာသည် သစ်ရွက်ပမာ ပေါ့ပါးနေ
သည်။

အထူးသဖြင့် သူ၏အတွင်းအားမှာ ကိုယ့်ကိုယ်ကိုယ်ပင်
ယုံနိုင်လောက်အောင် ကောင်းမွန်လာသည်။

ထို့ကြောင့် သူက ထိုသူများကို လုံးဝမမှုဘဲ ခါးထောက်၍
ကြည့်နေသည်။

ထိုလူများက သူ့အား လေးဖက်လေးတန်မှ ဝိုင်းရံထား
လိုက်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းက ခေါ်ကိုဆွဲမထုတ်သေးပါ။

ထိုလူများအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

"မင်းတို့က ဘယ်သူတွေလဲ"

ထိုစားသမားတစ်ယောက်က အဖြေမပေးဘဲ ပါးစပ်ပိတ်ထားလိုက်သည်။

"သူတို့က ငါ့လူတွေပါ"

ထိုအသံနှင့်အတူ လူတစ်ယောက်ခြေလှမ်းကို အေးဆေး လှမ်း၍လာသည်။ လီမုန်ကျင်းက သူ့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

"ခင်ဗျားက ဘယ်သူလဲ"

ထိုလူက ...

"ဝေ့ကျန်းခုံး"

လီမုန်ကျင်းက မျက်မှောင်ကြုတ်သွားသည်။

"ဒီနာမည်ကို မကြားဖူးဘူး"

"ဟား ဟား ဟား"



ဝေ့ကျန်းခုံးက ရယ်မောလိုက်သည်။

"ဒါဖြင့် ရွှေကျားသစ်ဝိုဏ်းဆိုတာရော ကြားဖူးသလား"

လီမုန်ကျင်းက ...

"ကြားမိပါတယ်၊ တော်တော့ကို ပုတ်မာတဲ့ဂိုဏ်းလို့ သိရတယ်လေ"

ဝေ့ကျန်းခုံးက ဒေါသထွက်လွန်း၍ လည်ပင်ကြောပင်ထောင်ထွက်လာသည်။

"ဘာကွ"

လီမုန်ကျင်းက ...

"ခင်ဗျားမေးတာကို ကျုပ်က အမှန်အတိုင်း ပြန်ဖြေတာ အဲဒါ ဘာဖြစ်သလဲ"

ဝေ့ကျန်းခုံးက ...

"မင်း သေချင်ပြီနဲ့တူတယ်"

လီမုန်ကျင်းက ...

"သေချာတာက ခင်ဗျားတို့ပျ"

ဝေ့ကျန်းခုံးက ယောင်းခနဲ ဒေါသထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း တော်တော်လှုပ်ရှားနေပါလား"

လီမှန်ကျင်းက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ဒီကို ကျုပ်က ကိစ္စရှိလို့လာတာ၊ ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်ကို ဝိုင်းထားရတာလဲ၊ ဘယ်သူက လွှတ်လိုက်တာလဲ"

ဇော့ကျန်းခုံးက ...

"မင်းက လူတစ်ယောက်နဲ့ ချိန်းထားတာ မဟုတ်လား"

လီမှန်ကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ဘာကြောင့် သိရတာလဲ"

ဇော့ကျန်းခုံးက ...

"သိတာပေါ့၊ မင်းနဲ့တွေ့တဲ့လူဟာ သံမဏိမျက်နှာ မဟုတ်ဘူးလား"

လီမှန်ကျင်းက ဝိုးရှုအံ့ဩသွားသည်၊

"ဟုတ်တယ်၊ ဒီကိစ္စကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"ဒါတွေကို မမေးနဲ့တော့၊ မင်းသိအောင်ပြောမယ်ဆိုရင် သံမဏိမျက်နှာ မလာနိုင်တော့ဘူး"

လီမှန်ကျင်းက ...



"ဘာဖြစ်လို့လဲ"

ဇော့ကျန်းခုံးက ...

"သူ့ကို မရဏမင်းက ဖိတ်ခေါ်သွားပြီ"

လီမှန်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားစကားကို ကျုပ်မယုံဘူး၊ သူ့ အစ ဘယ်မှာလဲ"

ဇော့ကျန်းခုံးက ...

"သူသေသွားလို့ အခုလို ငါတို့က သူကိုယ်စား မင်းကို လာတွေ့တာပေါ့"

လီမှန်ကျင်းက ...

"ဘာလဲ ခင်ဗျားတို့က သူ့ကိုယ်စား ကျုပ်နဲ့ ဓားချင်းယှဉ်ပြိုင်မလို့လား"

ဇော့ကျန်းခုံးက ...

"ရှင်းရှင်းပြောရမယ်ဆိုရင် မရဏပြည်ရောက်နေတဲ့ သံမဏိမျက်နှာဆီကို ငါတို့က အခုမှဲ ပို့ပေးဖို့ လာကြတာတွ"

သူ၏စကားဆုံးသွားသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို သတ်လိုက်"

ဓားသမားဆယ်ယောက်တို့သည် လီမှုန်ကျင်းအား ဝ…

တိုက်ခိုက်လိုက်သည်။

ဓားဆယ်လက် ငွေ့ယမ်းလှုပ်ရှားလိုက်သောအခါ မျ…

ကျိန်းလောက်အောင် ဓားရောင်များ ဝင်းလက်သွားလေတော့သ…

ထိုဓားဆယ်ယောက်၏ တိုက်ခိုက်မှုမှာ တစ်ယောက်…

တစ်ယောက် ဟန်ချက်ညီညီရှိသည့်အပြင် သူတို့၏ဓားချက်မျ…

လည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင်ကို ရက်စက်လ…

သည်။

လီမှုန်ကျင်းက လူကိုမသတ်လိုပါ။

သို့သော် …

မိမိက မသတ်လျှင် သူတို့ဓားချက်ဖြင့် မိမိသေဆုံးမည်…

ယုံမှားနိုင်ဖွယ်မရှိပါ။

"ချွမ်း"

သူက ရောင်တိမ်းရင်း ဓားကို ဆွဲထုတ်လိုက်သည်။

"ဗိုး … ဗိုး … ဗိုး"



သူ၏ရှေ့မှီးဆောင်း ဓားပညာသည် အစွမ်းပြလာလေသည်။

သိုင်းကွက်သုံးကွက်မျှသာ ယှဉ်ပြိုင်ရသည်။

"အား"

"အား ယို့"

စူးရှသော အော်သံများသည် ဆက်ကာဆက်ကာ ထွက်ပေါ်လာလေသည်။

ဓားသမားသုံးယောက်တို့သည် သွေးအိုင်ထဲသို့ လဲကျသွားလေသည်။ ကျန်ရှိသော ဓားသမားတို့သည် နောက်သို့ဆုတ်သွားခြင်း မရှိပါ။

ကိုယ့်အသက်ကိုယ် ပဓာနမထားဘဲ လီမှုန်ကျင်းအား တစ်ရှိန်ထိုး တိုက်ခိုက်နေကြသည်။

လီမှုန်ကျင်းက ဟန့်တားလိုက်သည်။

"မသေချင်ရင် ရပ်လိုက်"

ထိုဓားသမားခုနစ်ယောက်သည် ရပ်တန့်သွားခြင်း မရှိပါ။ ဆက်လက်တိုက်ခိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်သည်။

"အား"

"အား"

"အားယို့"

ဓားသမား သုံးယောက်တို့သည် ဖြေလှမ်းယိမ်းယိုင်စွာဖြင့် နောက်သို့ ဆုတ်ခွာသွားလေသည်။

သူတို့၏ဓားများသည် သူတို့လက်ထဲတွင်ပင် ရှိနေ၏။

ဓားကိုင်သောလက်တစ်ဖက်သည် သူတို့ခန္ဓာကိုယ်နှင့် ကွာသွားလေသည်။

ငွေကျန်းခိုးသည် ဖခြေအနေမဟန်မှန်း သိလိုက်သဖြင့် ဟန့်တားလိုက်သည်။

"ရပ်လိုက်"

ဓားသမားတို့သည် ရပ်တန့်သွားလေသည်။

လီမုန်ကျင်းသည် သူတို့အား တစ်ချက်ကြည့်လိုက်သည်။ သူတို့အပေါ်တွင် အထင်မသေးဝံ့ပါ။



မည်သို့ဆိုစေ။

သူတို့သည် ဓားသမားကောင်းများ ဖြစ်ကြသည်မှာ လေးစားထိုက်သူဟု ခံစားမိလာသည်။

ငွေကျန်းခိုးသည် လီမုန်ကျင်းအား စေ့စေ့ကြည့်လိုက်သည်။

"ဒီကနေ့တော့ ငါ အရှုံးပေးလိုက်မယ်၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါ ဒီသွေးကြွေးတွေကို ပြန်တောင်းရမယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

သူသည် ပြောပြီး သူ့လူများကို လက်ယပ်ခေါ်လိုက်လေသည်။

"တို့ ... သွားကြမယ်"

"ခဏ"

လီမုန်ကျင်းက ဟန့်တားလိုက်သည်။

ငွေကျန်းခိုးက လှမ်းနေသောခြေလှမ်းကို ရပ်လိုက်သည်။

လီမုန်ကျင်းအား လှည့်ကြည့်လိုက်သည်။

လီမုန်ကျင်းက ...

"သံမဏိမျက်နှာ သေသွားပြီဆိုတာ ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဝေကျွန်းခုံးက ...

"ကျုပ်က ဘာကြောင့် လိမ်ပြောရမှာလဲ"

လီမုန်ကျင်းက ...

"ဘယ်သူ့လက်ချက်နဲ့ သေသွားတာလဲ"

ဝေကျွန်းခုံးက လက်မထောင်၍ ကိုယ့်ကိုယ်ကိုယ် ညွှန်ပြ လိုက်သည်။

"ငါ့လက်ချက်"

လီမုန်ကျင်းက သူ့အား ရှုံ့မှုန်တီးစွာဖြင့် စိုက်ကြည့်လိုက် သည်။

"သူ့ကို ဘာကြောင့်သတ်ရတာလဲ"

ဝေကျွန်းခုံးက ရယ်မောလိုက်သည်။

"ဘာအကြောင်းပဲဖြစ်ဖြစ် မင်းက ငါ့ကို ကျေးဇူးတင်ရမယ်"

လီမုန်ကျင်းက ...

"ဘာဖြစ်လို့လဲ"

ဝေကျွန်းခုံးက ...

"မင်းနဲ့ သူနဲ့ယှဉ်ရင် မင်းက သူ့ကို အနိုင်ရမှာမဟုတ်ဘူး။ သူ့ဓားချက်နဲ့ သေသွားရမှာ"



လီမုန်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ငါက သူ့ကို မသတ်ချင်သလို သူကလည်း ငါ့ကို မသတ်ချင်ဘူး"

သူက စကားခံလိုက်သည်။

"သံမဏိမျက်နှာဟာ ငါ့ရဲ့ရန်သူဖြစ်နေလို့၊ နိုမင်ဥက်ရင် သူ့အတွက် ခင်ဗျားကို ကျုပ်က လက်စားချေမှာ ပါဗျာ"

ဝေကျွန်းခုံးက ...

"မင်းနဲ့ငါနဲ့က ရန်ငြိုးရှိသွားပြီပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သွေးကြွေးကို ငါက တောင်းမယ်လို့ ပြောပြီးသားပဲ!"

လီမုန်ကျင်းက မဲ့ပြုံးပြုံးလိုက်သည်။

"ရပါတယ်၊ အချိန်မရွေးပါပဲ"

သူက ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ ထို့နောက် မောင်းနှင်ထွက်သွားလေသည်။ ဝေကျွန်းခုံးသည် လီမုန်ကျင်း မြင်းပေါ်သို့ ခုန်တက်သွားကို မြင်သောအခါ ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားသည်။

www.burmeseclassic.com

"ဒီလူ့ကို ရန်ငြိုးဖွဲ့မိတာ ငါမှားပြီ'

ဟု လွှတ်ခနဲ အသံထွက်သွားသည်။

စွမ်းတောင်းက ...

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး"

ငွေကျွန်းခုံးက ...

"ဒီလူရဲ့သိုင်းပညာဟာ အံ့သြစရာကောင်းလောက်အောင် တိုးတက်နေတာကို၊ ငါ အကဲခတ်မိလို့ပေါ့"

တန်းတောင်းက ...

"မစိုးရိမ်ပါနဲ့ ဂိုဏ်းချုပ်ကြီး။ သူ့ကိုလည်း သံမဏိမျက်နှာကို တိုက်ခိုက်သလို တိုက်ခိုက်ရင် ဘယ်ခံနိုင်မှာလဲ"

ငွေကျွန်းခုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ ... ဟုတ်တယ်၊ ဒါပေမဲ့ သူက ရိုလန်ထက် သိုင်းပညာ သာနေတယ်လေ"

တန်းတောင်းက ကြားဖြတ်ပြောသည်။

"မစိုးရိမ်ပါနဲ့၊ သူ့ကိုနိုင်ဖို့ လွယ်လွယ်လေးပါ"

ငွေကျွန်းခုံးက သူ့အား လှည့်ကြည့်လိုက်သည်။



"အကြံကောင်း ဉာဏ်ကောင်းရှိရင်ပြော"

တန်းတောင်းက ...

"ရိုလန်နဲ့တိုက်ခိုက်တုန်းက ဓားသမားနှစ်ဆယ်ကို အသုံးချ ထားတယ်၊ သူ့ကို တိုက်ခိုက်တဲ့အခါမှာ နောက်ထပ် ဆယ်ယောက် ဖြည့်လိုက်ရင် သူလည်း ရိုလန်သွားရာလမ်းကို လိုက်ရမှာပဲ"

ငွေကျွန်းခုံးက ဝမ်းသာသွားသည်။

"ဟုတ်တယ်ကွ၊ မင်းပြောမှပဲ ငါက အကြံရလာတော့ တယ်"

ဤသို့ဖြင့် သူတို့သည် ပြောပြောဆိုဆိုဖြင့် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

❑ ❑ ❑

www.burmeseclassic.com



## အခန်း (၃၀)

### ပညာသစ်

ဤရွာကလေးသည် တံငါသည်များ စုဝေးနေကြသော ရွာကလေး တစ်ရွာဖြစ်သည်။

ရွာသူရွာသားများတို့သည် ငါးဖမ်းသောလုပ်ငန်းနှင့် ငါး ခြောက်လှန်းသော လုပ်ငန်းကို အားထားပြီး အသက်မွေးဝမ်းကျောင်း ပြုသော လူများဖြစ်ပါသည်။

ရွာတိုင်းရွာတိုင်းမှာ ရွာသူရွာသားများ ကိုးကွယ်ရန် နတ်ကွန်းရှိသည်။ သို့မဟုတ် ဘုံကျောင်းရှိသည်။ သို့တည်းမဟုတ် ဘုန်း တော်ကြီးကျောင်းရှိသည်။ ဤတံငါသည် ရွာတွင်မူကား ဘုံကျောင်း လည်း မရှိပါ။

နတ်ကွန်းနှင့် ဘုန်းကြီးကျောင်းလည်း မရှိပါ။



သီလရှင် ကျောင်းတစ်ကျောင်းသာ ရှိလေသည်။

ဤသီလရှင်ကျောင်းရှိ ကျောင်းတိုင်းသီလရှင် "နီကူး" ဖြစ် သည်။ ထို့ကြောင့် ဤသီလရှင်ကျောင်းကို နီကူးသီလရှင်ကျောင်းဟု ရွာသူရွာသားများက တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

သီလရှင်နီကူးကလည်း ရွာသူရွာသားများအား များစွာကူ ညီပေးနိုင်သောကြောင့် ရွာသူရွာသားများသည် ခက်ခဲသော ပြဿ နာများကြုံတိုင်း သီလရှင်နီကူးထံသို့သွားရောက်ပြီး အကူအညီ တောင်းကြလေသည်။

ယနေ့ စောစောတွင်လည်း ရွာသူရွာသားများ လေးငါး ယောက်ခန့်သည် သီလရှင်ကျောင်းသို့ ရောက်ရှိလာခဲ့သည်။

သူတို့သည် သတိမေ့မြောနေသော မိန်းကလေးတစ် ယောက်အား ထမ်းစင်ဖြင့် ထမ်းလာကြခြင်းဖြစ်သည်။ သီလရှင် နီကူးသည် စကားတစ်ခွန်းမျှမပြောပါ။

တစ်ကိုယ်လုံး ရေများဖြင့် စိုနေသော မိန်းကလေးအား ဂရု တစိုက် ကြည့်ရှုစမ်းသပ်နေ၏။ ရှေးဦးစွာ သီလရှင်သည် မိန်းကလေး ၏မျက်နှာပေါ်တွင် တပ်ဆင်ထားသောအကျည်းတန်သည့် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ဖုံးကို ချွတ်ချလိုက်သည်။

သူမက ယင်းသို့ ချွတ်ချလိုက်သောအခါ မျက်နှာတွင် ကျောက်ပေါက်မာများပြည့်နေသော မိန်းကလေးတစ်ယောက်၏ ရုပ်သွင်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သီလရှင်နီကူးက မိန်းကလေးအား စမ်းသပ်လိုက်ရာ နှလုံး ခုန်သေးသည်ကို တွေ့ရသဖြင့် သီလရှင်ငယ်တို့ကို အိပ်ချောင်းများ နှင့် ဆေးဘူးများ ယူဆောင်လာရန် မှာကြားလိုက်လေသည်။

ထို့နောက် မိန်းကလေးအား စတင်၍ အပ်စိုက်ကုသ လေသည်။ မည်သူတစ်ဦးမျှ စကားမပြောကြပါ။

သီလရှင်က သေသေချာချာအပ်စိုက်ကုသပေးရင်း ...

ရေနွေးတစ်အိုးကျက်ခန့်အချိန် ကုန်ဆုံးသွားတော့မှ သူ ရပ်တန့်လိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

တံငါသည်တစ်ယောက်က မေးလိုက်သည်။

"ဆရာလေး သူ အသက်ရှိသေးလား"

သီလရှင်က ခေါင်းညိတ်လိုက်သည်။

"ရှိပါသေးတယ်"



သူမက ပြန်ပြောရင်း အကျိုးအကြောင်း မေးလိုက်သည်။

"ဒါနဲ့ မေးရဦးမယ်၊ ဒီမိန်းကလေးက ဘယ်သူလဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

အသက်ငါးဆယ်ခန့်ရှိသော တံငါသည်တစ်ယောက်က ...

"တပည့်တော်တို့ ငါးဖမ်းရင်း ရေထဲမျှောလာလို့ ဆယ်ထားလိုက်တာ"

သီလရှင်က ခေါင်းညိတ်လိုက်သည်။

"ဒကာကြီးတို့နဲ့တွေ့တာ သူ့ကံကောင်းတာပဲ"

တံငါသည်အဘိုးအိုက လက်အုပ်ချီလိုက်သည်။

"ဒါဖြင့် သူ့အသက်"

"စိုးရိမ်စရာ မရှိတော့ပါဘူး"

သူမက ဆက်၍ ...

"သူ့ကို ဒီမှာပဲထားပါ၊ ဒါမှ စိတ်ချရမယ်"

တံငါသည်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ဤသို့ဖြင့် တံငါသည်များတို့သည် မိန်းကလေးသီလရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၌ထားခဲ့ပြီး အသီးသီးပြန်သွားကြလေသည်။

❑

တံငါသည်များ ပြန်သွားကြလေပြီ။ သီလရှင်က ထိုမိန်းကလေး၏အဝတ်အစားများကို ခြောက်သွေ့သောအဝတ်အစားဖြင့် လဲပေးလိုက်သည်။

ရေစိုနေသော ဆံကေသာများကိုလည်း သုတ်ပေးလိုက်လေသည်။

ထို့နောက် မိန်းကလေး၏မျက်နှာကို သေချာစွာ စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

သူမအနီးတွင် ရပ်နေသော သီလရှင်ငယ်တစ်ပါးက ...

"ဆရာလေး နီကူး ... ဘာတွေ သဘောကျနေတာလဲ"

သီလရှင်က ...

"ဒီမိန်းကလေးကိုကြည့်ပြီး သဘောကျနေတာပါ"

သီလရှင်ငယ်က ..



"ဘာတွေ့လို့ သဘောကျနေတာလဲ ဆရာလေး"

သီလရှင်က ...

"ကိုယ့်မျက်နှာ ကိုယ်မပြုချင်တဲ့လူတွေ မျက်နှာဖုံးတပ်ထားတာတော့ မဆန်းဘူး။ ဒါပေမဲ့ ... ဒီမိန်းကလေးက မျက်နှာဖုံးနှစ်ခုတပ်ထားတာကိုတွေ့လို့ သဘောကျမိတာပါ"

သီလရှင်ငယ်က သတိမရသောမိန်းကလေးမျက်နှာကို သေသေချာချာကြည့်လိုက်သည်။

"ဒီမျက်နှာကကော အတုလား"

သီလရှင်က ...

"ဟုတ်တယ်"

သူမက ပြောရင်း သူမ၏ချွန်ထက်သော လက်သည်းဖြင့် မိန်းကလေးမျက်နှာကို စတင်၍ခွာချလိုက်သည်။

အလွှန်ပါးလွှာပြီး သေသပ်လှန်းသော မျက်နှာဖုံးတစ်ခု ဖြစ်လေသည်။

သီလရှင်နီကူးက သတိကြီးစွာဖြင့် ခွာလိုက်ရာ မိန်းကလေး၏မူလရုပ်သွင်သည် ထင်းခနဲပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်ငယ်က လွှတ်ခနဲ အသံထွက်သွားသည်။

"လှလိုက်တာ"

ထိုသတိမေ့နေသော မိန်းကလေးမှာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

သီလရှင်နီကူးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလောက်လှတဲ့ မိန်းကလေးတစ်ယောက်က ဘာကြောင့် ဒီလောက်ရုပ်ဆိုးတဲ့ မျက်နှာဖုံးနှစ်ခုကို တပ်ဆင်ထားရတာလဲ"

သူမက စကားပြောနေစဉ်မှာပင် မိန်းကလေးက သတိ လာပြီး မျက်လုံးဖွင့်လိုက်သည်။

မိန်းကလေးသည် မျက်လုံးဖွင့်လိုက်သည်နှင့် သီလရှင်နီကူး အား ကြောင်၍ ကြည့်နေသည်။ သီလရှင်နီကူးက ...

"သတိရလာပြီလား ဒကာမလေး"

မိန်းကလေးက ယခုမှပင် လက်ရှိအခြေအနေကို သတိ လာဟန်ရှိသည်။ သူမက ...

"ကျွန်မ မသေသေးဘူးနော် ဆရာလေး"

သီလရှင်က ခေါင်းခါယမ်းလိုက်သည်။



"ဟုတ်ပါတယ်၊ ခင်း အခု ဘာမှမဖြစ်တော့ပါဘူး"

ထိုမိန်းကလေးက ဆတ်ခနဲ ထထိုင်လိုက်သည်။

"တပည့်တော် ဘယ်ကိုရောက်နေတာလဲ"

သီလရှင်နီကူးက ...

"သီလရှင်ကျောင်း"

မိန်းကလေးက ...

"ဒါဖြင့် တပည့်တော်မကို ဆရာလေးက ကယ်ခဲ့တာပေါ့ ဟုတ်လား"

သီလရှင်နီကူးက ...

"ဒကာမလေးကို ဒီရွာက ရွာသားတွေက လာပို့ကြလို့ ငါက မင်းကို ဆေးကုပေးခဲ့တာပဲ"

မိန်းကလေးက ဒူးတုပ်၍ လက်အုပ်ချီကာ ရှိခိုးကန်တော့ လိုက်သည်။

"တပည့်တော်မက ဂိုလန်းပါ၊ အခုလို အသက်ကယ်ခဲ့တဲ့ အတွက် ကျေးဇူးတင်ပါတယ်"

သီလရှင်နီကူးက ...

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်စရာ မလိုပါဘူး ဒကာမလေးကို ကယ်ခဲ့

ရှာသားတွေပါ"

ရိလန်က ...

"သူတို့ ဘယ်သူလဲဆိုတာ တပည့်တော်မကိုပြပါ"

သီလရှင်က ...

"အခုလောက်ဆိုရင် သူတို့လည်း အနားယူကုန်ပြီ

လည်း ပင်ပန်းလှပါပြီ၊ တစ်ခုခုစားပြီး အိပ်လိုက်ပါ။ နောက်မှ

ပြောကြတာပေါ့"

သီလရှင်ငယ်နှစ်ပါးက စားစရာများ လာရောက်

လိုက်လေသည်။ ရိလန်က တကယ်ပင် ဆာလောင်မွတ်သိပ်နေသ

အားမနာဘဲ စားသောက်လိုက်သည်။ သီလရှင်က ...

"ကဲ ... စားပြီးရင် တရေးလောက် အိပ်လိုက်ပြီး အိပ်

နိုးတော့မှ ပြောစရာရှိတာကို ပြောကြတာပေါ့"

ရိလန်က လက်အုပ်ချီလိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာလေး"

❑



နောက်တစ်နေ့ နံနက် ရိလန်အိပ်ရာမှ နိုးလာသောအခါ သီလရှင်ငယ်တစ်ပါးက လာရောက်၍ ဘုရားခန်းရှိရာသို့ ခေါ်ဆောင်သွားသည်။ သီလရှင်ကြီးက ဘုရားကိုအာရုံပြု၍ ဘုရားစာရွတ်ဖတ်နေသည်။

ရိလန်သည် ဘုရား၏ရုပ်ဆင်းတုကို ဖူးမြော်ရင်း သူမ၏ရင်ထဲတွင် အလွန်ကြည်လင် အေးချမ်းလာသည်ဟု ခံစားလာမိတော့သည်။

"ဒေါဟာ သိုင်းလောကမှာ တစ်ချိန်လုံး ကျင်လည်ကျက်စားကာ ဘုရားမှန်းမသိ၊ တရားမှန်မသိ၊ စိတ်ဆင်းရဲမှုကိုလည်း အမြဲတမ်းခံစားနေရတယ်၊ ဒေါသထွက်နေရတယ်၊ အခုလို ဒီကျောင်းကို ရောက်မှ ငါ့ရဲ့စိတ်ထဲ အေးချမ်းမှုကို ခံစားနေရတယ်"

သူမသည် ယင်းသို့တွေးရင်း ဘုရား၏ရုပ်ဆင်းတုတော်ကို ရှိခိုးဦးချကန်တော့လိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com



သီလရှင်နီကူးသည် ရိလန်၏အကြောင်းကို စတင်မေးမြ
လေသည်။

သီလရှင်ငယ်တို့က ရေနွေးကြမ်းနှင့် မြေပဲမှုန့်တို့ကို ...
ရောက်ချပေးလေသည်။ သီလရှင်က ရိလန်အား ပြုံးပြလိုက်သည်

"နေသာထိုင်သာ ရှိသွားပြီလား ဒကာမလေး"

ရိလန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ သက်သာပါတယ်၊ ပြီးတော့ ... စိတ်လည်း ...
သာပါတယ်"

သီလရှင်က ပြုံးလိုက်တော့သည်။

"ဘုရားရဲ့ရှေ့မှောက်ရောက်မှတော့ စိတ်မချမ်းသာ...
မရှိတော့ပါဘူး"

သူမက စတင်၍ မေးမြန်းလိုက်သည်။

"ဒါနဲ့ဒကာမလေးကို မေးဦးမယ်၊ အမှန်အတိုင်း ...
နော်"

ရိလန်က ...



"ဟုတ်ကဲ့ပါ ဆရာလေး"

သီလရှင်က ...

"ဒကာမလေး အခုလို ရေထဲပါလာတာဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာလား၊ ဒါမှမဟုတ်"

ရိလန်က ...

"ဟုတ်တယ်လည်း ပြောလို့ရတယ်၊ မဟုတ်ဘူးလို့လည်း ပြောလို့ရတယ်"

သူမက ဆက်၍ရှင်းပြလိုက်သည်။

"ကျွန်မရဲ့ဆရာမှာ တပည့်ကြီးတစ်ယောက် ရှိပါတယ်၊ သူဟာ ဆရာ့စကားကို နားမထောင်ဘဲ သိုင်းပညာအားကိုးနဲ့ ဆိုးသွမ်းနေလို့ ဆရာက သူ့ကို မောင်းထုတ်လိုက်တယ်"

သီလရှင်နီကူးက အာရုံစူးစိုက်စွာ နားထောင်နေ၏။

ရိလန်က ဆက်၍ ...

"ဆရာကွယ်လွန်ခါနီးမှာ သူ့တပည့်ဟာ တကယ်လို့ ပိုပြီး ဆိုးသွမ်းလာရင် သူ့ကိုသတ်မယ်လို့ တပည့်တော်မကို အမိန့်ပေးသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်၍ ပြောပြလိုက်သည်။

"ပထမတုန်းကတော့ တပည့်တော်မ သူ့ကို မသတ်ရက်ဘူး၊ ဒါပေမဲ့ … တစ်နေ့တခြား သူက ခါးလာတယ်၊ ဓားပြတိုက်တယ် လူသတ်တယ်၊ ဒါကြောင့် … တပည့်တော်မလည်း သည်းမခံနိုင်တော့တဲ့အတွက် သူ့ကိုသွားပြီး စိန်ခေါ်ခဲ့တယ်"

သူမက ဇေကျန်းခုံး၏ကောက်ကျစ်စဉ်းလဲစွာ တိုက်ခိုက်ပုံများကို ပြောပြကာ နောက်ဆုံး သူမဟာ အရေးနိမ့်သွားသဖြင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် ရေထဲသို့ ခုန်ချကြောင်းများကို ပြော လိုက်သည်။ သီလရှင်နီကူးက …

"ထားပါတော့လေ၊ ဒကာမလေးကကော ဘာကြောင့် မျက်နှာဖုံးနှစ်ခုတောင် တပ်ဆင်ထားရတာလဲ"

ရိုလန်က …

"သရဲမျက်နှာဖုံးတပ်ထားတာကတော့ စိတ်ခွာတ်စစ်ဆေးနည်းပါ။ ဘယ်သူမဆို အလွန်ကြောက်စရာကောင်းတဲ့ ရုပ်သွင်ကို မြင်တွေ့ရင် အလိုလိုကြောက်တတ်ပါတယ်၊ ဒါကြောင့် တိုက်ခိုက်ရာမှာ တပည့်တော်မအနေနဲ့ တပန်းသာအောင်လို့ပါ"



သီလရှင်နီကူးက ခေါင်းညိတ်လိုက်သည်။

"ဒီအကြံမဆိုးဘူး"

သီလရှင်နီကူးက စကားဆက်လိုက်သည်။

"ဒါနဲ့ ဘာကြောင့် နောက်ထပ်မျက်နှာဖုံး တပ်ဆင်ထားရတာလဲ"

ရိုလန်က …

"ဒီလိုပါ ဆရာလေး၊ တပည့်တော်မ သတ်မယ့်ရန်သူဟာ အတူတူနေကတည်းက တပည့်တော်မကို ထိကပါးရိကပါးလုပ်တတ်လို့ ဆရာကွယ်လွန်သွားပြီးနောက်မှ သူနဲ့ ပြန်တွေ့တဲ့အခါ တပည့်တော်မ ရုပ်ဆိုးတာကို တွေ့ပြီး အကောက်ကြံချင်တဲ့စိတ်ကို ဟန့်တားနိုင်မယ်လို့ ထင်လို့ပါ"

သီလရှင်နီကူးက ပြုံးမိလေသည်။

"ဒကာမလေး … အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလောက်ဉာဏ်များတတ်တာ မဆိုးဘူး"

သူမက ဆက်၍ …

"အခု ဒကာမလေး ဘာဆက်လုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရိုလန်က ...

"ဆရာပေးတဲ့တာဝန်ကို ကျေပွန်အောင် ဆက်လက်ဆောင်ရွက်သွားမယ်၊ တကယ်လို့များ ကံကောင်းထောက်မလို့ တပည့်တော်မ အသက်ရှင်ကျန်ခဲ့မယ်ဆိုရင် သိုင်းလောက,ကနေ အနားယူပြီး တရားအားထုတ်နိုင်ဖို့ ဆရာလေးဆီကို လာပါ့မယ်၊ လက်ခံပါလို့ တောင်းပန်ပါရစေ"

သီလရှင်နီကူးက ခေါင်းညိတ်လိုက်သည်။

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ... ကောင်မလေးမှာ ဆွေမျိုးသားချင်း မရှိတော့ဘူးလား"

ရိုလန်က ခေါင်းညိတ်လိုက်သည်။

"မရှိပါဘူး ... ဆရာလေး"

သီလရှင်က ...

"အကာမလေးကို မြင်မြင်ချင်း ဆရာလေးက ချစ်ပါတယ်၊ ဒါကြောင့် အကာမလေးရဲ့ရည်ရွယ်ချက် အောင်မြင်အောင် ဆရာလေးက လက်နက်ပုန်းပညာ ထပ်မံသင်ပေးပါ့မယ်၊ ဒါမှလည်း အကာမလေး အလိုရှိတာကို အောင်မြင်နိုင်မှာ သေချာတယ်"



ရိုလန်က ဝမ်းသာသွားသည်။ သူမက ကမန်းကတန်း လက်အုပ်ချီ၍ ဦးချလိုက်လေသည်။

"ကျေးဇူးကြီးလှပါတယ် ဆရာလေး"

❑

သီလရှင်နီကူးသည် ရိုလန်အား လက်နက်ပုန်းပညာကို စတင်သင်ကြားပေးလိုက်သည်။

သူမ သင်ပေးလိုက်သော လက်နက်ပုန်းပညာမှာ နှစ်လက်မခန့်ရှည်သော သံမဏိအပ်ပညာပင် ဖြစ်သည်။

ရိုလန်က အလွန်ဝမ်းသာသွားသည်။

ထိုအပ်ချောင်းကလေးများသည် သေးငယ်သော လက်နက်ပုန်းမျှသာ ဖြစ်သည်။

သို့သော် သီလရှင် သင်ကြားပေးလိုက်သောပညာ ရန်သူ့သွေးကြောများကို ထိရောက်စွာတိုက်ခိုက်နိုင်သော လက်နက်ပုန်းပညာရပ်များပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပညာရပ် ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်လျှင် ရန်သူ များ ဝိုင်းရံတိုက်ခိုက်လာသည်ကိုပင် မှုစရာမလိုတော့ပေ။

ထို့ကြောင့် ရိုလန်က နေ့မအိပ် ညမအိပ် ဇွဲရှိရှိနှင့် ကြိုးစား သင်ကြားနေရလေသည်။

သီလရှင်နီကူးကလည်း စိတ်ရှည်လက်ရှည် သင်ကြားပေး သည်။ ရိုလန်အား လူ့ခန္ဓာကိုယ်ပေါ်ရှိ သွေးကြောနေရာများကို ထိ ရာသွေးကြောများဆီ ပစ်လွှတ်တိုက်ခိုက်နိုင်သည်အထိ လေ့ကျင့် ပေးသည်။

ဤသို့ဖြင့် တစ်လအချိန်ကုန်သွားသောအခါ သီလရှင်နီကူး သည် ရိုလန်၏လက်နက်ပုန်းပညာကို လက်တွေ့စမ်းသပ်ပစ်လွှင့် စေသည်။

❑

နံနက်။ နေရောင်ခြည်ပင် မမြင်တွေ့ရသေးပါ။

မြင်ကွင်းများသည် ပီပီပြင်ပြင် မရှိသေးပါ။



သီလရှင်နီကူးနှင့်ရိုလန်တို့သည် သီလရှင်ကျောင်း၏နောက် ဘက်ရှိ တောအုပ်ကလေးရှိရာသို့ ရောက်ရှိလာလေသည်။

သီလရှင်နီကူးက ရိုလန်အား ထိုတောအုပ်၏အလယ်သို့ ခေါ်ဆောင်သွားလေသည်။

ထိုနေရာတွင်ရှိသော သစ်ပင်များသည် ကြီးမားလှသော သစ်ပင်များ မဟုတ်ပါ။

လူသုံးရပ်ခန့်သာ မြင့်သော သစ်ပင်များဖြစ်လေသည်။

သီလရှင်နီကူးက ရိုလန်အား တောအုပ်အလယ်ရှိ မြေကွက် လပ်ရှိရာသို့ ခေါ်ဆောင်လာပြီး ရပ်တန့်လိုက်သည်။

ထို့နောက် မြေကွက်လပ်ပတ်ပတ်လည်တွင်ရှိသော သစ် ပင်များကို ညွှန်ပြလိုက်သည်။

"အဲဒီက သစ်ပင်တွေဟာ ဆယ်ပင်ရှိတယ်၊ သစ်ပင်ပေါ်မှာ ထုံးဖြူအစက်ကလေး ခြယ်သ,ထားတာတွေ့တယ် မဟုတ်လား"

ရိုလန်က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ... တွေ့ပါတယ် ဆရာလေး"

သီလရှင်က ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသစ်ပင်ဆယ်ပင်ဟာ ဒကာမလေးကို ဝိုင်းရံထား ရန်သူတွေလို့ မှတ်ထားပါ"

ရိလန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာလေး"

သီလရှင်က ...

"အဲဒီသစ်ပင်က ထုံးအဖြူစက်တွေဟာ လူတွေရဲ့ ေ ကြောလို့ မှတ်ထားပါ"

ရိလန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာလေး"

သီလရှင်က ရိလန်အား အလယ်တည့်တည့်တွင် ရပ်စေ သူမက နောက်သို့ ဆုတ်သွားသည်။

"ကဲ ရိလန် ... ငါ အခု အချက်ပေးလိုက်မယ်၊ အချက်ပေ လိုက်တာနဲ့ တစ်ပြိုင်နက် ဒီသစ်ပင်ဆယ်ပင်ပေါ်မှာရှိတဲ့ သွေးကြော နေရာကို တိတိကျကျပစ်ဖို့ ကြိုးစားရမယ်"

ရိလန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါ ... ဆရာလေး"



သီလရှင်က တစ်ခဏအကြာ ငြိမ်သက်စွာ ရပ်နေပြီးမှ ရုတ် တရက် အော်လိုက်သည်။

"ပစ်"

ရိလန်က လက်ထဲမှ အပ်များကို ခန္ဓာကိုယ်ကို တစ်ပတ် လှည့်၍ ပစ်လွှတ်လိုက်သည်။

လက်ထဲမှ အပ်ကလေးဆယ်ချောင်း ကုန်သွားလေသည်။

သီလရှင်က သူမထံသို့ လျှောက်လာပြီး သစ်ပင်များကို တစ်ပင်ပြီးတစ်ပင် လှည့်ပတ်ကြည့်ရှုလိုက်၏။

ထို့နောက် ခေါင်းညိတ်ပြလိုက်သည်။

"မဆိုးဘူး၊ အပ်ဆယ်ချောင်းမှာ ခြောက်ချောင်းက တိတိ ကျကျထိပြီး လေးချောင်းကတော့ လွဲချော်သွားတယ်"

ရိလန်က အနည်းငယ်စိတ်ဓာတ်ကျသွားပြီး ခေါင်းငုံ့ထား လိုက်သည်။ သီလရှင်က သူမ၏ပခုံးကိုပုတ်ကာ အားပေးစကား ပြောလိုက်သည်။

"စိတ်ဓာတ်ကျစရာမလိုဘူး၊ တစ်လအတွင်းမှာ ဒီလောက်ရ ... မဆိုးဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆက်၍ ...

"နောက်ထပ် တစ်လကျင့်လိုက်ရင် အောင်မြင်နိုင်ပါတယ်"

ရိုလန်က လက်အုပ်ချီ၍ ...

"အခုလို အားပေးတာ ကျေးဇူးတင်ပါတယ်၊ တပည့်တော် ဆက်ပြီး ကြိုးစားပါ့မယ်"

သီလရှင်က ပြုံးလိုက်သည်။

"ကဲ ... အခုဆိုရင် မနက်စာအသင့်ဖြစ်ထားပြီး ဖြစ်လိမ့်မယ်၊ ပြန်စားကြစို့"

သူတို့သည် သီလရှင်ကျောင်းသို့ ပြန်လှည့်သွားလေသည်။

□□□



## အခန်း (၃၁)

## စွန့်စားဝံ့သူ

လီမုန်ကျင်းသည် သမားတော်ကြီးမုယုံအိမ်သို့ ပြန်လည်ရောက်ရှိနေလေသည်။ အပြန်ခရီးတစ်လျှောက်လုံး သူက သံမဏိမျက်နှာ သေဆုံးသွားသည်ကို နှမြောတမ်းတနေမိ၏။

"သူက ငါ့ရဲ့ရန်သူပဲ၊ သူသေသွားတာ ငါ့အတွက် ဝမ်းသာစရာပေါ့"

သူသည် ယင်းသို့သာ မှတ်ချက်ချနေသော်လည်း အဘယ်ကြောင့်မှန်းမသိ သံမဏိမျက်နှာအပေါ် မုန်းတီးသောစိတ်ထားလုံးဝမရှိပါ။

"ခက်တာက သူက ငါ့ရဲ့ရန်သူဖြစ်ပေမယ့် ငါ သူ့ကို မမုန်းနိုင်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူသည် သမားတော်ကြီးမုယုံပြောသည့် စကားများကို ပြန်လည်ကြားယောင်လာသည်။

"မင်းကို လွှတ်လိုက်တဲ့ ရန်သူဟာ ထိပ်တန်းအဆင့်ရှိတဲ့ ဓားသမားတစ်ယောက် ဖြစ်တယ်၊ သူက မင်းကို သတ်လို့ ရရဲ့သားနဲ့ မသတ်ဘဲ လွှတ်လိုက်တာ ဘာကြောင့်လဲ"

လီမုန်ကျင်းက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

"ဘာကြောင့်လဲ"

သူသည် ဒုတိယအကြိမ် သံမဏိမျက်နှာနှင့် ယှဉ်ပြိုင်ခဲ့စဉ်ကလည်း ကိုယ်ကသာ ရှုံးနိမ့်သွားသည်။

အကယ်၍ ... သူက သတ်မည်ဆိုလျှင် အဘယ်ကြောင့် မသတ်ရပါသနည်း။

သူက အခေါက်ခေါက်အခါခါ စဉ်းစားဆင်ခြင်ခဲ့သော်လည်း အဖြေက မရခဲ့ပါ။

အမှန်အတိုင်း ပြောရမည်ဆိုလျှင် ဤတစ်ကြိမ် အကယ်၍ သူနှင့် ယှဉ်ပြိုင်ခွင့်ရရှိပြီး သူ့ကို အနိုင်ရခဲ့လျှင် သူကလည်း သူ့ကို သတ်ရမှ လုံးဝစိတ်ကူးမရှိဟု သူ နားလည်ထားသည်။



အဘယ်ကြောင့်နည်း။

ယင်းမေးခွန်းကို သူကိုယ်တိုင်က မည်သို့မျှ မဖြေနိုင်ပါ။

သူသည် မုယုံသမားတော်ကြီး၏အိမ်သို့ ရောက်ရှိခဲ့သည် မှာ တစ်လခန့်ကြာသွားပြီဖြစ်သည်။

သူ့ရင်ထဲတွင် ကိန်းအောင်းနေသော မေးခွန်းများကို သမားတော်ကြီးအားမေးရန် စိတ်ကူးထားသော်လည်း မမေးဖြစ်ပါ၊

ယနေ့နံနက် သူသည် မုယုံဟွာနှင့်အတူ သမားတော်ကြီး မုယုံနှင့် နံနက်စာ စားသောက်နေရာမှ သူက ထိုမေးခွန်းကို သတိရလာသည်။

"သမားတော်ကြီးကို ကျွန်တော် စဉ်းစားလို့မရတဲ့ မေးခွန်း တစ်ခု မေးပါရစေခင်ဗျာ"

သမားတော်ကြီးက ...

"မေးပါ ရပါတယ်"

လီမုန်ကျင်းက သူနှင့် သံမဏိမျက်နှာတို့၏လက်စားချေသည့်ကိစ္စများကို အတိုချုံးပြောပြလိုက်သည်။ သမားတော်ကြီး စဉ်းစားခြင်းပင်မပြု ပြုံးပြလိုက်လေသည်။

www.burmeseclassic.com

"ဒါဟာ ခက်ခဲတဲ့ပုစ္ဆာမှ မဟုတ်ဘဲ"

လီမုန်ကျင်းက ...

"ကျွန်တော့်ကို ညွှန်ပြပါ သမားတော်ကြီး"

သမားတော်ကြီးက ...

"မင်းနဲ့သံမဏိမျက်နှာနဲ့ ရန်ငြိုးရှိသလား"

လီမုန်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"မရှိဘူး"

သမားတော်ကြီးက ...

"မင်းတို့ရဲ့ကိစ္စကတော့ ကိုယ်တိုင်ရန်ငြိုးမရှိဘဲ ဖခင်ချေ... ပတ်သက်ပြီး တစ်ယောက်နဲ့တစ်ယောက် လက်စားချေဖို့ ကြိုး... လာကြတာ မဟုတ်လား"

လီမုန်ကျင်းက ...

"ဟုတ်ပါတယ်"

သမားတော်ကြီးက ...

"မင်းဟာ နားမည်မှုရှိတဲ့ ယောကျ်ားကောင်းတစ်ယော... ဖြစ်တယ်၊ ဒီကိစ္စရဲ့အရင်းအမြစ်ကတော့ မင်းအဖေနဲ့ သူ့အဖေ...



အရှုပ်အရှင်းပါ"

သူက စကားဆက်လိုက်သည်။

"မင်းအဖေက သူ့အဖေကိုစပြီး သတ်လိုက်တယ် ဟုတ်တယ်မဟုတ်လား"

လီမုန်ကျင်းက ...

"ဒီအတွက် သူ့သမီးက အဖေ့အတွက် မင်းအဖေကိုလာပြီး လက်စားချေတယ်၊ ဟုတ်တယ်နော်"

"ဟုတ်တယ်"

"အဲဒီအချိန်မှာ သူက မင်းကို တစ်လက်စတည်းသတ်နိုင်လျက်နဲ့ ဘာကြောင့် မသတ်ရတာလဲ"

"ကျွန်တော့်အဖေက သူ့အဖေကို သတ်ခဲ့တုန်းက သူ့ကို မသတ်ဘဲထားခဲ့လို့ သူကလည်း ကျွန်တော့်ကို လက်စားချေနိုင်အောင် အခွင့်အလမ်းဖွင့်ပေးထားတယ်လို့ ပြောပါတယ်"

"ဒီအချက်ကို ကြည့်မယ်ဆိုရင် ဒီကောင်မလေးရဲ့စိတ်ထားမြင့်မြတ်တယ်ဆိုတာ ထင်ရှားနေတယ်"

"ကျွန်တော် သဘောမပေါက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သိုင်းလောကမှာ ဘာကြောင့် မသေသင့်တဲ့လူတွေ ဒေ ကုန်ကြတာလဲ၊ ဘာကြောင့် တစ်ယောက်နဲ့တစ်ယောက် သူ့သင် လိုက်၊ ကိုယ့်သတ်လိုက်နဲ့ သံသရာလည်နေရတာလဲ"

သမားတော်ကြီးက သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး စိတ် ထိခိုက်သံဖြင့် ...

"လူတွေဟာ ကိုယ်က သူများကိုသတ်ရင် မှန်ကန်တယ်လို့ ယူဆတယ်၊ သူများက သတ်ရင်တော့ လက်စားချေရမှ ကျေနပ် တယ်၊ ဒီလိုနဲ့ပဲ သားစဉ်မြေးဆက် လက်စားချေတာ ဆုံးကိုမဆုံးနိုင် တော့ဘူး၊ မဟုတ်လား"

လီမုန်ကျင်းသည် သမားတော်ကြီးရှင်းပြတော့မှ မိမိထံ ပြန်လက်စားချေခြင်းတို့ အဘယ်ကြောင့် စိတ်ဝင်စားသည်ကို နား လည်လိုက်သည်။

သူက ယတိပြတ်ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပြီ သမားတော်ကြီး၊ အလားတူ ပဲ သံမဏိမျက်နှာကလည်း သဘောပေါက်ထားလို့ပဲ ဖြစ်ရမယ်"

သူက သက်ပြင်းချ၍ ...



"တကယ်လို့ သူ အသက်ရှင်နေသေးတယ်ဆိုရင် ဒီသဘော တရားကို ပြောပြချင်လိုက်တာ"

မုယုံဟွာက အံ့အားသင့်သွားလေသည်။

"သူ သေသွားပြီဟုတ်လား"

လီမုန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သမားတော်ကြီးက စိတ်မကောင်းဖြစ်သွားသည်။

"သူ ဘာကြောင့် သေသွားရတာလဲ"

လီမုန်ကျင်းက ...

"ရွှေကျားသစ်ကိုဏ်းချုပ် ဇေကျန်းနိုး‌ရဲ့ လက်ချက်လို့ ပြော တာပဲ"

သမားတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အခုတစ်လော သိုင်းလောကမှာ ရွှေကျားသစ်ဂိုဏ်းရဲ့ သတင်းဟာ တော်တော်လေးကို လွှင့်ပျံ့နေတယ်"

လီမုန်ကျင်းက ...

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက ...

"ဒီအကြောင်း ပြောရမယ်ဆိုရင် အတော်စိတ်မကောင်းစရာပါပဲနော်"

လီမုန်ကျင်းက ...

"ဘာဖြစ်လို့လဲ"

သမားတော်ကြီးက ...

"ဒီရွှေကျားသစ်ပိုက်းဟာ အခုတစ်လော တော်တော်လေးကို ခေါင်းကျွန်းလာတယ်၊ သိုင်းလောကသားထဲ မရှောင် သည်ဖြတ်လှယတ်လာတယ်၊ ဘယ်သူ့မျက်နှာမှမထောက်ဘဲ အာခံဌာနကို ကြားဖြတ်လုယူတယ်"

သူက စကားဆက်လိုက်သည်။

"လွန်ခဲ့တဲ့ သုံးလလောက်ကဆိုရင် အာမခံဌာနသုံးခု သူ့ကြောင့် တံခါးပိတ်လိုက်ရတယ်လေ"

လီမုန်ကျင်းက ...

"ဒီလောက်တောင်ပဲလား သမားတော်ကြီး"

သမားတော်ကြီးက ...



"ဘယ်သူမို့၊ စားပြပဲဖြစ်ဖြစ် စည်းကမ်းတော့ ရှိတာပဲ၊ ပစ္စည်းရရင် လူမသတ်ဘူး၊ ပစ္စည်းမပေးဘဲ ခုခံတော့မှ လူသတ်တယ်၊ သူကတော့ မဟုတ်ဘူး၊ ပစ္စည်းလည်း ယူတယ်၊ လူလည်း သတ်တယ်၊ သုံးလအတွင်းမှာ အာမခံဌာနကလူတွေ သူတို့လက်ချက် ကြောင့် သေသွားတာ လူအယောက် လေးဆယ်ကျော်တယ်"

လီမုန်ကျင်းသည် နားထောင်ရင်း၊ နားထောင်ရင်း အလွန်ခံပြင်းလာသည်။

"သိုင်းလောကသားတွေကကော ဒီကိစ္စကို ဝင်မစွက်တော့ဘူးလား"

သမားတော်ကြီးက ...

"သူတို့က ရွှေကျားသစ်ပိုက်းကို အစကတည်းက အထင်မကြီးဘဲ၊ ဒါကြောင့် ဘာမှဝင်မစွက်ဘူး၊ အခုတော့ သူတို့လည်း မျက်သုံးပြူးလာကြတယ်လေ"

လီမုန်ကျင်းက ...

"ဒါနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေကော အရေးမယူဘူးသား"

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ကြီးက ...

"သက်ဆိုင်ရာအာဏာပိုင်တို့က ရဲမက်တွေလွှတ်ပြီး နှိမ်
ပါသေးတယ်၊ ဒါပေမဲ့ ... သူတို့က ရန်သူရဲ့အင်အား အလွန်ကြီး
တာကို မသိတဲ့အတွက် မရှုမလှရှုံးနိမ့်ခဲ့တယ်လေ"

သမားတော်ကြီးက စိတ်မကောင်းစွာဖြင့် သက်ပြင်း
စကားဆက်လိုက်သည်။

"အခုတော့ သူတို့က ရန်သူတွေကို အထင်မသေးဝံ့တော
နေပြည်တော်ကို စာတင်တယ်လေ၊ နေပြည်တော်က မြင်း
တော်အဖွဲ့ စေလွှတ်တယ်လို့ သတင်းကြားရတယ်၊ ဒါပေမဲ့ ... အ
မရောက်လာသေးဘူး"

လီမုန်ကျင်းက ခံပြင်းလာသည်။ ဒေါသထွက်လာသည်

"သိမ်ကဏီမျက်နှာ သေသွားလို့ သူတို့ အခုလို သောင်း
နေတာပါ"

သူက သမားတော်ကြီးအား လက်အုပ်ချီ၍ ကန်တော့
သည်။

"ကျွန်တော်လည်း သိုင်းလောကရဲ့ မိသားစုတစ်ယော



ဒီကိစ္စကို လက်ပိုက်ပြီး ကြည့်မနေနိုင်တော့ဘူး"

မုယုံပွားဓါ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"အစ်ကိုက သူတို့ကို သွားတိုက်မလို့လား"

လီမုန်ကျင်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မုယုံပွားဓါက ထိတ်ထိတ်ပျာပျာဖြစ်သွားလေသည်။

"အို ... မဖြစ်နိုင်တာ၊ အစ်ကို တစ်ယောက်တည်း ဘယ်လို
လုပ် သူ့ကိုနိုင်မှာလဲ"

"နိုင်တာ၊ မနိုင်တာကတော့ မပြောနိုင်ဘူး၊ ဒါပေမဲ ... အား
လုံးက အခုလို လက်ပိုက်ကြည့်နေရင် အပြစ်မဲ့လူတွေ အသက် ပိုပြီး
ဆုံးရှုံးသွားမှာပေါ့"

မုယုံပွားဓါ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

"သိုင်းလောကမှာ လူတွေအများကြီးရှိတယ်၊ သူတို့က
လက်ပိုက်ကြည့်နေနိုင်ရဲ့နဲ့ အစ်ကိုက ဘာလို့ဝင်စွက်ရတာလဲ"

"ဒီဂိုဏ်းချုပ်ကို အစ်ကိုက ယှဉ်ပြိုင်ခဲ့ဖူးတယ်၊ ဒါကြောင့်
သူ့ကို လုံးဝမကြောက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မုယုံဟွာက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မသွားပါနဲ့ အစ်ကိုရယ်၊ ကျွန်မ စိတ်မချဘူး"

ထိုအချိန်မှာပင် သမားတော်ကြီးက ကြားဝင်လိုက်သေး တော့သည်။

"သမီးလေး ... သူ့ကို စိတ်ချပါ၊ သူကလည်း ပိုင်လို့သွား တာပါ"

မုယုံဟွာက ...

"ဘိုးဘိုးက ဘာကြောင့် ပြောနိုင်ရတာလဲ"

"ငါ သူ့ကို အကဲခတ်ကြည့်တယ်၊ သူ ဒီတစ်ခေါက် ပြန်လာ တာ အလွန်ထူးချွန်တဲ့ သိုင်းပညာ ရရှိလာတယ်လို့ ငါ ယုံကြည်တယ်"

သူက လီမုန်ကျင်းအား မေးလိုက်သည်။

"ငါထင်တာ ဟုတ်တယ်မဟုတ်လား"

လီမုန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သမားတော်ကြီး"

သူသည် သူ၏အဖြစ်အပျက်များကို ပြန်လည်ပြောပြလိုက် သည်။ သမားတော်ကြီးက စိတ်ဝင်စားစွာ နားထောင်ပြီးနောက်



"မင်းစားလိုက်တဲ့ အနီရောင်အသီးလေးဟာ ဘာလဲဆိုတာ မင်း သိသလား"

လီမုန်ကျင်းက ...

"မသိပါဘူး သမားတော်ကြီး"

သမားတော်ကြီးက ...

"မင်း သိပ်ကံကောင်းတယ်၊ ဒီအသီးဟာ နှစ်ပေါင်းတစ်ရာမှာ တစ်ပင်ကို တစ်လုံးတည်း သီးတာ၊ အဲဒီအသီးကို တစ်လုံးစားပြီးရင် အတွင်းအား ငါးနှစ်လေ့ကျင့်တာနဲ့ ညီမျှတယ်၊ အခု မင်းက သုံးလုံးတောင် စားထားတော့ ဆယ့်ငါးနှစ် လေ့ကျင့်တာနဲ့ ညီမျှသွားပြီး လက်ရှိသိုင်းလောက အကျော်အမော်ထဲမှာ မင်းကို မီမယ့်လူ ရှားသွားပြီ"

လီမုန်ကျင်းက ဝမ်းသာပျော်ရွှင်ပြီး စိတ်အားထက်သန်သွားလေသည်။ မုယုံဟွာကလည်း လီမုန်ကျင်းအား ဟန့်တားခြင်း မပြုတော့ပါ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)
## စိန်ခေါ်ခြင်း

တောင်စနိုးတောင်သို့ သွားရာလမ်းမပေါ်တွင် မြင်းတစ်

ကောင်နှင့်လူတစ်ယောက်သည် အရှိန်မှန်မှန်ဖြင့် ဦးတည်သွားသည်

မြင်းပေါ်မှလူမှာ လီမုန်ကျွင်းပင် ဖြစ်သည်။

သူသည် ဝေ့ကျုန်းခုံးအား စိန်ခေါ်ရန်သွားခြင်း ဖြစ်သည်

ဝေ့ကျုန်းခုံးသည် မိမိလေးစားခဲ့သော သံမဏိမျက်နှာအား

သတ်ဖြတ်သော တရားခံဖြစ်သည်။

ထို့အပြင် သိုင်းလောကကို အန္တရာယ်ပေးသော လူဆိုးလူ

မိုက်တစ်ယောက်လည်း ဖြစ်သည်။

လီမုန်ကျွင်းသည် သိုင်းပညာတတ်သော သိုင်းသမားတစ်

ယောက်ဖြစ်လာပြီဖြစ်သည်။



ထို့ကြောင့် သိုင်းလောကသားများ၏ဆောင်ပုဒ်အတိုင်း ကောင်းသူကိုကယ်၊ မကောင်းသူကိုပယ်ဆိုသည့် လမ်းစဉ်ကို လိုက်ရန် သူ့တွင် တာဝန်ရှိသည်။

သူသည် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိသည်။

သို့သော် ရန်သူအပေါ် အထင်မသေးနှင့်ဆိုသော လူကြီးမိဘများ၏ဆုံးမစကားရှိသည် မဟုတ်ပါလား။ ထို့ကြောင့် သူက ဝေ့ကျုန်းခုံးအား အထင်မသေးဝံ့တော့ပါ။

ဝေ့ကျုန်းခုံး၏သိုင်းပညာမှာ မညံ့ပါ။

ယခုအခါမှာဆိုလျှင် ရွှေကျားသစ်ဂိုဏ်း၏အင်အားမှာ လူနစ်ရာခန့်ရှိသည်ဟု ကြားသိရသည်။ ထို့ကြောင့် သူက အလွန်သတိထားရမည်ဖြစ်သည်။

ယခု သူ ရင်ဆိုင်ရမည့်တိုက်ပွဲမှာ သိုင်းလောကသားများ၏ စည်းကမ်းအတိုင်း နှစ်ယောက်ချင်း ယှဉ်ပြိုင်ရမည့် တိုက်ပွဲမဟုတ်ပါ။

ဝေ့ကျုန်းခုံးက သူ၏အင်အားကို အပြည့်အဝသုံးလိမ့်မည်ဟု သူက ကြိုတင်ခန့်မှန်းထားပြီး ဖြစ်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ယခု ယှဉ်ပြိုင်ရမည့်တိုက်ပွဲမှာ ရန်သူအဖို့ အလွန်အန္တရာယ်များသည်ကို နားလည်ထားသည်။ သို့သော် သူသည် မတရားမှုကို တရားဘက်တော်သားက အမြဲတမ်း အနိုင်ရလိမ့်မည်ဟု ယုံကြည်ထားသည်။

ထို့ကြောင့် သူက ရဲရဲဝံ့ဝံ့ဖြင့် ယခုကဲ့သို့ ရွှေကျွန်းသစ်ပိုင်ရှိရာသို့ ဦးတည်သွားနေခြင်းဖြစ်သည်။

❑

'ဖျောင်း ... ဖျောင်း ... ဖျောင်း"

လက်ခုပ်သံများ ထွက်ပေါ်လာသည်။ သီလရှင်နီကူးက လက်ခုပ်တီး၍ ချီးကျူးစကား ပြောလိုက်လေသည်။

"ဒကာမလေး ရိလန် ... မင်းဟာ အတက်မြန်လိုက်တာ ငါ မချီးကျူးဘဲ မနေနိုင်တော့ဘူး"

ရိလန် လေ့ကျင့်အပြီးတွင် သီလရှင်နီကူးက သစ်ပင်များကို တစ်ပင်ဆီ စစ်ဆေးကြည့်ရှုပြီး အလွန်ပင် သဘောကျသွားလေ၏



တိုတောင်းသောအချိန်တွင် ရိလန်က သူမ၏ပစ်မှတ်များကို တစ်ခုမလွဲ ပစ်နိုင်ခဲ့သည်။

ရိလန်ကလည်း ဝမ်းသာသွားသည်။

"ဆရာလေးရဲ့ကျေးဇူးကြောင့်ပါ"

သီလရှင်နီကူးက ...

"ဘာပဲပြောပြော ဆရာက ဘယ်လောက်ပဲသင်သင် တပည့်ကလည်း ကြိုးစားပင်ပန်းခံပြီး ဖွံ့ဖြိုးမှသာ အခုလို အောင်မြင်မှာပေါ့"

ရိလန်က လက်အုပ်ချီ၍ ကန်တော့လိုက်သည်။

"ဆရာလေးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

သီလရှင်နီကူးက ...

"မင်း ဘယ်နေ့သွားချင်လဲ အားမနာနဲ့ပြောပါ"

ရိလန်က ...

"တပည့်တော်မကတော့ ဖြစ်နိုင်ရင် မနက်ဖြန်လောက်သွားချင်ပါတယ်"

သီလရှင်နီကူးက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါနဲ့ ... မင်း ကိစ္စပြီးရင် ဘာဆက်လုပ်ဖို့ရှိလဲ"

သီလရှင်နီကူးက ...

ရိုလန်ပြောပြသည့်အကြောင်းကို သိထားသဖြင့် ယင်းကဲ့သို့ မေးလိုက်ခြင်းဖြစ်သည်။

ရိုလန် တွေဝေသွားသည်။ သီလရှင်နီကူးက ...

"ဒကာမလေးရဲ့ဘဝဟာ လမ်းနှစ်ခုပဲ ရွေးဖို့ရှိတယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ဒကာမလေးဟာ သွေးချင်း သားချင်းဆိုလို့ တစ် ယောက်မှ မရှိဘူး။ ဒီ့ကြောင့် အိမ်ထောင်ပြုချင်ပြု၊ တကယ်လို့ မပြု ချင်သေးရင် ငါ့ဆီမှာ လာနေ၊ မင်းပျော်သလောက်နေနိုင်ပါတယ်"

သီလရှင်နီကူး၏စကားကို နားထောင်ရင် ရိုလန်က တစ်ခ တစ်ခုကို စိတ်ပိုင်းဖြတ်လိုက်သည်။

"တပည့်တော်မဟာ ဆရာပေးထားတဲ့တာဝန်ကို ကျေပြ အောင် ထမ်းဆောင်ရပါ့မယ်၊ တကယ်လို့ တပည့်တော်မက ရှန်း လက်ချက်နဲ့ အသက်ဆုံးရှုံးမသွားရင် ဒီကိုပဲ ပြန်လာပါ့မယ်လို့ ကြို တင်ပန်ကြားပါရစေ၊ တပည့်တော်မကို လက်ခံတဲ့အတွက် ဝမ်းသာ ပါတယ်"



သီလရှင်နီကူးက ...

"ရှန်ကျိတ်–ရှန်ကျိဝဒ် (သာဓုကွယ် ... သာဓု) သူတော် ကောင်းကို ဘုရားက မစပါလိမ့်မယ်၊ ဒကာမလေး ဘေးမသီ ရန် မခ ပြန်လာနိုင်လိမ့်မယ်လို့ ငါ ရဲရဲကြီး ပြောနိုင်တယ်"

ရိုလန်က ဒူးထောက်၍ ရှိခိုးကန်တော့လိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ဆရာလေး"

❑

ရွှေကျားသစ်ဂိုဏ်းကို အဝေးကပင် မြင်တွေ့နိုင်ပေသည်။ ယခင်ကဆိုလျှင် ဤစခန်းကို မည်သူကမှ မသိကြပါ။ အကြောင်းမှာ ဝှေကျန်းခုံးက ဂိုဏ်းကို လျှို့လျှို့ဝှက်ဝှက် တည်ဆောက်ထားသောကြောင့် ပြပြင်မွမ်းမံခြင်းလည်း မရှိ။

ကြည့်လိုက်လျှင်လည်း ကျောက်တောင်ကျောက်တုံးများ ကိုသာ မြင်ရလေသည်။ ယခုမှာမူ ခမ်းခမ်းနားနား မွမ်းမံထားပြီး ရွှေကျားသစ်ပုံဖော်ထားသောအလံကို လွှင့်ထူထားသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ထည်ဝါလှသောစခန်းတစ်ခုအဖြစ် အဝေးကပင် မြင်တွေ့ရသည်။ လီမုန်ကျင်းသည် ထိုစခန်းကို အဝေးကပင် မြင်တွေ့လိုက်ရသည်။

တစ်ဆက်တည်းမှာပင် သူက သံမဏိမျက်နှာကို မျက်စိ တွင် မြင်ယောင်လာလေသည်။

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

“နင့်နာမည် ဘယ်လိုခေါ်သလဲ ငါမသိဘူး၊ ဒါကြောင့် ဒါ သံမဏိမျက်နှာလို့ပဲ ငါခေါ်ရမှာပဲ၊ အခု ငါ ဒီကိုလာတာ သိုင်းလောကအတွက်လို့ ဆိုချင်ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ … အဓိက,ကတော့ နင့်ကိုသတ်သွားတဲ့ ဝေကျွန်းခုံးကို လက်စားချေချင်လို့ပဲ”

သူက ဤသို့ တစ်ယောက်တည်း နှုတ်မှ ရေရွတ်မိလိုက်သည်။ ထိုအချိန်မှာပင် ဟိန်းဟောက်သံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

“ဟေ့ … ရပ်လိုက်”



လီမုန်ကျင်းက မြင်းကို ရပ်တန့်လိုက်သည်။ အသံလာရာသို့လည်း မော့ကြည့်လိုက်သည်။ ရှေ့တွင် လမ်းနှစ်သွယ် ရှိသည်။

လမ်းတစ်သွယ်က လမ်းမကြီးဖြစ်ပြီး သူရောက်ရှိနေသော ကျန်လမ်းတစ်သွယ်မှာမူ တောင်တက်လမ်း ဖြစ်သည်။

အစိမ်းရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူနှစ်ဦးက ဓားကိုယ်စီဖြင့် ကျောက်တုံးတစ်တုံး၏နောက်မှ ထွက်လာကြသည်။ သူတို့က ဓားကို ဝှေ့ယမ်းလိုက်ပြီး …

“မင်း … ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ”

လီမုန်ကျင်းက မြင်းပေါ်မှ ဆင်းလိုက်သည်။

“ငါက လီမုန်ကျင်း၊ မင်းတို့ဂိုဏ်းချုပ် ဝေကျွန်းခုံးကို တွေ့ချင် လို့”

“ဟား … ဟား … ဟား”

ထိုလူများအနက်မှ တစ်ယောက်က ရယ်မောလိုက်သည်။

“ငါတို့ဂိုဏ်းချုပ်ကိုတွေ့ဖို့က လွယ်တယ်များမှတ်လို့၊ ဖိတ်စာပါလား ပြစမ်း”

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဖိတ်စာ မပါဘူး"

ထိုလူက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဖိတ်စာမပါရင် ပြန်တော့"

လီမုန်ကျင်းက ...

"ကျုပ် သူ့ကို တွေ့ဖို့လာတာ၊ ပြန်ဖို့မဟုတ်ဘူး"

ထိုလူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"ကျုပ် စိတ်အနှောင့်အယှက်ဖြစ်အောင်မလုပ်နဲ့ အမြန်ပြန်သွား၊ နို့မဟုတ်ရင် အသက်နဲ့ခန္ဓာ အိုးစားကွဲသွားမယ်"

လီမုန်ကျင်းက ...

"ကျုပ် သွားချင်တဲ့နေရာကို ဘယ်သူကမှ တားလို့မရဘူး"

သူသည် ဓားပင် ထုတ်ခြင်းမပြုဘဲ တောဘက်လမ်းဘက်တိုင်း လျှောက်သွားလေသည်။

ထိုလူနှစ်ယောက်က ဒေါသထွက်သွားသည်။

"ဒီလောက်တောင် သေချင်ရင် ငါတို့က ပါရမီဖြည့်ရမှာပေါ့"



သူတို့နှစ်ယောက်သည် ဓားကိုယ်စီဖြင့် လီမုန်ကျင်းအား တိုက်ခိုက်လိုက်သည်။

"ချွမ်း ... ချွမ်း ... ချွမ်း"

ဓားဓားချင်းထိ၍ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

လီမုန်ကျင်းသည် ဓားကိုဆွဲထုတ်ခြင်း မပြုသေးပါ။

ထိုလူနှစ်ယောက်၏တိုက်ခိုက်မှုကို ရှောင်တိမ်းပေးလိုက်သောကြောင့် ထိုလူနှစ်ယောက် အချင်းချင်း တိုက်ခိုက်သကဲ့သို့ ဖြစ်သွားရလေသည်။

သူတို့သည် ကမန်းကတန်း ရပ်လိုက်ရာ လီမုန်ကျင်းက သူတို့အား ကျော်သွားပြီး တောင်ပေါ်သို့ အေးဆေးစွာ တက်သွားသည်ကို တွေ့လိုက်ရလေသည်။

❑

လီမုန်ကျင်းသည် တောင်တက်လမ်းအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် တက်သွားသည်။

www.burmeseclassic.com



အစိမ်းရောင် ဝတ်ဆင်ထားသော လူနှစ်ယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူတို့သည် တောင်ပေါ်သို့တက်လိုက်ရင်း ခါးမှ ပလွေတစ်ချောင်းယူပြီး မှုတ်လိုက်ရာ ...

"တီ ... တီ ... တီ"

ဟူသော အသံများ ထွက်လာသည်။ အခြားနေရာမှ ကင်းပုန်းများထံမှလည်း အသံများ ထွက်လာကြသည်။

တစ်ဆက်တည်း ကင်းပုန်းနှစ်ဆယ်မှ လူများတို့သည် မိမိတို့နေရာမှ ထွက်လာကြပြီး ဓားကို ဝှေ့ယမ်း၍ လီမုန်ကျင်းနောက်သို့ လိုက်သွားကြသည်။ တောင်ကလပ်ပေါ်တွင်လည်း မောင်းသံများ ထွက်ပေါ်လာသည်။

"ဒေါင် ... ဒေါင် ... ဒေါင်"

အရေးပေါ် အချက်ပြမောင်းသံများ ဖြစ်သည်။

အစိမ်းရောင်ဆင်တူ ဝတ်ဆင်ထားသောလူများသည် ပုံတစ်စု ဒီတစ်စု ပြေးလွှားရောက်ရှိလာသည်။ လီမုန်ကျင်းမှာမူ လုံးဝ ဂရုမစိုက်ဘဲ ဓားကိုဆွဲကိုင်၍ ဆက်လက်ထွက်သွားသည်။



အစိမ်းရောင်ဝတ်ဆင်ထားသောလူများသည် ညာသံပေး၍ လီမုန်ကျင်းနောက်သို့ လိုက်ကြသည်။

ဝန်းကျင်တစ်ခုလုံး ဆူဆူညံညံဖြစ်သွားလေသည်။

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူများသည် ညာသံပေး၍ လီမုန်ကျင်းနောက်သို့ မဲ၍သာ လိုက်ကြသည်။

ထိုစဉ် လူရိပ်တစ်ခုသည် သစ်ပင်ဝါးပင်များကို အကာအကွယ်ယူပြီး တောင်ပေါ်သို့တက်သွားသည်ကို မည်သူမျှ သတိမထားမိပါချေ။ ထိုလူရိပ်သည် ဖည်သူဖြစ်ပါသနည်း။

❑

အစိမ်းရောင်ဝတ်ဆင်ထားသောလူများသည် လေးဘက်လေးတန်မှ ရောက်ရှိလာကြသည်။ လီမုန်ကျင်းက ဂရုမစိုက်ပါ။

သူ့အား တားဆီးလာသောလူများကို ဓားဖြင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

နောက်ဆုံး လူသည် တောင်ပေါ်သို့ ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ငွေကျန်းခိုး၏အသံ ထွက်ပေါ်လာသည်

"အားလုံး ရပ်လိုက်"

ထိုအသံဆုံးသည်နှင့် အားလုံးသောလူများတို့သည် တိုက်ခိုက်ခြင်း မပြုတော့ဘဲ လီမုန်ကျင်းအား ဝိုင်းရံထားလိုက်လေသည်

လီမုန်ကျင်းက ခါးထောက်၍ ပတ်ဝန်းကျင်အခြေအနေကို တစ်ချက်ငွေလိုက်သည်။

တောင်ပေါ်၌ အလွန်ထည်ဝါသော သစ်လုံးများဖြင့် တည်ဆောက်ထားသော အဆောက်အအုံတစ်ခု ရှိသည်။

အဆောက်အအုံမှာ ရဲတိုက်သဖွယ် ခန့်ညားလှပေသည်

အဆောက်အအုံရှေ့တွင် အလွန်ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု ရှိလေသည်။

ငွေကျန်းခိုးသည် အဆောက်အအုံ တံခါးပေါက်ရှေ့တွင် ရပ်နေ၏။ သူ၏ဝဲယာတွင် တန်းတောင်နှင့်ဖွမ်းတောင်းက ဓားကိုင်လျက်ဖြင့် ရပ်နေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူများသည် လီမုန်ကျင်း သွားရာသို့ ဝိုင်း၍ လိုက်သွားသည်။



သို့သော် မည်သူကမျှ ဝိုင်းရံတိုက်ခိုက်ခြင်း မပြုတော့ပါ။

လီမုန်ကျင်းသည် ငွေကျန်းခိုးနှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် ရပ်တန့်သည်။ အားလုံးသောလူများသည် လီမုန်ကျင်းအား တအံ့တသြ ကြည့်နေကြသည်။

သူတို့သည် အကယ်၍ နောက်သို့လှည့်ကြည့်ကြမည်ဆိုလျှင် အဆောက်အအုံနှင့် ခတ်စပ်စပ်အကွာရှိ သစ်ပင်တစ်ပင်ပေါ်တွင် လူရိပ်တစ်ခု ရောက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

သို့သော် ယခုမှာမူ သူတို့သည် တစ်ကိုယ်တည်း ဤနေရာသို့ ရောက်လာဝံ့သော လီမုန်ကျင်းအား လူသေတစ်ယောက်ကို ကြည့်သည့် အကြည့်ဖြင့် ကြည့်နေကြသောကြောင့် သစ်ပင်ပေါ်မှ လူတစ်ယောက်ရောက်နေသည်ကို မည်သူကမျှ သတိမထားမိပါ။

❑

ငွေကျန်းခိုးက လက်ပိုက်၍ လီမုန်ကျင်းအား အေးစိမ့်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

www.burmeseclassic.com

"မင်းကိုး"

လီမုန်ကျင်းက ...

"ကျုပ်ကို မှတ်မိတာ ဝမ်းသာပါတယ်"

ဝေ့ကျန်းခုံးက မဲ့ပြုံး ပြုံးလိုက်သည်။

"ဝမ်းသာမနေနဲ့ဦး။ မင်း ဒီကိုလာတာဟာ သေလူတစ်ယောက်ဖြစ်နေပြီဆိုတာကို နားလည်ထားစေချင်တယ်"

လီမုန်ကျင်းကလည်း မဲ့ပြုံး ပြုံးလိုက်သည်။

"ကျုပ်ကလည်း ခင်ဗျားကို လူသေတစ်ယောက်လို့ပဲ ထင်ထားပါတယ်"

"ထားပါတော့လေ၊ မင်း ဒီကို ဘာအကြောင်းကြောင့် လာတာလဲ ပြော"

လီမုန်ကျင်းက လက်နှစ်ချောင်းထောင်ပြလိုက်သည်။

"အကြောင်းနှစ်ခုရှိတယ်၊ သေသေချာချာနားထောင်"

ဝေ့ကျန်းခုံးက ...

"ပြောစရာရှိတာကို မြန်မြန်ပြော၊ တော်ကြာ ငါ စိတ်မထိန်းဘဲ သတ်မိလိုက်ရင် ပြောခွင့်မရဘဲနေမယ်"



လီမုန်ကျင်း ...

"ပထမအကြောင်းကတော့ သံမဏိမျက်နှာအတွက် လက်စားလာချေတာ"

သစ်ပင်ပေါ်၌ ရောက်ရှိလာသော လူရိပ်သည် ထိုစကားကြားလိုက်ရသောအခါ ခန္ဓာကိုယ် မသိမသာ တုန်ခါသွားလေသည်။

ဝေ့ကျန်းခုံးက ရယ်မောလိုက်သည်။

"မင်းက ငါ့ကို ကျေးဇူးတင်ရမယ့်အစား သူ့အတွက် ငါ့ကို လက်စားလာချေတယ်ဆိုတော့ မင်း ခေါင်းမှ ကောင်းသေးရဲ့လား"

လီမုန်ကျင်းက ...

"ကျုပ် ပြောပြမယ်၊ သံမဏိမျက်နှာဟာ ကျုပ်ရန်သူ ဖြစ်ပေမယ့် သူ့ရဲ့စိတ်နေစိတ်ထားက ခင်ဗျားလို အသုံးမကျတဲ့ယောက်ျားထက် အများကြီး လေးစားဖို့ ကောင်းတယ်"

သူက စကားဆက်လိုက်သည်။

"ခင်ဗျား ဘယ်လောက်ယုတ်မာတယ်၊ ဘယ်လောက် ရက်စက်တယ်၊ စိတ်ထား ဘယ်လောက်အောက်တန်းကျတယ်ဆိုတာ မိုင်းလောကတစ်ခုလုံးမှာ သတင်းပျံ့နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

ဇော်ကျန်းခုံးက ဒေါသတကြီး အော်ငေါက်လိုက်သည်။

လီမုန်ကျင်းက ...

"စိတ်ချ၊ ခင်ဗျားလို လူယုတ်မာနဲ့လည်း စကားမပြောပါဘူး၊ ဒါပေမဲ့ ... ပြောစရာရှိတာတော့ ပြောရဦးမယ်"

သူက လက်နှစ်ချောင်း ထောင်ပြလိုက်သည်။

"ဒုတိယအကြောင်းကတော့ ကျုပ်က သိုင်းလောကအတွက် အခုလို ဆိုးသွမ်းနေတဲ့ လူယုတ်မာကို တုံ့ပြန်ဖို့ပဲ"

"ဟား ဟား ဟား"

ဇော်ကျန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။

"မင်းပြောတဲ့စကားတွေက တကယ်တော့ သိပ်ကို ရယ်စရာကောင်းပါတယ်"

လီမုန်ကျင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ရယ်စရာကောင်းမယ်ထင်ရင် မှားမှာပေါ့၊ တော်ကြာ ခင်ဗျား ငိုရမှာပါ"

ဇော်ကျန်းခုံးက ...



"ကဲ ... မင်းက ငါ့ကိုသတ်ဖို့ လာတယ်ဆိုရင် ငါ ဒီမှာရှိနေတယ်၊ ညလောက် သတ်ပါ"

လီမုန်ကျင်းက ...

"ခင်ဗျားက ယောက်ျား၊ ကျုပ်လည်း ယောက်ျား။ ယောက်ျားဆိုတာ သတ္တိရှိရမယ်၊ ဆင်းခဲ့ပါ။ ခင်ဗျား ကျုပ်ကို သတ်နိုင်ရင် သတ်၊ ကျုပ်နိုင်ရင်တော့ ခင်ဗျားကို သတ်မှာပဲ"

ဇော်ကျန်းခုံးက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မင်းတတ်ထားတဲ့ မတောက်တခေါက် သိုင်းပညာနဲ့ ငါ မယှဉ်ချင်ပါဘူး။ တော်ကြာ ... ငါက လူကြီးဖြစ်ပြီး လူငယ်ကို အနိုင်ကျင့်တယ်လို့ ပြောလိမ့်မယ်၊ ဒါကြောင့် ... ငါ့တပည့်တွေနဲ့ တစ်ပွဲလောက် စမ်းလိုက်ပါ။ သူတို့ကိုနိုင်ရင်တော့ ငါနဲ့ တွေ့မှာပဲ"

သူက စကားဆုံးသွားသည်နှင့် လက်ခုပ်တစ်ချက် တီးလိုက်သည်။

အနက်ရောင်ကိုယ်ကျပ်ဝတ်ဆင်ထားပြီး အနီရောင်ပဝါဖြင့် ခေါင်းပေါင်းထားသော လူခယ်ယောက်သည် အဆောက်အအုံထဲမှ ပြေးထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အစိမ်းရောင် ဝတ်ဆင်ထားသောလူများ နောက်ခပ်လှမ်းလှမ်းသို့ ဆုတ်သွားလေသည်။

ထိုဓားသမား ဆယ်ယောက်သည် လီမုန်ကျင်းအား ဝိုင်းရံထားလိုက်ကြသည်။

❑

လီမုန်ကျင်းသည် ထိုလူဆယ်ယောက်အား အကဲခတ်ကြည့်လိုက်သည်။

သူတို့သည် အဆင့်မြင့်ဓားသမားများ မဟုတ်သော်လည်း ပေါ့ပေါ့တန်တန် သဘောထား၍မရမှန်း နားလည်ထားလေသည်။

ထို့ကြောင့် သူက ဓားထုတ်လိုက်သည်။

ထိုလူဆယ်ယောက်က ရုတ်တရက် လီမုန်ကျင်းအား တိုက်ခိုက်လိုက်သည်။

သူတို့၏တိုက်ခိုက်မှုသည် လုံးဝအေးအသံမပေးဘဲ လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။



သူတို့၏တိုက်ခိုက်မှုနည်းစနစ်ကြောင့် သိုင်းသမားများစွာ အသက်ခံရခြင်းဖြစ်သည်။

လီမုန်ကျင်းက သူတို့အပေါ် သတိကြီးစွာ အာရုံထားသဖြင့် သူတို့၏အသံမဲ့တိုက်ခိုက်မှုကို လုံးဝမမှုဘဲ တုံ့ပြန်တိုက်နိုင်ခဲ့သည်။

တိုက်ပွဲသည် တစ်မုဟုတ်ချင်း ပြင်းထန်လာသည်။

တစ်ခဏအကြာတွင် ဓားသမားဆယ်ယောက်တို့သည် တစ်ဝက်ခန့်မှာ ဒဏ်ရာရရှိသွားသည်။

ငွေကျွန်းစုံးက မျက်မှောင်ကြုတ်သွားသည်။

"ဖျောင်း ဖျောင်း"

သူက လက်ခုပ်တီးလိုက်သည်။

အလားတူပင် ဓားသမားဆယ်ယောက် ထပ်မံပြေးထွက်လာပြီး လီမုန်ကျင်းအား ဝိုင်းရံတိုက်ခိုက်လိုက်သည်။

ပထမအသုတ်ဖြစ်သော ဓားသမားဆယ်ယောက်မှာ ဒဏ်ရာရသူရော မရသူပါ အားလုံးဆုတ်သွားသည်။

လီမုန်ကျင်းက စကားတစ်ခွန်းမျှ မပြောဘဲ ဆက်လက်တိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် ငွေကျန်းခုံး၏လက်ခုပ်သံ ထပ်၍ကြားလိုက်ရပြန်သည်။

"ဖြောင်း ဖြောင်း"

စားသမားဆယ်ယောက် ပြေးထွက်လာပြန်သည်။

သူတို့သည် ဝင်ရောက်လာသည်နှင့် တိုက်ခိုက်နေသော စားသမားဆယ်ယောက်က ဆုတ်ခွာသွားပြန်သည်။

လီမှန်ကျင်းသည် ငွေကျန်းခုံး၏ကောက်ကျစ်ယုတ်မာသော တိုက်ခိုက်ရေးပရိယာယ်ကို နားလည်လိုက်သည်။

သူက အံကို တင်းတင်းကြိတ်ကာ တုံ့ပြန်တိုက်ခိုက်လိုက်ပြန်သည်။

ဤသို့ဖြင့် ထမင်းတစ်အိုးကျက်ခန့် အချိန်ကုန်သွားသော အခါ စားသမားများသည် လူငါးဆယ်တိတိ အပြောင်းအလဲ လုပ်ကာ တိုက်ခိုက်နေသည်။

လီမှန်ကျင်းသည် စားသမားများကို ဒဏ်ရာများစွာ ရစေအောင် တိုက်ခိုက်နိုင်သည်။

စားသမားရှစ်ယောက်ခန့် သေဆုံးသွားသည်။



သို့သော် စားသမားများ မကုန်နိုင်ပေမယ့် အလှည့်ကျ တိုက်ခိုက်ခြင်းခံရသဖြင့် အချိန်ကြာလာသောအခါ သူက မောပန်းလာသည်။

ငွေကျန်းခုံးသည် ပြုံးစိစိဖြင့် လီမှန်ကျင်းအား အတန်ကြာ ကြည့်နေသည်။

သူ၏အကြည့်မှာ လူသေတစ်ယောက်အား ကြည့်နေသည့် အလား ကြည့်နေသည်။

ထိုအချိန်မှာပင် လူရိပ်တစ်ခုက မဲထဲမှာ ပုန်းပြီး ဝိုင်းနေရသော လီမှန်ကျင်း၏ကျောဘက်သို့ ကျသွားတော့သည်။

ထိုလူသည် လီမှန်ကျင်းနှင့်ကျောချင်းကပ်၍ စားသမားများကို တိုက်ခိုက်လိုက်ရာ ထိုလူ၏စားမျက်မှာလည်း အလွန်ထိရောက်လှပေသည်။

ဤအကြိမ်တွင် နောက်ဆုံးရောက်လာသော စားသမားဆယ်ယောက်မှာ သေးအိုင်ထဲသို့ လဲကျသေဆုံးသွားလေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ခံလိုက်ရသောကြောင့် ဝေကျန်းခုံးက အံ့ဩ လွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လီမုန်ကျင်းနှင့် လာရောက်ကူညီသောလူသည် ဝေကျန်းခုံး နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"သံမဏိမျက်နှာ"

လီမုန်ကျင်း၏အသံနှင့် ဝေကျန်းခုံး၏အသံ ရောယှက် ထွက်သွားလေသည်။

သံမဏိမျက်နှာက ...

"ဟုတ်ပါတယ် ... ရှင် အံ့ဩသွားသလား"

ဝေကျန်းခုံးက ခေါင်းခါယမ်းလိုက်သည်။

"မင်းက သံမဏိမျက်နှာမဟုတ်ဘူး၊ သံမဏိမျက်နှာ သေ သွားတာကို ငါကိုယ်တိုင် တွေ့လိုက်တယ်"

သံမဏိမျက်နှာက သူမ၏မျက်နှာဖုံးကိုချွတ်၍ လွှင့်ပစ် လိုက်သည်။

"ရိုလန်"



"ဓားကလျာ"

ဝေကျန်းခုံးနှင့်လီမုန်ကျင်းတို့က ပြိုင်တူပင် အသံထွက် သွားကြသည်။ ထိုမိန်းကလေးမှာ သံမဏိမျက်နှာတဖြစ်လဲ ဓား ကလျာပင် ဖြစ်နေလေသည်။ ဝေကျန်းခုံးက ငေးငိုင်သွားလေသည်။

"နင့်အိမ်ကို ငါလာခဲ့တုန်းက နင့်မျက်နှာက ကျောက်ပေါက် တွေဖြစ်နေတာကို ငါမေးတော့ နင်က ကျောက်ပေါက်ရောဂါရထား လို့ ပြောတယ်၊ အဲဒီမိန်းကလေးက ဘယ်သူလဲ"

ရိုလန်က သူမအိတ်ထဲမှ ပါးလွှာသော မျက်နှာဖုံးတစ်ခုကို မျက်နှာပေါ်တွင် စွပ်လိုက်သည်။

"နင်တွေ့တာ ဒီမျက်နှာ မဟုတ်လား"

ဝေကျန်းခုံးက ဒေါသချောင်းချောင်း ထွက်လာသည်။

"နင် ငါ့ကို အမျိုးမျိုး ကလိန်ကျနေတာပဲ၊ နင့်ကို ငါ သတ် မယ်"

သူက မတ်တတ်ရပ်လိုက်ပြီး အမိန့်ပေးလိုက်သည်။

"သွေးသောက်တို့ ဒီယုတ်မာတဲ့ ယောကျ်ားနဲ့မိန်းမကို အသေရရ အရှင်ရရ တိုက်ကြ"

www.burmeseclassic.com

www.burmeseclassic.com



သူက အမိန့်ပေးပြီးသည်နှင့် စွမ်းတောင်းထံမှဓားကို လှမ်းယူပြီး ရိုလန်အား တိုက်ခိုက်လိုက်သည်။

တန်းတောင်းနှင့်စွမ်းတောင်းက လီမှန်ကျင်းအား တိုက်ခိုက်လိုက်သည်။

နှုတ်ခမ်းမွှေးတို့လေးယောက်ကလည်း ဓားကိုယ်စီဖြင့် ဝင်ရောက်တိုက်ခိုက်လေသည်။

ထို့အပြင် အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားကြသော ဂိုဏ်းသားများတို့သည် ဓားလှံစသည့်လက်နက်များကို ကိုင်ကာ ဝင်ရောက်တိုက်ခိုက်ကြလေသည်။

တိုက်ပွဲကား ပြင်းထန်လှပေသည်။

❑❑❑



## အခန်း (၃၃)
## ပန်းကြွေအပ်

ရွှေကျားသစ်ဂိုဏ်းသားများတို့သည် တဖြည်းဖြည်း စုရုံးရောက်ရှိလာကြပြီး လီမှန်ကျင်းနှင့်ရိုလန်တို့အား အထပ်ထပ်ဝိုင်းထားကြလေသည်။ လီမှန်ကျင်းက ထိတ်ခနဲဖြစ်သွားလေသည်။

မိမိတတ်ထားသော သိုင်းပညာရပ်များကို ကောင်းစွာ ယုံကြည်သည်။

ထို့နည်းတူစွာ ရိုလန် (ခေါ်)ဓားကလျာမှာလည်း ဓားပညာမညံ့ကြောင်း သိထားပြီး ဖြစ်လေသည်။

သို့သော် အဆမတန် များပြားလှသော ဂိုဏ်းသားများ၏ ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် အချိန်ကြာသွားလျှင် ရန်သူဓားသမားများ၏ဓားချက်ဖြင့် ဒုက္ခရောက်သွားနိုင်သည်ကို နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက ကိုယ်ဖော့ပညာ တတ်တယ်၊ သူတို့ကို မနိုင်တောင် ကိုယ့်အသက်ကို အကာအကွယ်ပေးနိုင်တယ်၊ ထွက်ပြေးမယ်ဆိုရင်လည်း ထွက်ပြေးနိုင်တယ်၊ ခက်တာက ဓားကလျာကို ငါ ပစ်သွားလို့ မရဘူး"

သူက ရန်သူအား တိုက်ခိုက်ရင်း စဉ်းစားဆင်ခြင် သုံးသပ်နေသည်။ ငွေကျန်းခုံး၏အားထားရသော တပည့်များမှာလည်း အလယ်လမ်းကြောင်းမှ ထိုးဖောက်ရန် ကြိုးစားနေကြသည်။

လီမုန်ကျင်းသည် အလွန်စိုးရိမ်သွားလေသည်။

"ငွေကျန်းခုံးတို့လူစုက အလယ်လမ်းကြောင်းက ဖောက်ဝင်လာပြီး ငါနဲ့ ဓားကလျာဟာ တစ်ပိုင်းစီ ကွဲသွားရင် မုချ ဒုက္ခရောက်မှာ သေချာတယ်"

ယခု သူ့မှာ လမ်းတစ်ခုသာ ရှိတော့သည်။

သူက ထွက်ပြေးလွတ်မြောက်နိုင်ရန်သာ ကြိုးစားရတော့မည် မဟုတ်ပါလား။ အကယ်၍ ဓားကလျာက ထွက်ပြေးမည်ဆိုလျှင်လည်း အသေခံတိုက်ခိုက်သည်ထက် အကျိုးရှိမည်ဟု သူက စဉ်းစားမိလာသည်။



ထို့ကြောင့် သူက ဓားကလျာဘက်သို့ လှည့်ပြောလိုက်သည်။

"ဓားကလျာ ... ရန်သူက ယုတ်မာနေတယ်၊ ခင်ဗျား လွတ်အောင် ပြေးပါ"

"ရှင်ကော"

သူမက ပြန်မေးလိုက်သည်။

လီမုန်ကျင်းက ...

"ကျုပ်အတွက် မပူနဲ့၊ ဒီလူတွေလက်က လွတ်အောင် ပြေးနိုင်ပါတယ်"

ဓားကလျာက ...

"ကောင်းပြီ၊ ကျွန်မက ပန်းကြံအစ်ချောင်းလေးနဲ့ သူတို့ကို တားထားမယ်၊ ရှင် လွတ်အောင်ပြေး"

လီမုန်ကျင်းက ...

"ကျုပ်အတွက် မပူနဲ့၊ ခင်ဗျားသာ လွတ်အောင်ပြေး"

"ဟား ဟား ဟား"

ငွေကျန်းခုံးက အားရပါးရ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးယဉ်မနေနဲ့၊ ဘယ်သူမှ ပြေးမလွတ်ဘူး"

ဓားကလျာက ပြုံးလိုက်သည်။

"ကြည့်ကြသေးတာပေါ့ ... သတိထား"

သူမ စကားဆုံးသွားသည်နှင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။ နေရောင်ခြည်အောက်တွင် အပ်ချောင်းလေးများသည် ဝင်းလက်တောက်ပသွားပြီး ပလူပျံသွားသည်။

"အား"

"အား"

"အား"

ဓားသမားများ အော်သံသည် အဆက်မပြတ်ထွက်ပေါ်လာသည်။ သူတို့၏ရင်ဘတ်နှင့် မျက်နှာ၊ နဖူး၊ လက်မောင်း၊ ဦးခေါင်း ခြေထောက်များတွင် ငွေရောင်အပ်များ စူးဝင်သွားသည်။

အပ်ကလေး စူးဝင်သွားသော နေရာတိုင်းမှာလည်း သေကြောနေရာနှင့် မလွဲပါ။

ထို့ကြောင့် ... တစ်ယောက်ပြီး တစ်ယောက် လဲကျသွားလေသည်။



ကျန်ရှိသော ဓားသမားများက ရှေ့သို့ မတိုးဝံ့တော့ဘဲ နောက်သို့ဆုတ်သွားလေသည်။ လီမုန်ကျင်းက ဝမ်းသာသွားသည်။

"ဓားကလျာက တယ်ဟုတ်ပါလား"

ဝှေကျန်းစုံးမှာမူ အလွန်ဒေါသကြီးလာသည်။

"ဟေ့ ... မင်းတို့ ဘာငေးနေကြလဲ သူတို့ အပ်ချောင်းက ဒီလောက်ပဲ ရှိတယ်၊ မလွတ်စေနဲ့ ဝိုင်းထား"

ဓားသမားအချို့သည် အပ်ထိမှန်၍ လဲကျနေသော ဂိုဏ်းသားများကို ဆွဲထုတ်သွားသည်။

ထို့နောက် လီမုန်ကျင်းနှင့်ဓားကလျာတို့အား ထပ်မံဝိုင်းရံထားလိုက်လေသည်။ သို့သော် သူတို့သည် ရှေ့သို့ မတိုးဝံ့တော့ဘဲ တွန့်ဆိုင်းသွား၏။ ဓားကလျာက လီမုန်ကျင်းအား သတိပေးလိုက်၏။

"ပြေးတော့ ... အခွင့်အရေးလွတ်သွားရင် ပြေးလို့ရမှာ မဟုတ်တော့ဘူး"

လီမုန်ကျင်းက ...

"ခင်ဗျား အရင်ပြေး၊ ကျုပ်အတွက် မစိုးရိမ်နဲ့"

ဓားကလျာက လက်မခံပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဒီကိစ္စမှာ ဘာတာဝန်မှမရှိဘူး၊ ကျွန်မက ဆရာ့ရဲ့ အမိန့်ကို အသက်စွန့်ပြီး ဖြစ်အောင် ကြိုးစားရမှာ"

ဓားကလျာ၏အသံမှာ ပြတ်သားလှပေသည်။

လီမုန်ကျင်းက ...

"ဓားကလျာ ... ခင်ဗျား တော်တော်ခက်ပါလားဗျာ"

သူတို့က ရန်သူကို တိုက်ခိုက်ရင်း အပြန်အလှန် ပြောနေကြစဉ် ဖေ့ကျန်းခုံး၏အသံ ဟိန်းထွက်လာသည်။

"မင်းတို့ ကြောက်မနေကြနဲ့၊ သူတို့မှာ အပ်ချောင်းမရှိတော့ဘူး၊ လွတ်မသွားအောင် ဝိုင်းထားကြ"

ဓားသမားများ အားတက်လာကြသည်။

သူတို့သည် ညာသံပေး၍ လီမုန်ကျင်းနှင့် ဓားကလျာတို့အား အထပ်ထပ် ဝိုင်းရံထားလိုက်ပြန်သည်။

လီမုန်ကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါ့စကား နားမထောင်ဘဲ ဓားကလျာ၊ အခုတော့ ထွက်ပြေးနိုင်ဖို့ အခွင့်အရေးလွတ်သွားပြီ"

ဓားကလျာက ...



"ဒီမှာဖြစ်နေတဲ့ အခြေအနေက နှစ်ယောက်ထဲက တစ်ယောက်ပဲ လွတ်နိုင်တယ်၊ ဒါကြောင့် ရှင့်ကို ပြေးခိုင်းတာ"

ဖေ့ကျန်းခုံးက မတိုက်ခိုက်တော့ဘဲ လက်ပိုက်၍ ကြည့်နေလိုက်သည်။

"ပြေးမနေကြနဲ့၊ မင်းတို့ တစ်ယောက်မှ မလွတ်တော့ဘူး"

သူက ထပ်မံ၍ အမိန့်ပေးလိုက်သည်။

"ဟေ့ ... မင်းတို့ အဲဒီကောင်ကို သေအောင်သတ်၊ ကောင်မလေးကိုတော့ ချန်ထား၊ အရှင်လိုချင်တယ်၊ တာဝန်ကျေရင် မင်းတို့ကို ဆုတွေပေးမယ်"

ဝိုက်းသားများ၏ဝမ်းသာသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

"ဟေး"

သူတို့က အစွမ်းကုန် ဖိ၍တိုက်ခိုက်လိုက်သည်။ ထိုအချိန်မှာပင် မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများသည် ဝိုး၍ ဝိုး၍ ဆူညံစွာ ထွက်ပေါ်လာသည်။

တိုက်ပွဲမှာ ပြင်းထန်လှသောကြောင့် သူတို့သည် မြင်းခွာသံကို ကြားနေရသော်လည်း အာရုံမစိုက်နိုင်ပါ။

သဲသဲမဲမဲတိုက်ခိုက်နေသော ဝေကျွန်းခုံးမှာမူ အလွန်အံ့ဩသည့်အကြည့်ဖြင့် တောင်တက်လမ်းဘက်သို့ ကြည့်လိုက်သည်။

မည်သူများ တောင်ပေါ်သို့ တက်လာပါသနည်း။

ရန်သူလော။ မိတ်ဆွေလား။

သူက ဝေခွဲ၍ မရဘဲဖြစ်နေစဉ် အဖြူရောင် မြင်းတစ်ကောင်သည် စတင်ပေါ်လာသည်ကို တွေ့မြင်လိုက်ရသည်။

မြင်းပေါ်၌ ဗိုလ်မှူးကလေးတစ်ယောက် ပါလာသည်ကို တွေ့မြင်လိုက်ရသည်။ သူက ထိတ်လန့်သွားသည်။

တောင်ပေါ်သို့ တက်လာကြသောလူများသည် နေပြည်တော်မှ မြင်းသည်တော်များဖြစ်သည်ဟု သူက ချက်ချင်း သိရှိလိုက်သည်။



သူက စဉ်းစားနေစဉ်မှာပင် မြင်းသည်တော်များသည် တောင်ပေါ်သို့ ရောက်ရှိလာပြီး ရွှေကျားသစ်ဂိုဏ်းသားများနှင့် ဓားသမားများအား ဝိုင်းရံ၍ တိုက်ခိုက်လိုက်သည်။

ရွှေကျားသစ်ဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြသည်။

မြင်းသည်တော်များသည် တိုက်ခိုက်ရင်း အားလုံးကို ဝိုင်းရံထားလိုက်သည်။

မြင်းပေါ်မှ ဗိုလ်မှူးကလေးက အသံကျယ်လောင်စွာဖြင့် အော်လိုက်သည်။

"မသေချင်ရင် လက်နက်ချပြီး အညံ့ခံပါ၊ ဒါမှ မဟုတ်ရင် အားလုံးကို သတ်ပစ်မယ်"

ရွှေကျားသစ်ဂိုဏ်းသားများမှာ ဓားသမားများသည် မြင်းသည်တော်များကို မခုခံဝံ့သဖြင့် ဓားကို ပစ်ချလိုက်ပြီး အညံ့ခံလိုက်ကြသည်။

တိုက်ပွဲရပ်တန့်သွားသောအခါ ဓားကလျှာ၏အသံကို တိုးတိုးလေး ထွက်ပေါ်လာသည်။

"ဟောတော် ... လူယုတ်မာ ထွက်ပြေးသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းက မြင်းသည်တော်များကို ငေးကြည့်နေရာမှ ဓားကလျာ၏အသံကို ကြားလိုက်ရသောအခါ ဝေကျန်းခုံးအား သတိရလာသည်။ ဓားကလျာက အသံတိုးတိုးဖြင့် ...

"ဝေကျန်းခုံးနောက်လိုက်သွားမယ် မြန်မြန်၊ တော်ကြာ မြင်းသည်တော် တွေ့သွားရင် တို့လည်း လွတ်မှာမဟုတ်ဘူး"

စကားဆုံးသွားသည်နှင့် သူမသည် ဓားသမားများနှင့် ဂိုဏ်းသားများ လက်နက်ချနေသည့်ကြားမှ တိုးဝင်သွားပြီး ထွက်ပြေးသွားသည်။

လီမုန်ကျင်းကလည်း ကိုယ်ဖော့ပညာကိုသုံးကာ နောက်မှ လိုက်သွားတော့သည်။

သူတို့သည် အဆောက်အဦ၏နောက်ဘက်သို့ ရောက်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး ဟာလာဟင်းလင်း ဖြစ်နေသည်ကိုသာ တွေ့ရသည်။

ဝေကျန်းခုံး၏အရိပ်ကိုပင် မမြင်တွေ့ရတော့ပါ။

❑



လီမုန်ကျင်းနှင့်ဓားကလျာတို့သည် ထိုနေရာတစ်ဝိုက်တွင် လိုက်လံရှာဖွေနေကြသည်။

သို့သော် ဝေကျန်းခုံး၏အရိပ်အယောင်မျှပင် မတွေ့ရတော့ပါ။ ဓားကလျာက ခြေပစ်ချက် ဆောင့်လိုက်သည်။

"ဒီလူယုတ်မာကို လွှတ်ထားလို့ မရဘူး၊ သူမသေရင် တစ်နေ့နေ့တစ်ချိန်ချိန် ပြည်သူတွေကို ဒုက္ခပေးဦးမှာပဲ"

လီမုန်ကျင်းက ...

"သူက ဒီတောင်ပေါ်မှာ နေမှာမဟုတ်ဘူး၊ သူ့ကို မတွေ့ရင် မိုလ်မျိုးကလေးက ခြေလှန်ရှာမယ်ဆိုတာ သူသိပါတယ်"

ဓားကလျာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လီမုန်ကျင်းက ...

"သူ ပြေးမယ့်လမ်းဟာ ဒီတောင်ဆင်းတစ်ခုပဲ ရှိတယ်၊ ဒါကြောင့် တို့ ဒီလမ်းကနေ လိုက်သွားရင် ကောင်းမယ်ထင်တယ်လေ"

ဓားကလျာက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် အဆောက်အအုံ နောက်ဘက်ရှိ တောင်ဆင်းလမ်းအတိုင်း ပြေးဆင်းသွားသည်။

❑

လီမုန်ကျင်းနှင့်ဓားကလျာတို့သည် တောင်အောက်သို့ ရောက်ရှိသွားသောအခါ လမ်းခွဲ၍ ရှာဖွေကြသည်။

ရုတ်တရက် တောင်ခြေရင်းတွင် လူသံသူသံကို ကြားလိုက်ရလေသည်။ သူတို့နှစ်ယောက်သည် ကျောက်တုံးတစ်တုံး၏နောက်သို့ ဝင်ရောက်ပုန်းအောင်းလိုက်ပြီး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

တောင်ခြေရင်းတစ်ဝိုက်တွင် ကျောက်တုံး၊ ကျောက်ဆောင်များ ပြည့်ကျပ်နေသဖြင့် အသံသာ ကြားရသည်။ လူကိုမတွေ့ရပါ။ ဓားကလျာက ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် သစ်ပင်တစ်ပင်ပေါ်သို့ လျှားခနဲ ခုန်တက်လိုက်သည်။ တစ်ခဏအကြာတွင် သူမက ပြန်ဆင်းလာသည်။



လီမုန်ကျင်းက ဆီး၍မေးလိုက်သည်။

"လူကို တွေ့ခဲ့ရဲ့လား"

ဓားကလျာက ခေါင်းညိတ်လိုက်သည်။

"တောင်အောက်တစ်ခုလုံးမှာ မြင်းသည်တော်တွေ စိုင်းထားတာတွေ့ရတယ်"

"ဒါဖြင့် ဝေကျွန်းခုံးက ဒီနားတစ်ဝိုက်မှာပဲ ရှိဦးမယ်"

"ဟုတ်တယ်"

"ငါတို့လည်း လုံခြုံတဲ့နေရာ တစ်နေရာရှာပြီး ပုန်းနေမယ်၊ မြင်းသည်တော်တွေ ထွက်သွားမှ လှုပ်ရှားလို့ရမယ်"

"ဒီအကြံ ကောင်းတယ်"

လီမုန်ကျင်းက ပြုံးလိုက်သည်။

"ဒီတစ်ကြိမ်တော့ သူ မလွတ်နိုင်ပါဘူး"

သူတို့နှစ်ယောက် လုံခြုံသည့်နေရာသို့ လိုက်လံရှာဖွေကြလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



ဆူညံသောအသံများသည် တဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေသည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားပေသည်။

လီမုန်ကျင်းနှင့်ဓားကလျာတို့သည် သံသယဖြစ်ဖွယ်ရာရှိသော နေရာများသို့ လိုက်၍ရှာဖွေရာ ဝှေကျန်းခုံးအား လုံးဝမတွေ့ရတော့ပါ။

ထိုနေရာတစ်ဝိုက်တွင် ကျောက်တုံးများ အရွယ်အစားစားရှိသည်။

ကျောက်တုံး တစ်တုံးနှင့်တစ်တုံး နီးနီးကပ်ကပ် မရှိသောကြောင့် ထိုကျောက်တုံးကြားမှာလည်း ပုန်းကွယ်နိုင်သောနေရာဟူ၍ လုံးဝမရှိပါ။

တောင်ခြေရင်းဘက်တွင်လည်း ချောက်ကမ်းပါးသာ ရှိနေသဖြင့် ဝှေကျန်းခုံးသည် ချောက်ကမ်းပါးထဲသို့ ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မည့်လူစား မဟုတ်ပါ။

ဤသို့ဆိုလျှင် ဝှေကျန်းခုံးတစ်ယောက် မည်သည့်နေရာသို့



ရောက်ရှိနေပါသနည်း။ သူတို့နှစ်ယောက်သည် အစွမ်းကုန်ရှာ‌ဖွေသော်လည်း မတွေ့ရသောကြောင့် စိတ်ပျက်သွားသည်။

ဓားကလျာက အလွန်ခံပြင်းနေသည်။

"သူထွက်သွားတာ ကျွန်မအဖို့ သိပ်ပြီးနစ်နာတယ်"

လီမုန်ကျင်းက နှစ်သိမ့်လိုက်သည်။

"ဒီလောက်လည်း စိတ်မလောပါနဲ့၊ အခု သူတစ်ယောက်တည်းပဲ ကျန်တော့တယ်၊ သူ့ကိုဖမ်းဖို့ မခက်ပါဘူး"

ဓားကလျာက သက်ပြင်းချလိုက်သည်။

"အခု ... ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"အသံဗလ လုံးဝကြားရတော့ဘူး၊ ဒါကြောင့် မြင်းသည်တော်တွေနဲ့ ဝိုက်းသားတွေ ထွက်သွားကြပြီနဲ့ တူတယ်"

"သူ့ကိုရှာဖို့ အဲဒီအဆောက်အအုံတစ်ခုပဲ လိုတော့တယ်"

"ဟုတ်တယ်၊ သွားကြမယ်"

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် သတိကြီးစွာဖြင့် အဆောက်အအုံရှိရာသို့ ချဉ်းကပ်သွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



လီမုန့်ကျင်းသည် အဆောက်အအုံ၏ညာဘက်မှနေ၍ ရှေ့သို့ ချဉ်းကပ်သွားသည်။

ဓားကလျာက ဘယ်ဘက်မှနေ၍ ရှေ့သို့ ချဉ်းကပ်သွားလေသည်။ အဆောက်အအုံတစ်ခုလုံးမှာလည်း တိတ်ဆိတ်နေလေသည်။

သူတို့သည် အဆောက်အအုံရှေ့ဘက်သို့ ပြိုင်တူရောက်ရှိလာသောအခါ တံခါးမကြီးပိတ်ထားသည်ကို တွေ့ရ၏။

တံခါးမကြီးပေါ်တွင် ကြီးမားသော သော့တစ်ချောင်း ခတ်ထားလေသည်။

သက်ဆိုင်ရာအာဏာပိုင်၏အမိန့်စာဖြင့် ချိတ်ပိတ်ထားသည်ကိုလည်း တွေ့လိုက်ရသည်။

ဓားကလျာက လီမုန့်ကျင်းအား လှမ်းကြည့်လိုက်လေတော့သည်။

"အာဏာပိုင်တို့က ချိတ်ပိတ်ထားပြီး အထဲဝင်လို့ မရတော့ဘူး"



လီမုန်ကျင်းက ...

"သူတို့လည်း အတွင်းအပြင်အားလုံး လိုက်ရှာမှာပဲ ပြီးတော့မှ ချိတ်ပိတ်တာပါ။ ဒါကြောင့် ... ငွေကျန်းခုံး ဒီထဲမှာရှိနိုင်မှာ မဟုတ်ဘူး"

ဓားကလျာက ခံပြင်းလာသည်။

"တော်တော် ကောက်ကျစ်ယုတ်မာတယ်"

"သူ လွတ်သွားပြီနဲ့တူတယ်၊ ပြန်ကြစို့"

"ဟုတ်ကဲ့၊ ရှင် ပြန်လို့ရပါပြီ"

"ခင်ဗျားကော"

"ကျွန်မ ဒီမှာပဲ စောင့်နေဦးမယ်"

"ခင်ဗျား စိတ်မလျှော့သေးဘူးလား"

"ဘာပဲဖြစ်ဖြစ် သူ လွတ်မြောက်သွားလည်း ဒီကို တစ်ခေါက်တော့ ပြန်လာမှာ သေချာတယ်"

လီမုန်ကျင်းက သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ... ကျုပ်လည်း ဒီမှာနေခဲ့မယ်၊ သုံးရက်စောင့်မယ်၊ သုံးရက်ကြာမှ မလာရင် ကျုပ်စကားကို နားထောင်ပြီး ဒီကနေ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရမယ်”

ဓားကလျာက အနည်းငယ် စဉ်းစားလိုက်သည်။

ထို့နောက် ခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီလေ”

❑

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းထားသည်။

လီမုန်ကျင်းက ...

“ကဲ ... ကျုပ်တို့ နားခိုဖို့ နေရာရှာရမယ်”

ဓားကလျာက ...

“ရှင်က ပင်ပန်းလှပြီ၊ တစ်နေရာရာမှာ ရှာပြီး အနားယူလိုက်ပါ”

“ခင်ဗျားကော”

“ကျွန်မ မနားချင်သေးဘူး၊ သန်းခေါင်ယံအထိ စောင့်မယ်”

“ကောင်းပြီလေ၊ သန်းခေါင်ယံကျော်ရင် ကျုပ် စောင့်မယ်”



ဓားကလျာက ခေါင်းညိတ်လိုက်သည်။

❑

လီမုန်ကျင်းသည် တစ်ယောက်တည်း ထွက်သွားပြီး ခေတ္တအနားယူနိုင်သောနေရာကို လိုက်လံရှာဖွေလေသည်။

သို့သော် သင့်တော်မည့်နေရာကို ရှာမတွေ့ပါ။

“မထူးတော့ပါဘူး၊ ငါလည်း တစ်ညလုံးမအိပ်ဘဲ စောင့်နေပါ့မယ်လေ”

သူက ယင်းသို့ဆုံးဖြတ်လိုက်ပြီးနောက် ပြန်လှည့်လိုက်၏။ ထိုတခဏ်အချိန်တွင် သူသည် မီးရောင်တစ်ခု လျှပ်တစ်ပြက်လင်းလာပြီး လျှပ်တစ်ပြက် ပျောက်သွားသည်ကို တွေ့မြင်လိုက်သည်။ သူ့ရင်ထဲ တစ်ချက်လှုပ်ရှားသွားသည်။

လျှပ်တစ်ပြက်မီးရောင်ထွက်သွားသည့်နေရာကို သေသေချာချာ မှတ်သားလိုက်၏။ ထို့နောက် ဓားကလျာထံသို့ ပြေးသွား၏။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

## ထူးဆန်းသောမီးရောင်

လီမုန်ကျင်းနှင့်ဓားကလျာတို့သည် မီးရောင်ထွက်ပေါ်လာရာသို့ သတိကြီးစွာဖြင့် တစ်လှမ်းချင်း ချဉ်းကပ်သွားသည်။

သို့သော် မီးရောင်ဟူ၍ လုံးဝမတွေ့ရတော့ပါ။

ဓားကလျာက ...

"ရှင် မီးရောင်တွေ့ခဲ့တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား"

လီမုန်ကျင်းက ...

"ဟုတ်တယ် ... သေချာတယ်"

ဓားကလျာက ...

"ရှင် မြင်တဲ့နေရာကို သေချာမှတ်ထားလား"

"သေချာမှတ်ထားပါတယ်"



သူတို့ စကားပြောနေစဉ် မီးရောင်တစ်ချက် လင်းလာပြန်သည်။ လီမုန်ကျင်းနှင့်ဓားကလျာတို့သည် မီးရောင်ထွက်ပေါ်လာသည့်နေရာသို့ အလျှင်အမြန် လိုက်သွားလေသည်။

မီးရောင်သည် ဆက်လက်လင်းနေ၏။

သူတို့နှစ်ယောက်သည် မီးရောင်ရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။ မီးရောင်က ဖ...င်းမြဲနေ၏။

မီးရောင်လင်းနေသောနေရာသို့ ရောက်ရှိလာသောအခါ သူတို့သည် မမျှော်လင့်ဘဲ လိုဏ်ဂူအပေါက်တစ်ခုသို့ တွေ့မြင်ရသည်။ ထိုမီးရောင်သည် လိုဏ်ဂူထဲမှ ဖြာထွက်နေခြင်းဖြစ်သည်။

ဓားကလျာသည် စိတ်လှုပ်ရှားနေ၏။

သူမသည် ရှေ့မှနေ၍ လိုဏ်ဂူအပေါက်ဝသို့ ချဉ်းကပ်ပြီး သတိကြီးစွာဖြင့် ချောင်းကြည့်လိုက်သည်။

ထိုအခါ သူမ၏နှလုံးခုန်နှုန်းမှာ ရုတ်တရက် အခုန်ရပ်သွားသည်ဟု ခံစားလိုက်ရသည်။ ထိုလိုဏ်ဂူသည် ပေငါးဆယ်ခန့် ရှည်သည်။ လူတစ်ယောက်သည် ကျောက်ခုံတစ်ခုပေါ်တွင် တင်ပျဉ်ခွေထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလှူမှာ သူတို့လိုက်ရှာနေသော ဝေ့ကျန်းခုံးပင် ဖြစ်နေလေသည်။ သူမက လှုပ်ရှားနေသောစိတ်ကို ထိန်းချုပ်ပြီး လီမှန်ကျင်းအား အတွင်းသို့ လက်ညှိုးထိုးပြလိုက်သည်။

လီမှန်ကျင်းက ရှေ့သို့တက်၍ စောင်းကြည့်သည်။

သူက ဝေ့ကျန်းခုံးအား မြင်တွေ့လိုက်သည်နှင့် လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်သည်။

ဓားကလျာက တစ်ခဏမျှ ကြောင်အမ်းအမ်းဖြစ်ပြီး လီမှန်ကျင်းနောက်သို့ လိုက်သွားသည်။ လီမှန်ကျင်းသည် လိုဏ်ဂူထဲသို့ ခြေဆယ်လှမ်းခန့် လှမ်းလိုက်ပြီး ရပ်တန့်လိုက်သည်။ ဝေ့ကျန်းခုံးက မျက်စိမှိတ်၍ အတွင်းအားကျင့်စဉ်ကို ကျင့်နေသည်။

"ဝေ့ကျန်းခုံး"

လီမှန်ကျင်းက အသံမာမာဖြင့် ခေါ်လိုက်သည်။ ဝေ့ကျန်းခုံးက မျက်လုံးဖွင့်လိုက်သည်။ သူသည် ပခုံးချင်းယှဉ်၍ ရပ်နေသော လီမှန်ကျင်းနှင့် ဓားကလျာအား ကြည့်၍ ပြုံးပြလိုက်သည်။

"ညီသည်တော်တွေကို ကြိုဆိုပါတယ်ဗျာ"

ဓားကလျာက အံကို တင်းတင်းကြိတ်လိုက်သည်။



"လူယုတ်မာ၊ ဒီမှာ လာပုန်းလို့ လွတ်မယ်ထင်လို့လား"

ဝေ့ကျန်းခုံးက စကားပြန်မပြောပါ။

လီမှန်ကျင်းနှင့် ဓားကလျာတို့သည် သူ့ထံသို့ တစ်လှမ်းချင်း ကပ်သွားသည်။ ဝေ့ကျန်းခုံးက ဟန်မပျက် ထိုင်နေသည်။

လီမှန်ကျင်းနှင့်ဓားကလျာတို့သည် ဝေ့ကျန်းခုံးမှာ အလွန်ကောက်ကျစ်မှန်း သိထားသဖြင့် ဓားကိုယ်စီဆွဲကာ သတိကြီးစွာဖြင့် တစ်လှမ်းချင်း ကပ်သွားလေသည်။

❑

သူတို့သည် ဝေ့ကျန်းခုံးနှင့် ဆယ်ငါးပေခန့်အကွာသို့ ရောက်သောအခါ ...

"ကျွမ်း"

ဟူသောအသံကို ကြားလိုက်ရသည်။ ထိုအသံနှင့်အတူ လီမှန်ကျင်းနှင့်ဓားကလျာရှေ့တွင် သံတိုင်များဖြင့် ပြုလုပ်ထားသော သံပန်းတံခါးတစ်ခုသည် အပေါ်မှ အောက်သို့ ကျလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီမုန်ကျင်းနှင့်ဓားကလျာတို့က ထိုတံခါးကို တွန်းဖွင့်ရန် ကြိုးစားသည်။ သံတံခါးမှာ နိုင်မြဲနေသည်။

လီမုန်ကျင်းက ဒေါသကြီးစွာဖြင့် အော်ဟစ်လိုက်သည်။

"လူယုတ်မာ ... ဒီလိုလုပ်လို့ လွတ်မယ်ထင်လား။ ခင်ဗျားကို ကျုပ်တို့က မီးရှို့သတ်မယ်"

သူက ပြောပြီး ဓားကလျာနှင့်အတူ လိုဏ်ဂူဝသို့ ပြန်လှည့်ထွက်လိုက်သည်။

"ဂျိမ်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြန်သည်။

လိုဏ်ဂူဝတွင်လည်း သံတံခါးတစ်ချပ် ပိတ်သွားလေသည်။

"ဟား ဟား ဟား"

ဇေကျန်းခိုး၏ရယ်မောသံသည် လိုဏ်ဂူတစ်ခုလုံးသို့ ဟိန်းထွက်လာလေသည်။

❑



လီမုန်ကျင်းနှင့်ဓားကလျာတို့သည် ရင်ထိတ်သွားကြလေသည်။ သူတို့သည် ဇေကျန်းခိုး ကောက်ကျစ်စဉ်းလဲမှန်းသိလျက်နှင့် သူဆင်ထားသော ထောင်ချောက်ထဲမှ တိုးဝင်မိသည်ကို နောင်တကြီးစွာ ရရှိလိုက်သည်။ ဇေကျန်းခိုးက ထရပ်လိုက်ပြီး အပျင်းတစ်ချက် ဆန့်လိုက်သည်။

"ကဲ ... မင်းတို့ ဘာပြောချင်သေးလဲ"

လီမုန်ကျင်းက ပါးစပ်ပိတ်ထားလိုက်သည်။ ဓားကလျာက

"အခုကိစ္စက ငါနဲ့နင်နဲ့ဖြစ်တဲ့ကိစ္စ"

သူမက လီမုန်ကျင်းအား လက်ညှိုးထိုးပြလိုက်သည်။

"သူနဲ့ လုံးဝမဆိုင်ဘူး"

ဇေကျန်းခိုးက ရယ်မောလိုက်သည်။

"ဩော် ... ဟုတ်လား၊ ဒါဖြင့် ဘာလို့ အတူလာကြတာလဲ"

ဓားကလျာက ...

"စကားမရှည်နဲ့၊ ငါ့ကို သတ်ချင်သတ်လိုက်၊ သူနဲ့မဆိုင်ဘူး၊ သူ့ကို လွှတ်လိုက်"

ဇေကျန်းခိုးက ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးစပ် ပိတ်ထားလိုက်၊ နင်တို့နှစ်ယောက်စလုံး ငါ့လက်ခုပ်ထဲက ရေဖြစ်နေပြီဆိုတာ နားလည်ထားစမ်းပါ"

သူကပြောပြီး အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။ သို့သော် သူက ဆက်လက်ရယ်မောခြင်း မပြုတော့ဘဲ ရုတ်တရက် တုန့်လှုပ်သွားသည်။

အကြောင်းမှာ လိုဏ်ဂူထဲသို့ အသံတစ်သံ တိုးဝင်လာသည်ကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ဇေ့ကျွန်းခုံး ... မင်းအသက် မသေချင်ရင် ထွက်ခဲ့စမ်း"

❑

ဇေ့ကျွန်းခုံးသည် ထိုအသံကို ကြားလိုက်ရသောအခါ — မျက်နှာတစ်ခုလုံး ဖြူလျော်သွားသည်။

ထိုအသံရှင်၏ခြိမ်းခြောက်စကားကြောင့် မဟုတ်ပါ။



ထိုအသံရှင်၏အသံသည် မာကျောပြီး ထူထဲသော လိုဏ်ဂူထဲသို့ တိုးဝင်လာနိုင်သည့်အပြင် မိမိနားထဲ ဓားပါးလေးတစ်လက် စိုက်ဝင်လာသည့်အလား ခံစားလိုက်ရသောကြောင့် ဖြစ်သည်။

လီမှန်ကျင်းကလည်း အံ့သြနေ၏။ ထိုအသံကို ကြားလိုက်သည်နှင့် သူ့နားထဲတွင် အုန်းခနဲ ခံစားလိုက်ရလေသည်။

ယင်းအသံရှင်၏အတွင်းအားသည် မည်မျှအဆင့်မြင့်သည်ကို အလိုလိုသိရှိလိုက်သည်။ ထိုအချိန်မှာပင် အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဇေ့ကျွန်းခုံး ... မင်း ထွက်လာမလား၊ ငါ ဝင်လာရမလား"

ဇေ့ကျွန်းခုံးက ဤသို့ ဆင်ခြင်သုံးသပ်မိလေသည်။

"ဒီလူက အဆင့်မြင့်သိုင်းပညာရှင်တစ်ယောက်ဖြစ်ရမယ်၊ သူ ဝင်လာရင် ငါ ပြေးပေါက်ရှိမှာ မဟုတ်ဘူး၊ ငါမှာ ထွက်ပြေးဖို့ အခွင့်အလမ်းရှာရမယ်"

သူက ခေါင်းမော့၍ အော်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

အသံရှင်က ...

www.burmeseclassic.com

www.burmeseclassic.com



"သံမဏိယပ်တောင်"

ငွေကျွန်းခုံး၏တစ်ကိုယ်လုံး တုန်ခါသွားသည်။ သံမဏိယပ်တောင်၏အမည်သည် လွန်ခဲ့သောနှစ် (၃၀) ခန့်က လှုပ်လှုပ်လှုပ်တောက်ကျော်ကြားသည်ကို ကြားခဲ့ရဖူးသည်။

သူက အလွန်ကတိတည်သူဟုလည်း ကျော်ကြားခဲ့သူ ဖြစ်သည်။ ငွေကျွန်းခုံးက ...

"လေးစားပါတယ်ဗျာ၊ ကျွန်တော့်အသက်ကို ချမ်းသာပေးမယ်ဆိုတာ တကယ်ပြောတာလား"

သံမဏိယပ်တောင်က ...

"ဘယ်တုန်းက ကတိပျက်ခဲ့ဖူးလဲ"

ငွေကျွန်းခုံးက စိတ်သက်သာရာရသွားသည်။

"ဒါဖြင့် ... ကျွန်တော် လာခဲ့မယ်"

သူသည် နံရံတစ်နေရာသို့ လက်ဖြင့်နှိပ်ရာ သူ၏ခေါင်းပေါ်တွင် အပေါက်တစ်ခုဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သူက အားယူ၍ ခုန်တက်သွားသည်။ လီမုန်ကျင်းနှင့်ဓားကလျာတို့က နားစွင့်နေ၏။ သို့သော် ... မည်သည့်အသံကိုမူ



မကြားရပါ။ သူတို့သည် အံ့သြ၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေစဉ် ငွေကျွန်းခုံး တက်သွားသောအပေါက်မှ လူတစ်ယောက်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

ထိုလူကို မြင်လိုက်ရသောအခါ လီမုန်ကျင်းက အလွန်ဝမ်းသာသွားသည်။

"ညီမလေး"

ဟု လှမ်းခေါ်လိုက်သည်။ ထိုလူမှာ မိန်းကလေးတစ်ယောက်ဖြစ်သည်။ ထိုမိန်းကလေးမှာ မုယုံဟွာပင် ဖြစ်သည်။

မုယုံဟွာသည် သံတိုင်ဘေးမှ ခလုတ်တစ်ခုကို ဆွဲချလိုက်ရာ ထိုသံတိုင်တံခါးသည် အပေါ်သို့ တဖြည်းဖြည်း တက်သွားလေသည်။ လီမုန်ကျင်းနှင့်ဓားကလျာတို့က ကမန်းကတန်း ပြေးထွက်လိုက်ကြသည်။

"အစ်ကို ဘာမှမဖြစ်ဘူးနော်"

လီမုန်ကျင်းက ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမဖြစ်ဘူး။ ညီမလေး ဘယ်တုန်းက ရောက်လာတာလဲ"

www.burmeseclassic.com



မုယုံဟွာက ...

"ဘိုးဘိုးနဲ့အတူ လိုက်လာတာလေ"

လီမုန်ကျင်းက မျက်မှောင်ကြုတ်သွားသည်။

"ဒုက္ခပါပဲ"

"ဘာဖြစ်လို့လဲ"

"အခု ဝေ့ကျန်းခုံးဆိုတဲ့လူဆိုးက အပေါ်ကို တက်သွားတယ်လေ၊ တော်ကြာ သမားတော်ကြီးကို ဒုက္ခပေးမှာစိုးလို့"

မုယုံဟွာက ပြုံးလိုက်သည်။

"မစိုးရိမ်ပါနဲ့၊ ဘိုးဘိုးက သူ့ကို ရဲမက်တွေလက်ထဲ အပ်လိုက်ပါပြီ"

လီမုန်ကျင်းက ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်လို ... သမားတော်ကြီးက ဝေ့ကျန်းခုံးကို ရဲမက်တွေလက်ထဲ အပ်လိုက်တယ် ... ဟုတ်လား"

"ဟုတ်တယ်၊ အစ်ကို ဒီကိုလာမယ်ဆိုတာကို ဘိုးဘိုး သိတာနဲ့ စိတ်မချလို့ ရဲမက်နှစ်ယောက်ကိုခေါ်ပြီး လိုက်လာတယ်လေ။



အစ်ကို ဒီမှာရှိတယ်ကြားလို့ ကျွန်မလည်း အတင်းလိုက်လာတာပေါ့"

ထိုအချိန်တွင် ဓားကလျာက ...

"ညီမလေးရဲ့ဘိုးဘိုးက ဘစ်ချိန်တုန်းက သံမဏိယပ်တောင်ပေါ့ ဟုတ်လား"

မုယုံဟွာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် မမ"

လီမုန်ကျင်းသည် ယခုမှပင် သမားတော်ကြီးမုယုံက တစ်ချိန်တုန်းက လျှမ်းလျှမ်းတောက်ကျော်ကြားသော သံမဏိယပ်တောင်ဖြစ်သည်ကို သိလိုက်ရလေသည်။

"ဒါကြောင့် ငါ့ရဲ့ဒဏ်ရာကိုကြည့်ပြီး ရန်သူက မသတ်ဘဲ အမင်အသက်ချမ်းသာပေးတာလို့ ပြောနိုင်တာကိုး"

ဓားကလျာက ...

"ကဲ ... ကျွန်မတို့ ထွက်ကြရင်ကောင်းမယ်ထင်တယ်"

မုယုံဟွာက ခလုတ်တစ်ခုကို ထပ်မံဆွဲလိုက်ရာ ...

လိုဏ်ဂူအပေါက်တွင် ပိတ်ထားသော သံတံခါးသည် ပြန်လည် ပွင့်သွားသည်။ လီမုန်ကျင်းက သူမအား ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီခလုတ်တွေကို ညီမလေးက ဘာကြောင့် သိထားတာလဲ"

မုယ့်ပွာက ပြုံးလိုက်သည်။

"ဘိုးဘိုးကမေးတော့ ဇေကျွန်းခုံးက ပြောရတာပေါ့"

သူမက ဓားကလျာအား လှည့်၍မေးလိုက်သည်။

ဓားကလျာက ...

"ရိလန်ပါ"

ဤသို့ဖြင့် သူတို့သုံးယောက်သည် လိုဏ်ဂူထဲမှ ထွက်လာကြသည်။

❑

ကောင်းကင်တစ်ခုလုံး မိုးသောက်အရုဏ်ခြည် ထွက်ပေါ်လာသည်။

ဓားကလျာက အေးစိမ့်သောလေကို အဝရှူလိုက်ပြီး သက်ပြင်းချလိုက်သည်။



"ကဲ ... ညီမလေးတို့နှစ်ယောက်လုံးကို နှုတ်ဆက်ပါတယ်၊ မမကို သွားခွင့်ပြုပါ"

လီမုန်ကျင်းက ...

"ခင်ဗျား ... ဘယ်သွားမလို့လဲ"

ရိလန်က ပြုံးလိုက်သည်။ သူမ၏အပြုံးသည် မချိပြုံးဖြစ်သည်ကို လီမုန်ကျင်း ခံစားနားလည်မိလေသည်။

"ကျွန်မဘဝဟာ အေးချမ်းသာယာတဲ့ သာသနာ့ဘောင်နဲ့ သင့်တော်လို့ အဲဒီကို သွားမလို့ပါ"

သူမက စကားဆုံးသွားသည်နှင့် ချာခနဲလှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားသည်။ မုယ့်ပွာနှင့်လီမုန်ကျင်းတို့သည် သူမ ပျောက်သွားသည်အထိ ကြည့်နေ၏။ ထိုအချိန်တွင် သမားတော်ကြီး မုယုံ၏အသံ ထွက်ပေါ်လာသည်။

"ပြန်ကြစို့လား သမီးလေး"

မုယ့်ပွာနှင့်လီမုန်ကျင်းတို့သည် လက်ချင်းယှက်ကာ သမားတော်ကြီးမုယုံထံသို့ တစ်လှမ်းချင်း လှမ်းသွားသည်။ နေလုံးကြီးသည် မိုးကုတ်စက်ဝိုင်းမှ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ကောင်းကင်၏ရောင်ခြည်သည် ကမ္ဘာမြေတစ်ခုလုံးအား ဖြန့်ကြက်ထားရာ အလွန်သာယာလှပသော သဘာဝပန်းချီကားချပ်တစ်ခုပမာ ရှုမဆုံးနိုင်အောင် ရှိနေတော့၏။

ဝဏ္ဏအောင်

www.burmeseclassic.com